မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၇)၊ အမှတ်(၀၁၅)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပေါ် ခရိုင်လုံးကျွတ်ပြည်သူလူထုကြိုဆိုထောက်ခံပွဲ တောင်ငူ၌ကျင်းပ



ကျော်လှ၊ သူရ(တောင်ငူ)

**တောင်ငူ အောက်တိုဘာ ၁၄**

လူထုခေါင်းဆောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပေါ် ထောက်ခံကြိုဆိုသည့်အနေဖြင့် ခရိုင်လုံးကျွတ် ပြည်သူလူထု ကြိုဆိုထောက်ခံပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါထောက်ခံကြိုဆိုပွဲတွင် ခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူးနှင့် ကျောက်ကြီးခြောက်မြို့နယ်တို့မှ ပြည်သူအင်အား တစ်သောင်းကျော်တို့သည် စုရပ်ဖြစ်သည့် တောင်ငူမြို့ မိုင်ဒါကွင်းမှ စတင်ကာ မြို့တွင်းသို့ မြို့နယ်အလိုက် ရန်ကုန်-မန္တလေးကားလမ်း၊ ကန်လမ်း၊ ကုန်သည်လမ်း၊ ဗိုလ်မှူးဖိုးကွန်းလမ်းမှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းအတိုင်း လမ်းလျှောက်ကြပြီး ပြန်ဆင်းကာ ဖျော်ဖြေရေးစင်ရှေ့၌ အဆုံးသတ်ကြသည်။

လမ်းတစ်လျှောက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုထောက်ခံပွဲကို ခရိုင်အတွင်းရှိ ခြောက်မြို့နယ်တို့မှ မြို့မိမြို့ဖများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ▲

**မွန်ပြည်နယ် တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား ကျင်းပ**

စာမျက်နှာ - ၃

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယခုလအတွင်း အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်မြို့ရှိ သမိုင်းဝင်အထင်ကရအဆောက်အအုံများကို အများပြည်သူ ပိုမိုသိရှိနားလည်ပြီး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ယခုလတွင် ၁၉ ခုမြောက် အပြာရောင်ကမ္ပည်းပြားများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

"ရန်ကုန်မြို့မှာ သွားလာနေထိုင်ကြပေမယ့် တော်တော်များများက သမိုင်းဝင်အဆောက်အအုံတွေရဲ့သမိုင်းကြောင်းနဲ့ အရေးပါပုံတွေကို မသိကြဘူး။ အပြာရောင်ကမ္ပည်းတပ်လိုက်တဲ့အတွက် သူတို့တွေသိလာမယ်။ ကမ္ဘာလှည့်ခရီးသွားတွေ ရန်ကုန်မြို့က သမိုင်းဝင်အဆောက်အအုံ အများကြီးရှိတဲ့ မြို့ပါလားဆိုပြီးတော့ သိလာပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ✷





မြန်မာ့အလင်း

# နောက်ဆုံးတစ်နေ့တွင် အမှန်တရားသည်သာ...

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရေမြေချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။ အိမ်နီးချင်းများနိုင်ငံများဖြစ်သည့် အားလျော်စွာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးအရ ကူးလူးဆက်ဆံကြ၊ အောင်မြင်ဖြစ်ထွန်းမှုနှင့် တိုးတက်ဖွံ့ဖြိုးရေးအခွင့်အလမ်းများကို ရှာဖွေလုပ်ကိုင်ကြရင်း နှစ်ဦးနှစ်ဖက် အကျိုးစီးပွားရရှိကြသည်များရှိသကဲ့သို့ တစ်နိုင်ငံ၏ ပြဿနာများနှင့် အခက်အခဲ အကျပ်အတည်းများကို အခြားတစ်နိုင်ငံက ခွဲဝေခံစား ကူညီရ တစ်နည်းအားဖြင့် တစ်ဖက်အိမ်၏ အပူဒဏ်ကို တစ်ဖက်အိမ်က လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ ခံယူရသည်များလည်း ရှိပါသည်။

ထို့နောက် နယ်မြေထိစပ်နေကြတာဖြစ်သည့်အတွက် ကူးလူးဆက်ဆံမှုများကလည်း ရှိနေကြသည်ဖြစ်၏။ ကူးလူးဆက်ဆံမှုများက ဥဒဟိုဖြစ်လာသည့်အခါ တစ်နိုင်ငံ၏ ဥပဒေနှင့် အခြားတစ်နိုင်ငံ ဥပဒေတို့၏ မတူညီမှုကြားက လစ်လပ်မှုများကို အကြောင်းပြု၍ နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်မှု၊ ရာဇဝတ်မှုများက တိမ်းရှောင်အခွင့်အရေးယူမှု စသည်တို့ကလည်း ပါဝင်လာပါသည်။

နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သော အမေရိကန်နှင့် မက္ကဆီကို နယ်စပ်ကနာမည်ကျော် ရာဇဝတ်မှုများ၊ ရာဇဝတ်မှု တိမ်းရှောင်မှုများက အလွန်ထင်ရှား လူသိများသည့် ဥပမာများ ဖြစ်ပါ၏။

နိုင်ငံချင်းက အလွန်ပင်နီးကပ်နေသည့်အခါ လူမျိုးစုများ နှစ်နိုင်ငံစလုံးတွင် နေထိုင်နေကြသည်ဆိုသည်ကလည်း ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ဟု ဆိုရပါမည်။

အိမ်နီးချင်းနိုင်ငံတို့အကြား ကူးလူးဝင်ရောက်ခြင်းများက မည်သို့ပင်အမြစ်တွယ် ကျယ်ပြန့်မှုများ ရှိသော်လည်း နိုင်ငံတစ်ခုချင်းစီ၏ အချုပ်အခြာအာဏာနှင့် ဥပဒေကို မလေးမစားလုပ်လို့မရ။ ဤသည်က ကမ္ဘာပေါ်က နိုင်ငံများအားလုံးအတွက် အခြေခံမှု တစ်ခုပဲဖြစ်ပါသည်။

ဒါက ဖြစ်ရိုးဖြစ်စဉ်ဟုပင် ဆိုရမည့် ပကတိတရား။

သို့မဟုတ် ယနေ့ဖြစ်ပေါ်နေသော မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားရှိ နောက်ခံကားချပ်။

ဤနေရာတွင် လူ့အခွင့်အရေးဆိုသည့် ခေါင်းစဉ်ဖြင့် ပြဿနာတစ်ခု ပေါ်ပေါက်လာသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အိမ်နီးချင်း နှစ်နိုင်ငံအကြား စတင်ဖြစ်ပွားသည့် ပြဿနာက အောက်တိုဘာ ၂၀၁၆ မှာ ရခိုင်ပြည်နယ်အတွင်းမှ ရဲစခန်းများအတိုက်အခိုက်ခံရမှု ဖြစ်ပါသည်။ ယခုနှစ် ဩဂုတ်လတွင် ထပ်မံဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်တွင်းက အကြမ်းဖက်တိုက်ခိုက်မှုများအကြောင်း နိုင်ငံတကာက အထူးတလည် ဂရုပြုစောင့်ကြည့်လာရာမှ မြန်မာနိုင်ငံကို ဝေဖန်ပြစ်တင်မှုများ စတင်ပေါ်ပေါက်လာခဲ့သည်။

ဆက်တိုက်ဆိုသလိုပင်၊ မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည်၊ လူမျိုးတုံး သတ်ဖြတ်မှုများရှိသည်ဟူသော ပြင်းထန်ရဲတင်းလွန်းသည့် စွပ်စွဲချက်များက ကမ္ဘာ့မီဒီယာကြီးများမှ တစ်ဆင့် နိုင်ငံတကာမျက်နှာစာပေါ်သို့ ချင်းနင်းဝင်ရောက်လာသည်။

၎င်းတို့ ပြင်းပြင်းထန်ထန်စွပ်စွဲပြောဆိုနေသည့် အစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုကို နှစ်ပေါင်းများစွာကိုယ်တိုင် မသေရုံတစ်မည် ခံစားခဲ့ရပြီး ပြည်သူ့အင်အားဖြင့် အာဏာရရှိလာခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့အစိုးရသည် ဒီမိုကရေစီကျင့်ဝတ်ကို မြဲမြံလိုသော၊ အခြားသောသူတို့၏ အခွင့်အရေးကို မိမိအသက်ကိုပေးကာ ကာကွယ်ခဲ့ကြသော၊ မိမိတို့ကို ဘဝနှင့်ချီကာနစ်နာအောင် နှိပ်စက်ကလူ ပြုခဲ့သူများကိုပင် ခွင့်လွှတ်ကာ မေတ္တာစိတ်ဖြင့် အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ပြေလည်လိုသူများဖြစ်ပါသည်။

ပြီးတော့၊ သည်အစိုးရက ပြည်သူလူထုကို အမှန်တကယ်ယုံကြည်အားကိုးသော အစိုးရ/ ပြည်သူအများစု၏ အားကိုးချစ်ခင်မှု၊ ထောက်ခံအားပေးမှုကို အမှန်တကယ်ရရှိထားသောအစိုးရ ဖြစ်ပါသည်။

ယခုလည်း မိမိတို့၏ ဂုဏ်သိက္ခာကို ပျက်ယွင်းညှိုးနွမ်းအောင် မဟုတ်မမှန်အားထုတ်နေသူများကို လက်တုံ့ပြန်မနေဘဲ ပြည်သူအများစုအတွက်၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့အတွက်၊ အမှန်တရားအတွက် ရင်ကော့ခေါင်းမော့ကာ ရင်ဆိုင်နေကြတာ ဖြစ်ပါသည်။

အမှန်တရားဆိုသည်က ဖုံးကွယ်ထားလို့ရသည့်အရာမဟုတ်ပါ။ လက်နက်အင်အား၊ ငွေကြေးအင်အားကြီးမားမှုနှင့် လွှမ်းမိုးကာ အမှန်တရားကို မျက်ကွယ်ပြုလိုသည့် နိုင်ငံကြီးများအတွက် အမည်းကွက်ကြီး တစ်ခု စွန်းထင်းခဲ့ရပြီဟု ယူဆမိသည်။

အမှန်တရားဘက်တော်သားတို့ အောင်စေသတည်း။ ။

# ချင်းပြည်နယ်၌ စီးပွားရေးသင်တန်းကျောင်း သင်တန်းအပတ်စဉ် (၃) မကြာမီ ဖွင့်လှစ်မည်

**တီးတိန် အောက်တိုဘာ ၁၄**

ချင်းပြည်နယ်အစိုးရအဖွဲ့ ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း (Chin State Business Institute-CSBI) နှင့် Strategy First Institute တို့ ပူးပေါင်း၍ ချင်းပြည်နယ် စီးပွားရေးသင်တန်းကျောင်း အပတ်စဉ် (၃) ကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ တီးတိန်မြို့စကော့လမ်းရပ်ကွက်ရှိ တိမောတေကျမ်းစာကျောင်း (Timothy Bible College) တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကို ချင်းပြည်နယ်အတွင်းနေထိုင်သူ မည်သူမဆို (အထူးသဖြင့် ဖလမ်းခရိုင်အတွင်းရှိ တီးတိန်နှင့် တွန်းဇံမြို့နယ်များ၌ နေထိုင်သူများ) တက်ရောက်နိုင်ရန် ဖိတ်ခေါ်ထားရာ သင်တန်းတက်ရောက်လိုသူများ အနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတို့တွင် လျှောက်လွှာများရယူနိုင်ကြောင်း သိရသည်။

ယခုအခါ ချင်းပြည်နယ်တွင် စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာများ ဆက်လက်ပြန့်ပွားနိုင်စေရေး ဒေသခံဆရာများနှင့် ဦးဆောင်နိုင်သူများ မွေးထုတ်ပေးနိုင်ရန် Strategy First Institute မှ စီစဉ်လျက်ရှိကြောင်း၊ ယင်းအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ပြည်နယ်စီးပွားရေးသင်တန်းကျောင်း (CSBI) နှင့် Strategy First Institute တို့ ပူးပေါင်း၍ Strategy First Institute မှ ပြည်နယ်အတွင်း ပြည်သူများအတွက် ဘွဲ့ကြိုနှင့် မဟာဘွဲ့သင်တန်းများအတွက် စုစုပေါင်း ငွေကျပ် ၉၄၅ သိန်းတန်ဖိုးရှိ အလုပ်နှင့် ပညာသင်ဆုများကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အလုပ်နှင့် ပညာသင်ဆုရရှိသူများကို Strategy First Institute မှ ဖွင့်လှစ်လျက်ရှိသော Stamford International University (Thailand) ၏ ဒေါ်လာ ၁၀၀၀၀ တန် Signature MBA Program တက်ရောက်ရန် အလုပ်သင်ပညာသင်ဆု (Work-Study Scholarship) သုံးဆုနှင့် Oxford Brookes တက္ကသိုလ်မှ BA(Hons) Business and Management အလုပ်သင်ပညာသင်ဆု (Work-Study Scholarship) သုံးဆုကို ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း ချင်းပြည်နယ်စီးပွားရေးသင်တန်းကျောင်း စီမံခန့်ခွဲရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**နေစု (ချင်းရိုးမ)**

ထင်သာမြင်သာ ပြုပြင်စရာ

# ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာ၌ စက်ရေတွင်းနှင့် ရေစုပ်ပန့် ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာ၌ JICA အစီအစဉ်နှင့် ၂၀၁၄ ခုနှစ်က စက်ရေတွင်းတစ်တွင်း တူးဖော်ပေးခဲ့သည်။

အဆိုပါ တူးဖော်ပေးခဲ့သော စက်ရေတွင်းနှင့် လူထုဗဟိုပြုစီမံကိန်းအစီအစဉ်ဖြင့် အိမ်တိုင်ရာရောက် ပိုက်လိုင်းသွယ်တန်းယူခဲ့ရာ ယခုအခါ မြေအောက်ရေစုပ်ပန့်ပျက်စီးနေသည့်အတွက် ကျေးရွာအတွင်း သောက်သုံးရေမရရှိတော့ကြောင်း၊ ထို့ကြောင့် ရေစုပ်ပန့်ပျက်စီးမှုကို ပြုပြင်ပေးရန် ကျေးရွာပြည်သူလူထုမှ လိုလားနေကြောင်း သိရသည်။

စက်ရေတွင်းမှရေကို လူဦးရေ ၁၃၀၀ ကျော်နှင့် ဆိတ်အကောင်ရေ ၁၀၀ ကျော်၊ နွားအကောင်ရေ ၇၀၀ ခန့်တို့ မှီခိုသောက်သုံးနေရသည်။ ယခုရက်ပိုင်းတွင် မိုးရွာသွန်းသည့်အတွက် ကျေးရွာသောက်သုံးရေကန်ကြီးတွင် ရေအနည်းငယ်ဝင်ရောက်မှုဖြင့် သောက်သုံးနေရပြီး စက်ရေတွင်းရေစုပ်ပန့်မကောင်းသေး၍ ပွင့်လင်းရာသီ၌ သောက်သုံးရေရှားပါးနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

**ကျော်ငွေး (ညောင်ဦး)**

# နေပြည်တော်ရှိ တိုင်းရင်းဆေးရုံကြီးမှ ကွင်းဆင်းကုသ



**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်) မှ ကွင်းဆင်း၍ အခမဲ့ဆေးကုသခြင်းကို အောက်တိုဘာ ၁၄ ရက်က ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်) မှ အကြီးတန်းတိုင်းရင်းဆေးမှူး ဒေါ်စိုးစိုးမွန်က ဒေသခံများကို အကြော၊ အရိုး၊ အဆစ်၊ လေငန်း၊ မီးယပ်၊ ကလေးသူငယ်နာနှင့် အနာပေါက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်တို့ကို ရှင်းလင်းပြောကြားပြီး အောင်သုခကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ကြီးနှင့် အုပ်ချုပ်ရေးဝန်ထမ်းများက လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးကာ ဒေသခံများအား အခမဲ့စမ်းသပ်ကုသပြီး ဆေးဝါးများပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ ·၃ |

မြန်မာ့အလင်း

၁၂၃၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မွန်ပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနား ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၁၄

**မွန်ပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ပြည်နယ်တရားလွှတ်တော်လမ်း(မွန်ပြည်နယ်)ရှိ အဆိုပါ အဆောက်အအုံတည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။**

အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်တရားသူကြီးချုပ်၊ မွန်ပြည်နယ်စည်ပင်/ဆောက်လုပ်ရေးဝန်ကြီးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်တို့က ပန္နက်တော်တင် တွင်းတော်ဝန်းပေးကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး က ပန္နက်တော်တင် တွင်းတော်ဝန်းအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသည် အလျား ပေ ၂၄၀၊ အနံ ပေ ၂၄၀ ရှိ RC သုံးထပ် အဆောက်အအုံ ဖြစ်ပြီး ငါးဧက ကျယ်ဝန်းသော မြေပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) အဆောက်အအုံအထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မွန်ပြည်နယ်တရားလွှတ်တော်ရုံး ပန္နက်တော်တင်အခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

▲ ***ရှေ့ဖုံးမှ***

အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဦးဆောင်ကာ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံတို့မှ ပြည်သူများသည် ရိုးရာဝတ်စုံများ ဝတ်ဆင်ကြလျက် ရှမ်းအိုးစည်၊ ပအိုဝ်းအိုးစည်၊ ဗမာအိုးစည်ဝိုင်းများနှင့် အဆိုအကများဖြင့် ပြည်သူလူထု၏ လူထုခေါင်းဆောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသည့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် တစ်ခဲနက် ကြိုဆိုထောက်ခံခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ စီတန်းလမ်းလျှောက်ကြိုဆိုထောက်ခံကြသူများကို တောင်ငူမြို့ခံ အလှူရှင်များနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားများက ရေသန့်ဘူးများ၊ အစားအသောက်များ ဝေငှလှူဒါန်းခဲ့ကြသည်။

ထောက်ခံပွဲတွင် ပြည်သူများနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ ပါဝင်ကြပြီး ပြည်ပဖိအားများဝင်နေသည့်အချိန်တွင် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ တစ်သဘောထားတည်းရှိနေသည်ကို နိုင်ငံတကာကသိရန် ပြုလုပ်ရခြင်းဖြစ်ကြောင်း စီစဉ်သူတစ်ဦးက ပြောကြားသည်။ အဆိုပါ ထောက်ခံပွဲလာရောက်ကြသူများကို ဖျော်ဖြေရေးမဏ္ဍပ်၌ မြို့နယ်ဂီတအစည်းအရုံးနှင့် သဘင်အစည်းအရုံးတို့က ဂုဏ်ပြုထောက်ခံသော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။




✷ ***ရှေ့ဖုံးမှ***

ရန်ကုန်မြို့ကို ကမ္ဘာကပါ သိလာမှာပါ'' ဟု ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ စီမံကိန်းမန်နေဂျာ ကိုသူရိန်အောင်က ပြောသည်။

ရန်ကုန်မြို့၌ ရှေးဟောင်းအမွေအနှစ် ၆၀၀၀ ခန့်ရှိပြီး လက်ရှိအချိန်အထိ စာရင်းကောက်ယူနေဆဲဖြစ်ကြောင်း သိရသည်။

''ရန်ကုန်တစ်မြို့လုံးမှာ အမွေအနှစ်အဆောက်အအုံ ခြောက်ထောင်လောက်ရှိမယ်လို့ ခန့်မှန်းထားတယ်။ မြို့လယ်ကောင်မှာ တော်တော်များများ စုဝေးရှိကြတယ်။ အမွေအနှစ်အဆောက်အအုံလို့ပြောတဲ့အခါ သမိုင်းဝင်အထင်ကရဖြစ်သလို လူနေအိမ်တွေလည်းပါတယ်။ ရှေးဟောင်းတိုင်း မတပ်ပါဘူး။ သမိုင်းဝင်အထင်ကရအဆောက်အအုံတွေကိုပဲ တပ်တာပါ။ ကမ္ပည်းပြား ၁၀၀ ကနေ ၂၀၀ အထိ တပ်ဖို့မှန်းထားတယ်''ဟု ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တပ်ဆင်မည့် ကမ္ပည်းပြားတွင် ဆေးရုံ၏တည်ဆောက်ခဲ့သည့် ခုနှစ်နှင့် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ သမိုင်းဝင်စာသားများ ရေးထိုးထားမည်ဖြစ်ကြောင်း သိရသည်။

ယခုတပ်ဆင်သည့် ကမ္ပည်းပြားများကို ဩစတြီးယားနိုင်ငံမှ မှာယူခြင်းဖြစ်ပြီး ကမ္ပည်းပြားများမှာ မိုးဒဏ်လေဒဏ်ခံနိုင်ကြောင်း ထိုကဲ့သို့ ကမ္ပည်းပြားများ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ပါက တစ်နိုင်ငံလုံးရှိ သမိုင်းဝင်အထင်ကရ အဆောက်အအုံများကို တပ်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း ကိုသူရိန်အောင်က ပြောကြားသည်။

## ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ အသိပေးမိတ်ဆက်

**မော်လမြိုင် အောက်တိုဘာ ၁၄**

မွန်ပြည်နယ်၏ လက်ရှိဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈ အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ Citizen's Budget စာစောင်မိတ်ဆက်အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒရည်မှန်းချက်များ အောင်မြင်စေရန်၊ ထိရောက်ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖြစ်စေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှုမှတ်တိုင်အဖြစ် လက်ရှိဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင်ကို ထုတ်ဝေရခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

စာစောင်ထဲတွင် ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ၊ လက်ရှိဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေများ၊ လက်ရှိဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ စာရင်းများနှင့် အခွန်အကောက်ရငွေလျာထားချက်များ၊ ပြည်ထောင်စုမှ မွန်ပြည်နယ်သို့ ဘဏ္ဍာရေးနှစ်အလိုက်ခွဲဝေပေးသည့် အခွန်ဝေစုများနှင့် ထောက်ပံ့ငွေများ၊ ဘဏ္ဍာရေးနှစ် စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ပြည်နယ်အဆင့်အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်းများ စသည်တို့ကို ဖော်ပြထားသည်။

ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရက ပြည်သူများ သိရှိစေရန် ထုတ်ပြန်ရမည့် စာစောင် ရှစ်စောင်အနက် တစ်စောင်အပါအဝင်ဖြစ်ပြီး မွန်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် အများပြည်သူလေ့လာသိရှိနိုင်ရန်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု အခြေအနေကို ပထမဆုံးအကြိမ် ထုတ်ပြန်ခြင်းဖြစ်ရာ ပြည်သူများအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်ခွဲဝေလျာထားမှု၊ စီမံခန့်ခွဲမှုများကို ပွင့်လင်းမြင်သာစွာသိရှိစေမည်ဖြစ်သည်။

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက အဆိုပါ စာစောင် ထွက်ပေါ်လာခြင်းသည် ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပြည်သူကို ကိုယ်စားပြုသော ပြည်သူ့အစိုးရ၏ တာဝန်ကျေပွန်မှုတစ်ခုဖြစ်ပြီး ပြည်သူလူထုအပေါ် ပွင့်လင်းမြင်သာစွာချပြသည့် ပွဲဖြစ်ပါကြောင်း၊ နောက်နှစ်များတွင်လည်း ပြည်သူအများသို့ စိမ့်ဝင်ပျံ့နှံ့မှုရှိအောင် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ပါစေကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

လူဦးရေ နှစ်သန်းကျော်ရှိသော မွန်ပြည်နယ်၏ စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေမှာ ၈၆ ဒသမ ၃၂၇ ဘီလီယံ၊ ပြည်နယ်၏ စုစုပေါင်းရငွေခန့်မှန်းခြေမှာ ၁၄ ဒသမ ၄၄၀ ဘီလီယံနှင့် ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းပေးခြင်း ၇၁ ဒသမ ၈၈၇ ဘီလီယံဖြစ်ကြောင်း အဆိုပါ စာစောင်တွင် ဖော်ပြထားသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

## အသိပေးကြေညာချက်

၁။ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-I) ၌ ကျင်းပမည်ဖြစ်သည်။

၂။ အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် 13th ASEM Foreign Ministers' Meeting (ASEM FMM 13) နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်မှတ်ပုံတင်ခြင်းကို နိုဝင်ဘာ ၇ ရက် ညနေ ၄ နာရီအထိ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၌ ထုတ်ပေးသွားမည်ဖြစ်သည်။

၃။ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၈၇၊ ၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆၊ ၀၉-၄၂၀၇၂၃၂၄၄၊ ၀၉-၅၀၅၅၀၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**မှတ်သားဖွယ်ရာ မိုးရေချိန်**

**နေပြည်တော် အောက်တိုဘာ ၁၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက်မရောမြို့၌ ၃ ဒသမ ၄၂လက်မ၊ မိုးကုတ်မြို့၌ ၂ ဒသမ ၂၅ လက်မ၊ ကော့သောင်းမြို့၌ ၂ ဒသမ ၂၁ လက်မ၊ ရန်ကုန်(မြို့လယ်)၌ ၁ ဒသမ ၈၈ လက်မ၊ ခန္တီးမြို့၌ ၁ ဒသမ ၈၁ လက်မ၊ ချောင်းဆုံမြို့၌ ၁ ဒသမ ၅၄ လက်မ၊ ကျိုက္ခမီမြို့၌ ၁ ဒသမ ၄၂ လက်မ၊ မိုးကောင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့၌ ၁ ဒသမ ၃၈ လက်မစီတို့ဖြစ်ကြသည်။ (မိုး/ဇလ)

# ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပစ္စည်းများ ထောက်ပံ့ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် အာဆီယံ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန (AHA Centre) မှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Adelina Kanal က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဤထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသည် အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု၊ ခိုင်မြဲသောလက်တွဲမှုနှင့် ညီညွတ်ပေါင်းစည်းမှုကို ပြသခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ဒုက္ခခံစားရသောပြည်သူများ မျှတစွာခံစားရရှိစေရန် ကြက်ခြေနီလှုပ်ရှားမှုကို စက်တင်ဘာလ ပထမပတ်တွင် စတင်ခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများသည် မိသားစုတစ်ခုဖြစ်သည်ဟုယူဆ၍ သွေးသားရင်းချာနိုင်ငံများကဲ့သို့ မည်သည့်အဖွဲ့ဝင်နိုင်ငံ၏ အခက်အခဲကိုမဆို တစ်သားတည်းရပ်တည်ကာ စုပေါင်းဖြေရှင်းကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ လာရောက်ကူညီထောက်ပံ့ခြင်းသည်လည်း ယင်းအချက်ကို သက်သေပြရာရောက်ကြောင်း။




ယနေ့ကူညီထောက်ပံ့သော လူသားချင်းစာနာကူညီမှုဆိုင်ရာအကူအညီပစ္စည်းများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ လေးသိန်းကျော် တန်ဖိုးရှိကြောင်း၊ ယခုအထောက်အပံ့ အစီအစဉ်တွင် ပါဝင်သော Japan ASEAN Integration Fund (JAIF) အတွက် ဂျပန်အစိုးရကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဤအကူအညီများကို ရခိုင်ပြည်နယ်ရှိ ဒုက္ခခံစားနေရသူများထံ ခွဲခြားမှုမရှိဘဲ ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် ဤအကူအညီ ထောက်ပံ့မှုသည် အာဆီယံမိသားစုဝင် နိုင်ငံအားလုံး၏ ညီညွတ်မှုနှင့် မိတ်ဆွေကောင်း ပီသမှုပေါ်လွင်ပြီး အရေးပေါ်အခြေအနေတွင် အာဆီယံ၏ ONE ASEAN ONE RESPONSE စိတ်ဓာတ်ကို ဖော်ပြခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့အခမ်းအနားတွင် AHA Centre က လှူဒါန်းသော လူသားချင်းစာနာကူညီမှု အထောက်အပံ့ပစ္စည်းများမှာ မိသားစုသုံး ရွက်ဖျင်တဲ အလုံး ၅၀၀၊ မိသားစုသုံးပစ္စည်းစုံ ဖာ ၁၂၀၀၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းစုံ ဖာ ၆၀၀၀၊ မီးဖိုချောင်သုံးပစ္စည်းစုံ ဖာ ၁၂၀၀၊ မီးစက်(16KVA) နှစ်လုံး၊ လျှပ်စစ်ဖြန့်ဖြူးရေးပစ္စည်းအစုံ တစ်စုံ၊ မီးစက် (5KVA) (ဆက်စပ်ပစ္စည်း) နှစ်လုံးတို့ ဖြစ်သည်။

လှူဒါန်းပွဲ အခမ်းအနားသို့ စင်ကာပူ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ လာအိုနှင့် ဗြိတိန်နိုင်ငံများမှ သံအမတ်ကြီးများ၊ ထိုင်း၊ ဂျပန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဥရောပသမဂ္ဂနိုင်ငံ သံရုံးများမှ ကိုယ်စားလှယ်များ၊ AHA Centre မှ အမှုဆောင်ဒါရိုက်တာနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အလှူငွေများလာရောက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဒုက္ခခံစားနေကြရသည့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ဒေါက်တာကောင်းမြတ် ကွယ်လွန်ခြင်း ခြောက်နှစ်ပြည့်အဖြစ် လှူဒါန်းငွေကျပ် သိန်း ၂၀ ကို လည်းကောင်း၊ Future Green ပရဟိတလူငယ်များအသင်းက လှူဒါန်းငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(ရန်ကုန်ရုံးခွဲ) ၌ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ဓာတ်ပုံ)**

အောက်တိုဘာ ၁၃ ရက်ကလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့နေ ဦးဝင်းမြင့်- ဒေါ်ဌေးဌေးအေး သားသမီး မြေးမြစ်တစ်စု၏ ထောက်ပံ့ကူညီမှု ငွေကျပ် ငါးသိန်းကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်းဦးစီးဌာနမှ နေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံလျက်ရှိသည့် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များမှ နေရပ် စွန့်ခွာတိုင်းရင်းသားများအတွက် ထောက်ပံ့ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကူညီထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ စစ်တွေမြို့ ဧည့ဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းနှင့် ကျောင်းတက်လမ်းရှိ ဟိန္ဒူဘုရားကျောင်း ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ထောက်ပံ့ငွေများ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် စစ်တွေမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တခိုလှုံလျက်ရှိသည့် အသက် ၆၀ နှစ်နှင့်အထက် ဘိုးဘွားလေးဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ရှစ်သောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူ သုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ခြောက်သောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအတွက် ငွေကျပ် နှစ်သောင်း၊ နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးအတွက် ငွေကျပ် တစ်သောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုခံယူနေသော လူနာလေးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငွေကျပ် နှစ်သိန်း၊ ထိခိုက်ဒဏ်ရာရ လူနာတစ်ဦးအတွက် ငွေကျပ် တစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် နေရပ်စွန့်ခွာတိုင်းရင်းသားကလေးငယ်များအတွက် ကစားစရာများ ထောက်ပံ့ပေးအပ်သည့်အပြင် စိတ်ပိုင်းဆိုင်ရာ လူမှုပံ့ပိုးကူညီပေးခြင်းနှင့် ကလေးပျော်နေရာများ ဖန်တီးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# မောင်တောဒေသအတွင်း တစ်ရွာလုံးမီးရှို့ခံရသည့် ခုံတိုင်ရွာတွင် နေအိမ် ၄၇ လုံး မကြာမီကာလအတွင်း တည်ဆောက်ပေးသွားမည်

**မောင်တော အောက်တိုဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မောင်တောဒေသအတွင်း တိုင်းရင်းသားများ နေထိုင်နိုင်ရန် အိမ်ရာများ တည်ဆောက်ပေးလျက် ရှိသည့်အပြင် ထပ်မံတည်ဆောက်ပေးသွားမည့် အစီအစဉ်များရှိကြောင်း သိရသည်။

"လောလောဆယ်ကတော့ ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်မှာ ကျေးရွာတစ်ရွာလုံး မီးရှို့ခံလိုက်ရတဲ့ ခုံတိုင်ကျေးရွာကို မူလနေရာမဟုတ်ဘဲ လုံခြုံစိတ်ချမှုရှိမယ့်နေရာမှာ နေအိမ် ၄၇ လုံးကို မကြာခင် တည်ဆောက်ပေးသွားပါမယ်။ အောက်တိုဘာ ၁၆ ရက်မှာ ပန္နက်ရိုက်တော့မှာ ဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ ဆက်လက်ဆောက်လုပ်ပေးမယ့် အိမ်ရာတွေကတော့ နန်းရာကိုင်းကျေးရွာမှာ အလုံး ၅၀၊ ဘူးသီးတောင်မြို့နယ် ဇီးတုံကျေးရွာမှာ အလုံး ၅၀ ခွင့်ပြုချက်ရရှိထားပြီး မြေနေရာလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်"ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ကြီးကြပ်ရေးမှူး ဦးခင်မောင်ထွေးက ပြောကြားသည်။


ကျောက်ပန္နူကျေးရွာတွင် တည်ဆောက်လျက်ရှိသော
အိမ်ရာများအား တွေ့ရစဉ်

လက်ရှိတွင် ကျောက်ပန္နူကျေးရွာ၌ နေအိမ်အလုံး ၁၀၀ မှာ တည်ဆောက်ဆဲဖြစ်ပြီး တည်ဆောက်ပြီးခဲ့သည့် အိမ်ရာများမှာ မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာတွင် ၃၆ လုံး၊ ရွှေဇဟိုလ်ကျေးရွာတွင် အလုံး ၅၀၊ တောင်ပြိုလက်ဝဲမြို့တွင် ၇၄ လုံး၊ အထက်ပြူးမကျေးရွာတွင် အလုံး ၃၀၊ သရေကုန်းဘောင်ကျေးရွာတွင် ၁၂ လုံး၊ သုခမြိုင်ကျေးရွာတွင် ၃၅ လုံး၊ နန်းရာကိုင်းကျေးရွာတွင် အလုံး ၅၀၊ မြို့သစ်ကျေးရွာတွင် ၂၅ လုံး၊ လောင်းဒုံကျေးရွာတွင် အလုံး ၄၀၊ အောင်သာယာကျေးရွာတွင် ၄၃ လုံး၊ အောင်မင်္ဂလာကျေးရွာတွင် လေးလုံး၊ ဂေါ်ရခါးကျေးရွာတွင် ငါးလုံး အပါအဝင် စုစုပေါင်း ၅၀၄ လုံး တည်ဆောက်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားများကို နေရာချထားပေးနိုင်ခဲ့ကြောင်း သိရသည်။

"နတလစံပြကျေးရွာတွေ ထူထောင်ပေးခဲ့တဲ့အပြင် လူနေအိမ်တွေကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆောက်လုပ်ပေးခဲ့ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အစိုးရက လယ်ယာမြေ နှစ်ကေစီ ခွဲဝေပေးပြီး စားဝတ်နေရေး အဆင်ပြေစေဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဘူးသီးတောင်မြို့နယ်မှာတော့ စုစုပေါင်း အိမ်အလုံး ၆၀ ဆောက်လုပ်ပေးခဲ့ပါတယ်။ ရသေ့တောင်မြို့နယ်မှာတော့ စုစုပေါင်း ၁၀၉ လုံး တည်ဆောက်ပေးခဲ့ပါတယ်" ဟု ဦးခင်မောင်ထွေးက ဆက်လက်ပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တွင် ၁၉၉၀-၉၁ ခုနှစ်မှ စတင်၍ နတလစံပြကျေးရွာများ ထူထောင်ပေးခဲ့ရာ မောင်တောမြို့နယ်တွင် ၂၈ ရွာ၊ ဘူးသီးတောင်မြို့နယ်တွင် ကိုးရွာနှင့် ရသေ့တောင်မြို့နယ်တွင် နှစ်ရွာ စုစုပေါင်း ၃၉ ရွာ တည်ထောင်ပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

# ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက Arria-Formula အစည်းအဝေးကျင်းပ

## မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်ပြီး ရေတို၊ရေရှည် အစီအမံများချမှတ်ဆောင်ရွက်နေကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း တက်ရောက်ရှင်းလင်းပြောကြား

**နယူးယောက် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်တွင် လက်ရှိ လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ ပူးပေါင်း၍ Arria-Formula အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ပူးတွဲကျင်းပသည့် နိုင်ငံများ၏ ဖိတ်ကြားချက်အရ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် ယခင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒေါက်တာကိုဖီအာနန် တက်ရောက်၍ ရခိုင်ပြည်နယ်အခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ အစည်းအဝေးတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများဖြစ်သည့် UNHCR, OHCHR, OCHA တို့မှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်သည့် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ ဒုက္ခသည်များ လက်ခံထားရမှုနှင့်သက်ဆိုင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အရှေ့တောင်အာရှဒေသတွင်းမှ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံ၊ အိုအိုင်စီနှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်များ တက်ရောက်၍ ပါဝင်ဆွေးနွေးပြောကြားကြသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏အထူးကိုယ်စားလှယ်၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း တက်ရောက်ခဲ့သည်။

ဦးသောင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေး ကော်မရှင်၏ အကြံပြုချက်များမှာ ကျယ်ပြန့်စွာ ဆွေးနွေးသုတေသန ပြုလုပ်မှုများမှ ရရှိလာသည့် အချက်များဖြစ်ပြီး ရခိုင်ဒေသရေရှည်ငြိမ်းချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင့်လျော်ဆုံးလမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း၊ ယနေ့ မစ္စတာကိုဖီအာနန်ရှင်းလင်းပြောကြားချက်များမှာ မိမိတို့ အကြိမ်ကြိမ်ကြားနေရသည့် ယထာဘူတကျမှု မရှိသည့် ပြောကြားချက်များနှင့် လွန်စွာကွာခြားပါကြောင်း၊ လက်ရှိတွင်လည်း မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားသူများအား ၎င်းတို့ဆန္ဒအရ ပြန်လာလိုပါက ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များပေးအပ်နိုင်ရေး၊ နေရပ်စွန့်ခွာထွက်ပြေးရသည့် အသိုက်အဝန်းအားလုံးမှ ထိခိုက်နစ်နာသူများအား ပြန်လည်နေရာချထားရေးနှင့် ရေရှည်လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ရန် ရေတို၊ရေရှည်အစီအမံများ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းသာမက နိုင်ငံတကာ အသိုက်အဝန်းနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

**(အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၏ မိန့်ခွန်း အပြည့်အစုံကို ကျောဖုံးတွင် ဖော်ပြထားသည်။)**

Arria-Formula ဆိုသည်မှာ ဗင်နီဇွဲလားနိုင်ငံသည် ၁၉၉၂-၁၉၉၃ ခုနှစ် သက်တမ်းအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သည့်အဖွဲ့ဝင်နိုင်ငံအဖြစ် အရွေးချယ်ခံရစဉ်က တာဝန်ထမ်းဆောင်ခဲ့သည့် သံအမတ်ကြီး Mr. Diego Arria မှ ၁၉၉၂ ခုနှစ်တွင် စတင်အကြံပြု ကျင့်သုံးခဲ့သည့် ကျင့်ထုံးသစ်တစ်ရပ်ဖြစ်သည်။ ယင်းသို့သော အစည်းအဝေးမှာ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်ရာ ဖိတ်ကြားခံရသည့်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအကြား ကိစ္စရပ်တစ်ခုအပေါ် လွတ်လပ်ပွင့်လင်းစွာဖြင့် သီးသန့်ဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ရေးအတွက် အလွတ်သဘော ကျင်းပပြုလုပ်သည့် ပုံစံတစ်ရပ်ဖြစ်သည်။ သတင်းမီဒီယာများ သတင်းယူခွင့် မပြုသည့်အပြင် မှတ်တမ်းပြုစုခြင်းလည်း မရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

---

❀ *ကျောဖုံးမှ*

ဒေါက်တာကိုဖီအာနန် ပြောကြားခဲ့သကဲ့သို့၊ ဒီစိန်ခေါ်မှုများဟာ နေ့ချင်းညချင်း ဖြေရှင်း၍မရနိုင်သကဲ့သို့ မြန်မာတစ်နိုင်ငံတည်းဖြင့်လည်း ဖြေရှင်း၍မရနိုင်ပါ။ နိုင်ငံတကာအသိုက်အဝန်း၏ နားလည်ပေးမှု၊ ပံ့ပိုးပေးမှုများဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် ပိုမိုအားကောင်းအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

အကြံပေးကော်မရှင်၏ အကြံပြုချက်များသည် ရခိုင်ပြည်နယ်တွင် ရေရှည်ငြိမ်းချမ်းရေး ရရှိရေးအတွက် အသင့်လျော်ဆုံး လမ်းပြမြေပုံတစ်ခုအဖြစ် မြန်မာနိုင်ငံအစိုးရအနေဖြင့် ခိုင်မာစွာယုံကြည်ပါတယ်။

မိမိတို့ အနေဖြင့် ကော်မရှင်၏ အစီရင်ခံစာကို လက်ခံကြိုဆိုခဲ့ပြီးဖြစ်ပါတယ်။

အကြံပြုချက်များကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ကြီးအဆင့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပြီး လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ကော်မတီကို လိုအပ်သောအကြံများ ပေးနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ ထင်ပေါ်ကျော်ကြားပြီး လေးစားရသူများ၊ ကျွမ်းကျင်သူများပါဝင်သည့် အကြံပေးဘုတ်အဖွဲ့ကို ဖွဲ့စည်းသွားရန် ရှိပါတယ်။ ပြည်ပမှ ကျွမ်းကျင်သူများ ထည့်သွင်းဖွဲ့စည်းခြင်းဖြင့် ရှေ့ဆက်သွားရမည့်နည်းလမ်းရှာဖွေရာမှာ အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါတယ်။

ရခိုင်ပြည်နယ်ကိစ္စကို အလေးထားဆောင်ရွက်နေသည့် တစ်ချိန်တည်း၊ နိုင်ငံတွင်း အခြားဒေသများတွင် မိမိတို့ရင်ဆိုင်နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစိန်ခေါ်မှုများကို ဖြေရှင်းရန် လိုအပ်သည်ကိုလည်း ကောင်းစွာသိရှိနားလည်ပါတယ်။

ဒီတာဝန်ဟာ လွန်စွာမှ ကြီးမားလှပါတယ်။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မိမိတို့အခြေအနေအပေါ် သဘောပေါက်နားလည်ပြီး၊ မိမိတို့၏ ဒီမိုကရေစီလုပ်ငန်းစဉ် တည်တံ့ခိုင်မြဲရေးအတွက် အားပေးထောက်ခံကြရန်လိုအပ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ဆက်ဆံရေးသည် အရေးကြီးသည်ဟု ခံယူထားပြီး ကုလသမဂ္ဂနှင့်ဆက်ဆံရေးကို ပိုမိုတိုးတက်အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားပါမယ်။ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲ့လ်မန်သည် ယခုအခါ မြန်မာနိုင်ငံသို့ သွားရောက်လျက်ရှိပါတယ်။ ၎င်းအနေဖြင့် ရခိုင်ပြည်နယ်သို့ သွားရောက်၍ မြေပြင်အခြေအနေများကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ရှုခွင့်ရရှိမှာဖြစ်ပါတယ်။ မိမိတို့အနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုလည်း မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားထားပါတယ်။ မကြာမီအချိန်အတွင်း မြန်မာနိုင်ငံသို့ လာရောက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါတယ်။

နိုင်ငံတကာ အသိုက်အဝန်း၏ တာဝန်ရှိသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် မိမိတို့ ကတိကဝတ်ပြုထားမှုများအားလုံးကို မပျက်မကွက် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ယမန်နေ့က ပြည်သူများသို့ ပြောကြားခဲ့သည့် တင်ပြချက်တွင်လည်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမည်ကို အတည်ပြုပြောကြားခဲ့ပါတယ်။

အစိုးရအနေဖြင့် ချက်ချင်းဆောင်ရွက်သွားမည့် အဓိကလုပ်ငန်းသုံးခုကို ချမှတ်ခဲ့ပါတယ် -

(၁) ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေး၊

(၂) တိမ်းရှောင်နေသည့် အသိုက်အဝန်းများအားလုံးအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည် ထူထောင်ရေး၊

(၃) ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဟုခေါ်သည့် ယန္တရားသစ်တစ်ခုကိုလည်း တည်ထောင်ခဲ့ပါတယ်။

ဒီယန္တရားအရ အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက ကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်များ၊ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများအကြား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။

ယင်းလုပ်ငန်းအစီအစဉ်ကို အောက်တိုဘာလ (၁၅) ရက်နေ့တွင် စတင်မှာဖြစ်ပါတယ်။

ဒီနေရာမှာ ယမန်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အလေးထားပြောကြားခဲ့သည်များကို ထပ်လောင်း ပြောကြားလိုပါတယ်။ နိုင်ငံတကာအသိုက်အဝန်း၏ တိုက်တွန်းပြောကြားမှုများကို အပြောထက် လက်တွေ့လုပ်ဆောင်ချက်များ၊ တိုးတက်မှုရလဒ်များပြသကာ တုံ့ပြန်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

နိဂုံးမချုပ်မီ၊ ပြီးခဲ့သည့် အစည်းအဝေး၌ မိမိတို့တွေ့ဆုံခဲ့စဉ် ကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ထုတ်ဖော်ပြောကြားခဲ့သည့် စိုးရိမ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားလိုပါတယ်။

### ❒ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မိမိတို့အခြေအနေအပေါ် သဘောပေါက်နားလည်ပြီး၊ မိမိတို့၏ ဒီမိုကရေစီလုပ်ငန်းစဉ် တည်တံ့ခိုင်မြဲရေးအတွက် အားပေးထောက်ခံကြရန်လိုအပ်ပါတယ်

**ပထမ** အချက်အနေဖြင့်၊ အကြမ်းဖက်မှုများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လျော့ကျသွားပြီဖြစ်ပြီး၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် စက်တင်ဘာလ (၅) ရက်နေ့မှစ၍ နယ်မြေရှင်းလင်းမှုများကို ရပ်ဆိုင်းခဲ့ပြီ ဖြစ်ပါတယ်။ လုံခြုံရေးအခြေအနေ ကောင်းမွန်လာသည့်အလျောက် ရန်ကုန်မြို့ရှိ သံတမန်များသည် သတင်းမီဒီယာများနှင့်အတူ အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အောက်တိုဘာလ (၂) ရက်နေ့က သွားရောက်နိုင်ခဲ့ပါတယ်။ ထို့နောက် ဝန်ကြီးများနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအို၊ ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများသည်လည်း မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ဒေသသို့ အောက်တိုဘာလ (၁၀) ရက်နေ့က သွားရောက်ခဲ့ပါတယ်။

**ဒုတိယ** အချက်အနေဖြင့်၊ လူသားချင်းစာနာမှုအကူအညီများကို ခွဲခြားမှု မရှိဘဲ၊ အထိခိုက်ခံရသည့် သူအားလုံးသို့ ပေးအပ်လျက်ရှိပါတယ်။ အစိုးရအနေဖြင့် ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့နှင့်ပူးပေါင်း၍ အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေပေးလျက်ရှိပါတယ်။ WFP၊ FAO၊ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management နှင့် ပုဂ္ဂလိက အလှူရှင်များပါဝင်မှုဖြင့်၊ လာမည့်နေ့ရက်များတွင် လူသားချင်းစာနာမှု အကူအညီများ လိုအပ်သည့်သူများထံသို့ ပိုမိုရောက်ရှိတော့မည်ဟု မျှော်လင့်ပါတယ်။

**တတိယ** အချက်အနေဖြင့်၊ ဒုက္ခသည်များ ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာလ (၁)ရက်နေ့ မှ (၃) ရက်နေ့ အထိ ဒါကာမြို့သို့သွားရောက်ခဲ့ပြီး၊ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ ပူးတွဲလုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းသွားရန် နှစ်ဖက် သဘောတူညီခဲ့ပြီးဖြစ်ပါတယ်။ ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့အား နေပြည်တော်သို့ လာရောက်ရန် ဖိတ်ကြားထားပါတယ်။

**စတုတ္ထ** အချက်အနေဖြင့်၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များသည် အသင့်လျော်ဆုံးလမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း နိုင်ငံတကာအသိုက်အဝန်းနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ရှုမြင်ပါတယ်။

**ပဥ္စမ** အချက်အနေဖြင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် တရားဥပဒေစိုးမိုးရေးကို အလေးထားရပ်တည်ပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ တရားဥပဒေ၏အထက်တွင် မည်သူမျှမရှိပါ။ ခိုင်လုံသော အထောက်အထားရှိပါက ဥပဒေချိုးဖောက်သူများကို အရေးယူသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား၊**

ရခိုင်ပြည်နယ်ရှိ လူအများ၏ ဒုက္ခရောက်နေမှုများအပေါ် မြန်မာနိုင်ငံအစိုးရအနေဖြင့် အလေးထားမှုမရှိဟူသော စွပ်စွဲမှုများရှိနေပါတယ်။ မိမိတို့အစိုးရအနေဖြင့် ယင်းအခြေအနေအား လျစ်လျူရှုထားခြင်း လုံးဝမရှိသည့်အပြင် ဆယ်စု နှစ်ပေါင်းများစွာ ရှိနေခဲ့သည့် ယင်းပြဿနာများအား ရေရှည်တည်တံ့မည့် အဖြေရရှိရေးအတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိပါတယ်။ အိုးအိမ်များ စွန့်ခွာတိမ်းရှောင်နေရသည့် အပြစ်မဲ့သူများ ဒုက္ခရောက်ခံစားနေရမှုများပေါ် မိမိတို့အနေဖြင့် များစွာ စိတ်မကောင်းဖြစ်ရပါတယ်။

မိမိတို့အနေဖြင့် နေအိမ်များအားစွန့်ခွာ၍ အခြားဒေသများသို့ သွားရောက် ခိုလှုံနေကြရသူများအပေါ် စိတ်မကောင်းဖြစ်ရသကဲ့သို့ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေမှုများနှင့်ပတ်သက်၍ မတူညီသည့် သဘောထားအမြင်များရှိနေသည်ကိုလည်းလျစ်လျူမရှုနိုင်ပါ။ ကောင်းသူနှင့် ဆိုးသူကို ခွဲထုတ်ရပါမည်။

ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို မြန်မာနိုင်ငံအနေဖြင့် ရှာဖွေသွားမှာဖြစ်ပါတယ်။ နုနယ်သေးသည့် ဒီမိုကရေစီ နိုင်ငံ တစ်နိုင်ငံအနေဖြင့် ရှေ့ဆက်ရမည့် ခရီးလမ်း ရှည်လျားသည်ကို သိရှိပါတယ်။ မိမိတို့သည်မလျှော့သော ဇွဲလုံ့လဖြင့်၊ နည်းလမ်းရှာဖွေရန်နှင့် ကြိုးပမ်းဆောင်ရွက်သွားရန် ခိုင်မာစွာဆုံးဖြတ်ထားပါတယ်။

ကျေးဇူးတင်ပါတယ်။

---

❀ *ကျောဖုံးမှ*

ယနေ့ညပြိုင်ပွဲတွင် ဆန်ခါတင် ရွေးချယ်ထားသည့် အလှမယ် ၂၀ ထဲမှ ၁၀ ဦး ရွေးချယ်ခဲ့ပြီး အဆိုပါ ၁၀ ဦးမှ ငါးဦးရွေးချယ်ကာ အမေးအဖြေများပြုလုပ်ပြီး Winner ဆု၊ 1st Runner Up ဆု၊ 2nd Runner Up ဆုနှင့် Title ဆုများကို ပေးအပ်ခဲ့သည်။

သရဖူဆုရရှိသည့် Lang Jaw Hkawn San အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံတွင် နိုဝင်ဘာလ၌ ကျင်းပမည့် Miss Global 2017 ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Miss Global Myanmar 2017 အလှမယ်အနေ ဖြင့် ကမ္ဘာ့ပြိုင်ပွဲတွင် ဆုရရှိပါက နောင်လာမည့်နှစ်များတွင် Miss Global 2017 ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရွက်ပုန်းသီး အလှမယ်များပေါ်ထွန်းရေး၊ မြန်မာနိုင်ငံမှ သဘာဝအလှနှင့် နိုင်ငံခြားသားများ လည်ပတ်ရာ နေရာများကို အလှမယ်များမှတစ်ဆင့် ကမ္ဘာကသိအောင် လုပ်ဆောင်ရေး၊ မြန်မာ့ပြည်တွင်းထွက်ကုန်များကို ကမ္ဘာကသိရှိစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပကြောင်း သိရသည်။

---

## ပြည်ထောင်စုကြီး ငြိမ်းချမ်းစေရန် ကသာမြို့ရှိ ဘာသာပေါင်းစုံမှ ဆုတောင်းမေတ္တာပို့သ

**ကသာ အောက်တိုဘာ ၁၄**

ပြည်ထောင်စုကြီး ငြိမ်းချမ်းစေရန်ရည်ရွယ်၍ ကသာမြို့တွင်နေထိုင်ကြသော ဘာသာပေါင်းစုံမှ ပြည်သူများသည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်က ကသာမြို့ရှိ မြို့တော်ခန်းမ၌ စုပေါင်းမေတ္တာပို့သ ဆုတောင်းပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးပညာဇောတက ပြည်ထောင်စုကြီး ငြိမ်းချမ်းစေရန် မေတ္တာပို့သ ဆုတောင်းပြီး ဟိန္ဒူဘာသာနာယကကြီး ဦးတင်မောင်၊ ခရစ်ယာန်ဘာသာ သိက္ခာတော်ရ KCC ဥက္ကဋ္ဌ ဦးစောကော်မှူးနှင့် အစ္စလာမ်ဘာသာ မော်လဝီ ဦးကျော်ဌေးတို့က သက်ဆိုင်ရာ ဘာသာများနှင့်အညီ အသီးသီးဆုတောင်းမေတ္တာပို့သခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်က ကျေးဇူးတင်စကားပြောကြားပြီး ဘာသာပေါင်းစုံမှ တက်ရောက်လာသူများက ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးဆုတောင်းမေတ္တာပို့သခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# မသန်စွမ်းကလေးငယ်များ တန်းတူအခွင့်အရေးရရှိရန် ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်




ဒေင်မသန်စွမ်း သက်ငယ်များ ပြုစုရာ ရိပ်မြုံက ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲတွင် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

**နေပြည်တော် အောက်တိုဘာ ၁၄**

လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ဆောင်ရွက်လျက်ရှိသော ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာ ရိပ်မြုံသည် Early Intervention for Children with Disabilities စီမံကိန်းကို ၂၀၁၆ခုနှစ် မေလမှ ၂၀၁၇ခုနှစ် အောက်တိုဘာလအထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းတွင် ကြုံတွေ့ခဲ့ရသော အောင်မြင်မှု၊ အတွေ့အကြုံနှင့် စိန်ခေါ်မှုများကို ဆွေးနွေးဖလှယ်ပွဲတစ်ရပ်ကို အောက်တိုဘာ ၁၄ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စမ်းစမ်းအေးက သန်စွမ်းသည့် ကလေးများနည်းတူ မသန်စွမ်းကလေးငယ်များအား ပြုစုစောင့်ရှောက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေမှုသည် အလွန်အရေးကြီးသည့် ဆောင်ရွက်မှုဖြစ်ခြင်းကြောင့် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် လူနေမှုစရိုက်များနှင့် တစ်နေရာနှင့် တစ်နေရာ မတူညီမှုများ ရှိကြောင်း၊ သို့သော် နေရာဒေသအသီးသီးရှိ မသန်စွမ်းကလေးငယ်များအား အခြား ကလေးများနည်းတူ နေထိုင်ခွင့်နှင့် ရပိုင်ခွင့်များ ရရှိလာစေရန် ဆောင်ရွက်နေကြောင်း၊ ဌာနအနေဖြင့်လည်း ဝန်ဆောင်မှုလုပ်ငန်းများတွင် မသန်စွမ်းသူများအား ဘဝမြင့်မား ရေးနှင့် အရည်အသွေးများ မြင့်မားရေးတို့ကို လုပ်ကိုင်နေပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ နှင့် အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ကာ သဘောတူညီမှုများကို ရယူကာ မသန်စွမ်း သူများ ဘဝမြင့်မားစေရန်နှင့် မသန်စွမ်းကလေးများ တန်းတူပညာ သင်ယူခွင့်ကိုလည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ မကြာမီတွင်လည်း မသန်စွမ်းဥပဒေများ ထွက်ရှိလာ တော့မည်ဖြစ်ကြောင်း၊ ကလေးတစ်ဦးချင်းတွင်ရှိသည့် အရည်အသွေးများ ပြည့်ဝလာ စေရေးနှင့် ကလေးများ အခြေအနေကို တိုင်းတာစစ်ဆေးခြင်း၊ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို ဆက်တိုက်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ယခုနောက်ပိုင်းတွင် မွေးစမှ ငါးနှစ်အတွင်း ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပုံမှန်လေ့လာသင့်ကြကြောင်း၊ မိဘနှင့် ကလေးများကို ဗဟိုပြုသည့် အိမ်တိုင်ရာရောက် ပြုစုပျိုးထောင်မှုများကို လူထုကာကွယ် စောင့်ရှောက်ရေးအစီအစဉ်မှ တစ်ဆင့် လုပ်ဆောင်နေကြောင်း၊ လူမှုဝန်ထမ်းအနေဖြင့် ကိုယ်ဝန်ဆောင်ဘဝမှသည် သက်ကြီး ရွယ်အိုအထိ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ သို့သော် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ပြည်သူ့ဝန်ဆောင်မှု အပြည့်အဝပေးအပ်နိုင်ရန် လိုအပ်ချက်များစွာ ရှိနေသေးကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ဖွံ့ဖြိုးမှု နောက်ကျသော၊ မသန်စွမ်းသော၊ အပြုအမူဆိုင်ရာ အခက်အခဲရှိသော၊ လူမှုရေးနှင့် စိတ်ခံစားမှုဆိုင်ရာ စိန်ခေါ်ချက်ရှိသော ရှေးဦးအရွယ် ကလေးသူငယ်များနှင့် အာဟာရချို့တဲ့မှု၊ နာတာရှည်ခံစားရမှု၊ အခြားဇီဝကမ္မနှင့် ပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများကြောင့် ဖွံ့ဖြိုးမှုနောက်ကျပြီး ကျောင်းနေအရွယ် တွင် ကျောင်းစနေရန်အတွက် အခက်အခဲရှိနေသော ကလေးသူငယ်များအား ရှာဖွေ ကာ အသိပညာများပေးအပ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ စမ်းသပ် လုပ်ကိုင်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာ ရိပ်မြုံမှ မန်နေဂျင်းဒါရိုက်တာ ဦးထာအုပ်က ပြောကြားသည်။

"ဒေင်ရိပ်မြုံရဲ့ အနာဂတ်မျှော်မှန်းချက်ကတော့ မသန်စွမ်းသူတွေရဲ့ ကိုယ်ပိုင် လက္ခဏာ၊ အခွင့်အရေးနဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။ အဲဒီလို မြှင့်တင်ပေးခြင်းဟာ သူတို့မှာရှိတဲ့ အလားအလာတွေကို အပြည့်အဝရလာမှာ ဖြစ် ပါတယ်။ ဒေင်ရိပ်မြုံဟာ မေတ္တာလွှမ်းမိုးသော လူ့အဖွဲ့အစည်းမှာ ခွဲခြားဆက်ဆံမှု ကင်းပြီး အခြားသူတွေနည်းတူ တန်းတူအခွင့်အရေးရကြပြီး ပျော်ရွှင်ကြဖို့ပါ" ဟု ဒေင်ရိပ်မြုံမှ ဦးဌေးအောင်က ပြောကြားသည်။

ယနေ့တင်ပြသည့် Early Intervention for Children with Disabilities စီမံကိန်းကို ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလအထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်၊ ကမာရွတ်နှင့် ပုသိမ်မြို့နယ်များအတွင်းရှိ မသန်စွမ်းကလေးများကို ပြုစုပျိုးထောင်ရန်အတွက် လုပ်အားပေး စေတနာ့ဝန်ထမ်းများ ကို ရှေးဦးစွာ သင်တန်းများပေးအပ်ခဲ့သည်။ ထိုသူများမှတစ်ဆင့် ဒေသတွင်းရှိ မသန်စွမ်းကလေးများအား ပြုစုပျိုးထောင်ခြင်း၊ နည်းလမ်းများပေးအပ်ခြင်းကို ဒေင်ရိပ်မြုံမှ ချိတ်ဆက်ကာ ဒေသခံလုပ်အားပေး စေတနာ့ဝန်ထမ်းများ၏ အကူအညီ ဖြင့် ပိုမိုကောင်းမွန်သည့် နည်းလမ်းများပေးအပ်ခြင်းဖြင့် ကလေးငယ်များ ပိုမိုတိုးတက် သည့် အခြေအနေများကို မြင်တွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်များက မသန်စွမ်း ကလေးများအပါအဝင် ကလေးများအားလုံး ပညာသင်ကြားခွင့်ရရန် နှိုးဆော်ထားခြင်း ကြောင့် မသန်စွမ်းကလေးများ ပညာသင်ကြားခွင့်ရရှိရန် ကြိုးပမ်းသွားကြရေးကို စုပေါင်းဆွေးနွေးခဲ့ကြသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများအရ မြန်မာနိုင်ငံတွင် မွေးစမှ လေးနှစ်အထိ ကလေးငယ် ၄၄၇၂၁၃၀ ရှိသည့်အနက် ၇၅၃၉၇ ဦးသည် မသန်စွမ်းကလေးများ ဖြစ် ကြောင်းသိရသည်။ မြန်မာကလေးသူငယ်နှင့် ၎င်းတို့၏ မိသားစုများ အနည်းဆုံး ၄၂ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိမှာ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ လိုအပ်လျက်ရှိကြောင်း ခန့်မှန်းရသည်။

မသန်စွမ်းကလေးများသည် ၎င်းတို့လိုအပ်သော ရှေးဦးကလေးသူငယ်ပြုစုပျိုး ထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဝန်ဆောင်မှုများ မရရှိခြင်းကြောင့် လူမှုအသိုက်အဝန်း အတွင်း တန်းတူဝင်ဆံ့နိုင်ရန် အကန့်အသတ်များရှိနေကြောင်း အဆိုပါ စစ်တမ်းက ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သော လူသားအရင်းအမြစ်များ ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

ယခုအခါ စစ်တမ်းအရ နိုင်ငံအတွင်းရှိ ကလေးသူငယ်များ အခြေအနေမှာ အထူးသဖြင့်ခြောက်နှစ်အောက် မသန်စွမ်းကလေးများအတွက် ဆောင်ရွက်ပေးရန် အမျိုးသားရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ရောက်ရှိနေပြီဟု ယင်း အစီရင်ခံစာအရ သိရှိရသည်။

"ကျွန်မတို့ လူမှုဝန်ထမ်းဦးစီးဌာနကလည်း ဆောင်ရွက်နေပါတယ်။ အခြားသော အရပ်ဘက်အဖွဲ့အစည်းတွေ၊ စေတနာ့ဝန်ထမ်းတွေကလည်း မသန်စွမ်းကလေးတွေ အတွက် အများကြီးဆောင်ရွက်လာကြတာ ဂုဏ်ယူစရာကောင်းပါတယ်။ အထူးသဖြင့် မူကြိုတွေ၊ အစိုးရစာသင်ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေဟာလည်း ဖွံ့ဖြိုးမှု နောက်ကျတဲ့ကလေးတွေ၊ အနည်းငယ်နောက်ကျတဲ့ ကလေးတွေဆိုရင် လက်ခံပေးပြီး စိတ်ရှည်ရှည်နဲ့ သည်းခံပြီး သင်ကြားပေးဖို့ တောင်းဆိုလိုပါတယ်။ ဒါတင်မကသေးပါဘူး၊ မိဘတွေကလည်း ကိုယ့်သားသမီးရဲ့အခြေအနေကို စောစောစီးစီးသိရှိပြီး လေ့ကျင့်မှု တွေ ခံယူခွင့်ပေးခဲ့မယ်ဆိုရင် အဲ့ဒီလိုလေ့ကျင့်မှုတွေကိုလည်း အသက် သုံးနှစ်အောက်မှာ စတင်နိုင်ခဲ့မယ်ဆိုရင် ကလေးငယ်ဟာ ဖွံ့ဖြိုးလာနိုင်သေးတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါ်စမ်းစမ်းအေးက ပြောကြားသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**



**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲမှူးချုပ် ဝင်းနိုင် ရပ်ရွာနေပြည်သူအခြေပြုအဖွဲ့ များသို့ လိုက်လံအားပေး မိတ်ဆက်စကားများ ပြောကြားလျက်ရှိရာ အောက်တိုဘာ ၁၃ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်အခြေပြုအဖွဲ့သို့ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်အောင်နှင့်အတူ ရောက်ရှိပြီး အဖွဲ့ဝင်များကို မိတ်ဆက်အားပေးစကား ပြောကြားစဉ်** တင်ဝင်းလေး (ကြည့်မြင်တိုင်)

## တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်။ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် တို့တွင် မိုးပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။**(မိုး/ဇလ)**

## သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်ပွဲကျင်းပ

**ဖာပွန် အောက်တိုဘာ ၁၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးညီစုပေါင်းကြဲပက်ပွဲ နှင့် မြေဆီလွှာထိန်း ဗက်တီဗာမြက်ပျိုးပင်များ ပေးအပ်ပွဲကို အောက်တိုဘာ ၁၂ ရက်က ဖာပွန်မြို့နယ် ဝေ့ဆန်ကျေးရွာ ကွင်း (၆)၊ ဦးပိုင် (၁၀) ရှိ ဦးပန်းဦး၏ မနောထွန်းရေယာ ၁၀ ဧကရှိ စပါးစိုက်ခင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်လင်းက သဘာဝမြေဩဇာ နှင့် ဓာတ်မြေဩဇာ အချိုးညီသုံးစွဲခြင်း နည်းပညာရပ်များ အကြောင်း တောင်သူများကို ရှင်းလင်းပြသပြီး ခရိုင်ဦးစီးမှူး ဦးသက်ဆွေက မြေဆီလွှာထိန်း ဗက်တီဗာမြက်၏ စိုက်ပျိုးနည်း စနစ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြေပြိုမှု များ ကာကွယ်ရန်နှင့် နှစ်ရှည်သီးနှံများ၏ စိုက်ပျိုးရေးနည်း စနစ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြေဆီလွှာထိန်း ဗက်တီဗာမြက်ပျိုးပင် ၁၀၀၀ ကို နယ်မြေခံ တပ်မှ ဗိုလ်မှူးကြီး အောင်ခိုင်ချိုထံ ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး ကွင်းသရုပ်ပြပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

## မြန်မာ့ရုပ်မြင်သံကြား

၁၅-၁၀-၂၀၁၇ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်

၉း၄၅ - **တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်** (NCA) **လက်မှတ်ရေးထိုးခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**

၁၁း၁၅ - လှပစုံလင်အာဆီယံတစ်ခွင်

၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **"အပျို့လင်"** မောင်မောင်အေး၊ မောင်လှမောင်၊ ခင်ခင်မေ၊ မသိန်းရင် (ဒါရိုက်တာ- ဆရာခန့်)

၁၅း၁၅ - Myanmar National League MNL MAX CEMENT 2017 **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** Yangon United FC Vs Zwekapin United FC

**ညပိုင်း**

၁၈း၂၀ - **ညီညွတ်ရေးသံစဉ်** (အရှေ့ပိုးကရင်၊ ချင်း(ချိုး))

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၂၀း၃၅ - **ငြိမ်းချမ်းရေးဂီတပွဲတော်ထုတ်လွှင့်မှုအစီအစဉ်**(Review)

# (၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့် အစည်းအဝေး၊ (၇၃) ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

(၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၇၃)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ အစည်းအဝေးများ ကျင်းပသည့်ရက်သတ္တပတ်ကို အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် သတ်မှတ်ပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ပြပွဲကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်အထိ အာဆီယံသိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှု ညီလာခံကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဆုချီးမြှင့်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




# ကရင်ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ရက် ၄၀ အတွင်း နာရီပေါင်း ၁၂၀ ကြာ သင်ကြားပေးမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၁၇ ခုနှစ် ကရင်ပြည်နယ် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ အမျိုးသားအဆင့် အရည်အသွေးအာမခံမှု ကော်မတီတို့မှ အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ၊ လုပ်အားပေးဆောင်ရွက်ကြမည့် တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"လူတိုင်းအတွက် ပညာရေး"** သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၇ ခုနှစ် ကရင်ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ စာသင်သား ၉၉၀ အား



ဘားအံတက္ကသိုလ်နှင့် တောင်ငူတက္ကသိုလ်များမှ လုပ်အားပေး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံလုပ်အားပေးစုစုပေါင်း ၂၂၄ ဦးတို့က စာသင်ရက် ၄၀ အတွင်း တစ်ရက်လျှင် ပျမ်းမျှ သုံးနာရီနှုန်းဖြင့် နာရီပေါင်း ၁၂၀ ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ဝိုင်းပေါင်း ၁၁၂ ဝိုင်းရှိပြီး အခြေခံ စာစဉ်များဖြစ်သည့် မြန်မာစာနှင့် သင်္ချာတို့ကို လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းတွင် ပညာဒါနပြုကြသည့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံလုပ်အားပေးများအနေဖြင့် ရပ်ရွာအကျိုးပြု ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရင်း နိုင်ငံသားကောင်းစိတ်ဓာတ်ပိုမိုရရှိအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့တက္ကသိုလ်၏ဂုဏ်ကို ဆောင်နိုင်ကြရန် အလေးအနက်ထား မှာကြားလိုပါကြောင်း၊

စာသင်ကြားလိုသော ဒေသခံပြည်သူများအနေဖြင့်လည်း အခြေခံစာတတ်မြောက်ရေးသင်ယူပြီးနောက် စာပေတတ်မြောက်လာပါက ဒေသတွင်း ဝင်ငွေတိုးလုပ်ငန်းများနှင့် လုပ်သားဈေးကွက်များတွင် ဝင်ရောက်နိုင်ရေးအတွက် သက်မွေးပညာသင်ယူရေးလုပ်ငန်းများတွင် ပါဝင်နိုင်မှုအခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများတွင် လုပ်အားပေး နည်းပြအဖြစ် ဆောင်ရွက်ကြမည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက သင်ကြားရေးတာဝန်ပေးအပ်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူစကား ပြောကြားသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် အခြေခံစာတတ်မြောက်ရေး အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခြေခံစာတတ်မြောက်ရေး လုပ်ငန်း ဆောင်ရွက်နေသည့် ဘားအံမြို့နယ် ပန်စိန်ကျေးရွာ၊ မိန်းမရှာကျေးရွာနှင့် ယသဝေါ်ကျေးရွာ စာသင်ဝိုင်းများသို့ သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှု အားပေးပြီး စာသင်သားများအား စာရေးကိရိယာပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး၊ ဗို့အားကျဆင်းမှုမရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးသိန်းလှိုင်၊ အထွေထွေမန်နေဂျာ ဦးကျော်သူ၊ ဦးစိုးမင်းထွန်းတို့သည် ယမန်နေ့က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၃၃/၁၁ ကေဗွီ ၂× ၁၀ အမ်ဗွီအေ ၆၅ လမ်း ခွဲရုံသို့ ရောက်ရှိပြီး လက်ရှိ ၃၃ ကေဗွီ၊ ၁၁ ကေဗွီဓာတ်အားလိုင်းများဖြင့် ပြည်သူလူထုအား ဓာတ်အားပေးလျက်ရှိသည့် အခြေအနေများကို စစ်ဆေး၍ ပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် လက်ရှိ တပ်ဆင်ထားသည့် ၃၃/၁၁ ကေဗွီ ၂×၁၀ အမ်ဗွီအေ ထရန်စဖော်မာ၏ ဗို့အားအတက်အကျအား ထိန်းညှိဆောင်ရွက်နိုင်သည့် (Voltage Tapping) ကို လက်ရှိ အခြေအနေမှ ပြောင်းလဲဆောင်ရွက်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပျဉ်းမနားမြို့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်မိရပ်ဖများတွေ့ဆုံ

**ပျဉ်းမနား အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ဓမ္မာရုံ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ရပ်ကွက်နေပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ **(အောက်ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်က နယ်မြေအသီးသီးမှ တာဝန်ခံရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၏ လိုအပ်ချက်၊ တင်ပြချက်များကို ဆွေးနွေးပြီး ယနေ့ဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများကို ရေနုတ်မြောင်းတိုးချဲ့ဖောက်လုပ်ပြီး အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အတွင်းရှိ လမ်းများပေါ်သို့ ကျူးကျော်ကာရုံထားသော ဝိုင်းခြံများကို ဥပဒေအသိပညာပေးပြောကြားကာ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်အတွင်း ပြည်သူများ၏ လိုအပ်ချက်များကိုလည်း အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရပ်မိရပ်ဖ ဦးဇော်ဝင်းက ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**



# ကရာတေးဒိုနည်းပြဒိုင် သင်ကြားပေးမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ကရာတေးဒို အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးပြီး နည်းပြဒိုင်လူကြီးသင်တန်း(၂/၂၀၁၇)ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကာ အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွားပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကရာတေးဒိုအသင်းများမှ တစ်သင်းလျှင် နည်းပြ၊ ဒိုင် တစ်ဦးစီတက်ရောက်နိုင်ပြီး ဖုန်း-၀၁-၃၇၉၉၃၉၊ ဖက်စ်-၀၁၃၇၉၉၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ ကြိတ်ကြိတ်တိုးစည်ကား

မုံရွာ အောက်တိုဘာ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ မုံရွာတက္ကသိုလ်(ဘက်စုံ)ခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။**



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကလေးငယ်များနှင့် မိဘပြည်သူများသည် စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ပိတ်သိမ်းချိန်အထိ အဖွဲ့လိုက်၊ မိသားစုအလိုက် အဆက်မပြတ် လာရောက်လေ့လာကာ စာအုပ်စာပေအရောင်းဆိုင်များမှ စာအုပ်များကို ဝယ်ယူအားပေးလျက်ရှိကြသည်။

ပြပွဲမြေညီထပ်တွင် ဆရာကြီးမင်းသုဝဏ် ရေးသားခဲ့သည့် ကဗျာနှင့် ကလေးစာပေများပြခန်း၊ 3D ပြခန်း၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ Team Building Game၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်တည်ဆောက်မှုကစားနည်း၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့၌ ကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများအပြင် ပွဲတော်လာ ကလေးငယ်များကလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ **(ယာပုံ)**

ထို့နောက် ပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၅၀၊ မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းမှ ရုပ်သေးအက၊ မျက်လှည့်နှင့် ကျောက်ဆည်မြို့ ရိုးရာဆင်အကအဖွဲ့ (ဉာဏ်လင်းထက်) တို့က ဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာသူများက တစ်ခဲနက်အားပေးခဲ့ကြသည်။

နံနက်ပိုင်း စာပေဟောပြောပွဲ၌ စာရေးဆရာ ဦးရဲလွင် (ရဲသျှမ်း)က "လာရာနှင့် လားရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ဦးဇော်နောင်ဟိန်း (ဇော်နောင်ဟိန်း-Guitar) က "အလုပ်နှင့် ရည်ရွယ်ချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ "စာဖတ်ခြင်း အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဦးရဲလွင် (ရဲသျှမ်း)၊ ဦးဇော်နောင်ဟိန်း (ဇော်နောင်ဟိန်း-Guitar)၊ ဒေါက်တာနိုင်လင်းအောင် (အမောင်-ပုဂံ)၊ ဦးသက်နိုင်ထွန်း (သက်နိုင်ထွန်း M.Ed)၊ ဦးသန့်စင်ထွန်း (သစ်ဝေခ) တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် စာကြည့်တိုက်မှူးများ၊ စာပေဝါသနာရှင်များ၊ စာရေးဆရာများကလည်း ပါဝင်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ အောင်မင်းဟန်**



# မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ငွေကျပ်ရှစ်ဘီလီယံကျော်အသုံးပြုမည်

**မော်လမြိုင် အောက်တိုဘာ ၁၄**

မွန်ပြည်နယ်အတွင်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ရှစ်ဘီလီယံကျော် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ဦးက အောက်တိုဘာ ၁၃ ရက်က ကျင်းပသော ၂၀၁၇ - ၂၀၁၈ Citizen's Budget စာစောင်မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်၏စီးပွားရေးမူဝါဒ ၁၂ ချက်ကို အခြေခံပြီး မွန်ပြည်နယ်အတွက် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ရသုံးမှန်းခြေများကို ရေးဆွဲခဲ့ရာ ပြည်နယ်အတွင်း ဆောင်ရွက်ရန် လုပ်ငန်းစဉ် ၁၄ ချက်ကို ချမှတ်ခဲ့ပြီး အဆိုပါ ၁၄ ချက်အနက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ငွေကျပ် ရှစ်ဘီလီယံကျော်ကို အသုံးပြုသွားမည်ဖြစ်သည်။

"ကြိုတင်သိနိုင်သော ရေဘေး၊ လေဘေး စသည့်အန္တရာယ်များအတွက် ကြိုတင်သတင်းရရှိမှု၊ ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ပြီး ဘေးအန္တရာယ်ကို လျော့ပါးစေနိုင်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက သဘာဝဘေးလျော့ပါးရေးနှင့် ပတ်သက်သော အခမ်းအနားတွင် အမှာစကားပြောကြားခဲ့သည်။

ပြည်နယ်အတွင်း ပြီးခဲ့သည့် ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ မီးဘေး ခြောက်ကြိမ်၊ လေဘေး ၁၁ ကြိမ်၊ မိုးကြိုးဘေး သုံးကြိမ်၊ ကမ်းပြိုဘေး နှစ်ကြိမ်၊ ရေဘေး တစ်ကြိမ်နှင့် မြေပြိုဘေး လေးကြိမ်ဖြစ်ပွားခဲ့ရာမှ လူလေးဦးသေဆုံးပြီး လူဦးရေ ၄၆၂ ဦးတို့ ဘေးဒုက္ခခံစားခဲ့ရကာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၈ ဒသမ ၆၇ သန်းရှိခဲ့ကြောင်း သိရသည်။

"မွန်ပြည်နယ်ဟာ ကံအကောင်းဆုံးပြည်နယ်လို့ ပြောလို့ရပါတယ်။ ရေဘေးနဲ့ ကမ်းပြိုဘေးကလွဲရင် ကြီးကြီးမားမားထိခိုက်ပျက်စီးစေတဲ့ သဘာဝဘေးတွေအဖြစ်နည်းတဲ့ဒေသဖြစ်ပါတယ်" ဟု ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် လျာထား ထားသည့် ဘတ်ဂျက်များတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သန်းပေါင်း ၁၅၅၇ ဒသမ ၈၄၇ လျာထား ထားပြီး မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးသတ်စခန်းများတည်ဆောက်ရန်၊ မီးသတ်ယာဉ်များဝယ်ယူရန်၊ ရေသယ်ယာဉ်များဝယ်ယူရန်အတွက် ငွေကျပ်သန်းပေါင်း ၈၁၈ ဒသမ ၉၈၀ လျာထားကြောင်း သိရသည်။

မွန်ပြည်နယ်၏ စုစုပေါင်းရငွေခန့်မှန်းခြေနှင့် ပြည်ထောင်စုမှ လိုငွေဖြည့်ဆည်းပေးခြင်းများဖြင့် စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ ငွေကျပ် ၈၆ ဒသမ ၃၂၇ ဘီလီယံ အသုံးပြုမည်ဖြစ်ကာ ယင်းအနက်မှ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ခန့်မှန်းငွေကျပ် ရှစ်ဘီလီယံကျော် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး (မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်သူများစုပေါင်းလှူဒါန်းခဲ့ကြသော ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် အလှူငွေကျပ် ၁၁၅၇၀၀၀၀ ကို အောက်တိုဘာ ၁၃ ရက်က မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၃) ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများက သွားရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့မြို့နယ်အနေနဲ့ ရပ်ကွက်ငါးရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၃၀ မှ ပြည်သူများထံ မြို့နယ်အလှူခံအဖွဲ့ ဖွဲ့စည်းပြီး အလှူငွေဖြတ်ပိုင်းတွေနဲ့ စနစ်တကျကောက်ခံရရှိခဲ့တဲ့ အလှူငွေကျပ် ၁၁၅ သိန်းကျော်ကို အခြားဝန်ဆောင်စရိတ်တစ်စုံတစ်ရာ နုတ်ယူမှုမရှိဘဲ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာဒုက္ခသည်တွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ လာရောက်လှူဒါန်းခဲ့တာဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ပြောကြားသည်။

**ဌေးမင်း (ကြံခင်း)**

# ကရင်-မြန်မာနှစ်ဘာသာဖြင့် မူခင်းအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၄**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မူခင်းပြခန်းယာဉ်ဖြင့် အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီက လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ရွှေဂွန်းနယ်မြေ ရဲစခန်းမှူး ရဲအုပ် အေးစန်းနှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းတို့က ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းဆရာ ဆရာမများ၊ ရပ်မိ ရပ်ဖများနှင့် ပူးပေါင်းကာ ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကို မူခင်းအသိပညာများ ဟောပြောခဲ့ကြောင်း သိရသည်။



ထိုသို့ ပြခန်းယာဉ်ဖြင့်မူခင်းအသိပညာပေးဟောပြောရာတွင် ဒေသခံ ကရင်တိုင်းရင်းသားများအနေဖြင့် ကရင်-မြန်မာ နှစ်ဘာသာဖြင့်ဟောပြောခဲ့သည့်အတွက် မူခင်းအသိပညာများ ပိုမိုနားလည်စေခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့အနေဖြင့် "ကျွန်တော်တို့ဒေသခံတွေကို ကရင်-မြန်မာ နှစ်ဘာသာနဲ့ ဟောပြောပေးတဲ့အတွက် ထောင်နဲ့ချီတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေကို မူခင်းအသိပညာတွေ တိုးပွားလာစေပါတယ်၊ အရင်ကဆို မူခင်းအသိပညာပေး ဟောပြောပွဲတွေကို စိတ်ဝင်စားမှု မရှိကြပါဘူး၊ အခုတော့ ဂီတဖျော်ဖြေရေးလေးတွေ ပါလာတော့ တော်တော်စိတ်ဝင်စားကြတယ်၊ နောက်တစ်ချက်က လက်ကမ်းစာစောင်လေးတွေပါ ဝေပေးတော့ ကိုယ့်မိသားစုထဲက မလာနိုင်တဲ့သူတွေလည်း လေ့လာခွင့်ရရှိစေပါတယ်" ဟု ဒေသခံလူငယ်တစ်ဦးက ပြောသည်။

**မင်းသူ / ထွန်းထွန်းထွေး (ဘားအံ)**

## သစ်ဆိပ်ပင်ကျေးရွာ၌ အသိပညာပေးပြခန်းယာဉ်ပြသ

**ကျိုက်ထို အောက်တိုဘာ ၁၄**

ကျိုက်ထိုမြို့နယ် သထုံခရိုင်မူခင်းပြခန်းယာဉ်ဖြင့် သစ်ဆိပ်ပင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှေ့၌ အောက်တိုဘာ ၁၃ ရက် နံနက် ၇ နာရီတွင် ကွာရီရဲစခန်းမှူးရဲအုပ် ဇော်မင်းနိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေးအသိပညာပေးယာဉ်နှင့်အတူ ဟောပြောခဲ့သည်။

ဟောပြောရာတွင် ရဲအုပ်ဇော်မင်းနိုင်က ယာဉ်ပေါ်တွင် ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် လူကုန်ကူးမှုတားဆီးရေးနှင့် သက်ငယ်မုဒိမ်းမှုများလျော့နည်းကျဆင်းရေးကို လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များကို လည်းကောင်း လိုက်လံရှင်းလင်းပြသခဲ့သည်။

**နန္ဒကျော်စွာ**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးအဆောက်အအုံ ပန္နက်တင်

**ပဲခူး အောက်တိုဘာ ၁၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနများဖြစ်သော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အအုံပန္နက်တော်တင် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးမြို့ ဓမ္မစေတီလမ်းနှင့် သစ်တောရိပ်သာလမ်းထောင့်ရှိ အဆိုပါအဆောက်အအုံ မြေနေရာ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်က ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အင်ဂျင်နီယာချုပ် (အဆောက်အအုံဦးစီးဌာန) တို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြသည်။



ယခုတည်ဆောက်မည့် ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသည် (၆၀×၈၀) ပေ အကျယ် သံကူကွန်ကရစ် နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၁)၊ အဆောက်အအုံအထူး အဖွဲ့(၃)က တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၄၁)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

(၄၁)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ အကြိမ်(၄၀)မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ်(၄၀)နှင့် အကြိမ်(၄၀)အထက် သွေးလှူရှင်များသည် နိုဝင်ဘာ ၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းမှစတင်၍ မိမိတို့၏သွေးလှူရှင်ကတ်အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများယူဆောင်ကာ ဗဟိုအမျိုးသားသွေးဌာနသို့ နိုဝင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဂုဏ်ပြုပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း ဗဟိုအမျိုးသားသွေးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိမ်ရာနှင့် နေထိုင်မှုပြပွဲတွင် တန်ဖိုးနည်း တန်ဖိုးသင့်အိမ်ရာတိုက်ခန်းများ အရစ်ကျရောင်းချမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ပဥ္စမအကြိမ် အိမ်ရာနှင့် နေထိုင်မှုပြပွဲ ၂၀၁၇ ပြပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က ရန်ကုန်မြို့ဒဂုံမြို့နယ်ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်ယာသာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ Dagon Exhibitions Limiteds မှ ဒါရိုက်တာ ဦးအောင်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။




ပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများ ပါဝင်ပြီး တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာတိုက်ခန်းများကို ဘဏ်များနှင့် ချိတ်ဆက်ကာ အထူးဈေးနှုန်းများဖြင့် ကြိုတင်ငွေအနည်းငယ်ပေးသွင်းရုံဖြင့် အရစ်ကျငွေပေးချေခြင်း အစီအစဉ်များဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲရက်အတွင်း လာရောက်လေ့လာသူများ အသိပညာဗဟုသုတများ ရရှိစေရန် အောက်တိုဘာ ၁၃ ရက်နှင့် ၁၅ ရက် တို့တွင် လူနေမှုဝန်းကျင်ကောင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အခန်းကဏ္ဍ "၂၀၁၈ မြန်မာ့စီးပွားရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အိမ်ခြံမြေဈေးကွက်" ခေါင်းစဉ်များဖြင့် ပညာရှင်များက အသီးသီးဆွေးနွေးဟောပြောကြမည်ဖြစ်ရာ အခမဲ့လာရောက်လေ့လာနိုင်ပြီး ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**

**ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# နေရာကွက် မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိမ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

(မိုး /ဇလ)

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန စာအုပ်များထုတ်ဝေဖြန့်ချိ



**နေပြည်တော် အောက်တိုဘာ ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အကြိုသမိုင်းမှအစပြု၍ ၁၉၈၈ ခုနှစ်ကာလအထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကိုပြုစုရေးသားပြီး စဉ်ဆက်မပြတ်စာအုပ်များကို ပုံနှိပ်ထုတ်ဝေလျက်ရှိသည့်အပြင် သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၊ ပြင်ပသုတေသီများ၊ သမိုင်းပညာရပ်နှင့် ရှေးဟောင်းသုတေသနပညာရပ်များကို လေ့လာလိုက်စားသူများအတွက် အသုံးဝင်၊ အသုံးတည့်သည့် အောက်ဖော်ပြပါစာအုပ်များကို ထုတ်ဝေထားပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ဆက်သွယ်ဝယ်ယူနိုင်မည့်နေရာ |
|---|---|---|---|---|
| ၁။ | Miscellancy of Inscriptions | ဒေါက်တာသန်းထွန်းနှင့် ဘာသာပြန်သူ ဦးထွန်းအောင်ချိန် အချိန်ပိုင်းအဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၃၅၀၀ | သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၃၊၄၀၈၃၈၄၊ ၄၀၈၄၂၃၊ |
| ၂။ | အတုလဖြတ်ထုံး | ဦးကျော် အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၂၅၀၀ | အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း-၄၁၈၄၂၆ ရန်ကုန်မြို့ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၁ -၃၉၅၁၉၀၊ ၃၉၅၁၉၂ |
| ၃။ | ပုဂံခေတ်အခြေအနေ (အေဒီ ၁၀၄၄-၁၃၆၈) | ဒေါက်တာဒေါ်အေးလှ ညွှန်ကြားရေးမှူး(ငြိမ်း) သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန | ၃၅၀၀ | |
| ၄။ | မန္တလေးမဟာမုနိ ကျောက်စာ(အဋ္ဌမတွဲ) | ဒေါ်အုန်းကြည် အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၃၅၀၀ | |
| ၅။ | မြန်မာသမိုင်းသုတေသန စာစောင်အမှတ်(၃၁) | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန | ၂၆၀၀ | သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း ၀၆၇-၄၀၈၃၈၃၊၄၀၈၃၈၄၊ ၄၀၈၄၂၃၊ |
| ၆။ | မြန်မာသမိုင်းသုတေသန စာစောင်အမှတ်(၃၂) | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန | ၂၅၀၀ | |
| ၇။ | အရပ်ရပ်လှေတော်ပုံစုနှင့် တက်ရေးတက်ချင်းစု ဘုရား | အမျိုးသားစာကြည့်တိုက် (ရန်ကုန်) | ၅၀၀၀ | အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း-၄၁၈၄၂၆ ရန်ကုန်မြို့ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၁ -၃၉၅၁၉၀၊ ၃၉၅၁၉၂ |
| ၈။ | မြန်မာနိုင်ငံအမျိုးသား စာစုစာရင်း (၂၀၁၃) | ဦးမြင့်ကြိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)မှဝန်ထမ်းများ | ၅၀၀၀ | |
| ၉။ | ဦးကျော်၏ လက်ရွေးစင် စာတမ်းများ | ဦးကျော် အဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ | ၃၀၀၀ | |

# အောက်တိုဘာလထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**နေပြည်တော် အောက်တိုဘာ ၁၄**

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အောက်တိုဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာ ဦးဟန်ညွန့် (ဥပဒေ)၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ သန်းစော (စီပီအေ)၊ မြသိန်းတို့၏ "သက်ကြီးရွယ်အိုဘဝမြှင့်တင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးများ၊ သိပ္ပံနှင့်နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ၊ ပညာရေးနှင့် အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ၊ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ အဖြူ အမည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။




အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၀၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအပေါ် ထောက်ခံကြောင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချသည့်အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအပေါ် ထောက်ခံကြောင်းနှင့် ARSA အစွန်းရောက် အကြမ်းဖက်သမားတို့၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့(မဟာဗန္ဓုလပန်းခြံအနီး)၌ ကျင်းပသည်။ **(ယာပုံ)**

"ပွဲကတော့ ရခိုင်ပြည်နယ်မှာ အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က နိုင်ငံ့လုံခြုံရေး၊ ကာကွယ်ရေးအတွက် ဆောင်ရွက်နေရတာ ရှိတယ်။ အဲဒီအပေါ်မှာ နိုင်ငံတော်အစိုးရအဖွဲ့ ခေါင်းဆောင်တွေနဲ့ တပ်မတော်ခေါင်းဆောင်တွေကို ကျွန်တော်တို့က ထောက်ခံကြောင်းပြသတာပါ။ ဒါ့အပြင် ARSA အဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကန့်ကွက်ရှုတ်ချတာပါ"ဟု အဆိုပါပွဲတွင်ပါဝင်သူ စာရေးဆရာ ဦးအောင်မြိုင်က ပြောသည်။

အခမ်းအနားတွင် နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုကြပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည့် တိုင်းရင်းသားများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းကြသည်။

ထို့နောက်တက်ရောက်လာကြသူများကရခိုင်အရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေမှုကို ထောက်ခံကြောင်း၊ ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏လုပ်ရပ်များနှင့်ပတ်သက်၍ ရှုတ်ချကြောင်း ဟောပြောမှုများ ပြုလုပ်ကြသည်။ "ရခိုင်တိုင်းရင်းသားတွေနဲ့ ဟိန္ဒူဘာသာဝင်တွေ အသတ်ခံရတဲ့အပေါ် စိတ်မကောင်းဘူး။ ကိုယ့်နိုင်ငံမှာနေတဲ့ ပြည်သူတွေ အခုလိုဖြစ်တဲ့အတွက် ဝမ်းနည်းတယ်။ ဒီလိုအကြမ်းဖက်မှုတွေဟာ မရှိသင့်ပါဘူး။ လက်ရှိ နိုင်ငံတော်အစိုးရဆောင်ရွက်နေတဲ့အပေါ်ကို ထောက်ခံတယ်။ ဒါ့ကြောင့် အခုလိုပါဝင်ဖြစ်တာပါ။ ကျွန်တော့်အနေနဲ့ အကြမ်းဖက်မှုကို လုံးဝမလိုလားပါဘူး။ ငြိမ်းချမ်းရေးကို တကယ်ဖြစ်စေချင်တယ်ဆိုရင် လူမျိုးဘာသာမခွဲခြားဘဲ လူကို လူလို့ပဲမြင်ဖို့လိုပါတယ်"ဟု အဆိုပါပွဲတွင် ပါဝင်သူ လူ့ရှင်တော် (သရုပ်ဆောင်) ဦးထက်ထက်က ပြောသည်။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြောင်းနှင့် အမှန်တရားအတွက် မြန်မာနိုင်ငံဘက်မှရပ်တည်ပေးသော ရုရှား၊ အိန္ဒိယ၊ တရုတ်နိုင်ငံအကြီးအကဲများအား ကျေးဇူးတင်ကြောင်း၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ရပ်များကို ရှုတ်ချကြောင်း ရေးသားထားသည့် ဗီနိုင်း(ပိုစတာ)များကို ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ကြသည်။ အဆိုပါအခမ်းအနားနှင့်ပတ်သက်၍ ဟာသလူ့ရှင်တော် ကိုရဲထက်က "ကောင်းတဲ့လူကို ကောင်းသလိုထောက်ခံပြီး မကောင်းတဲ့သူတွေကို မကောင်းသလို ရှုတ်ချပေးဖို့လိုပါတယ်။ ဒီလိုပွဲတွေလုပ်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံကို ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက် ပြီး ပြည်ပနိုင်ငံတချို့က ဖိအားပေးနေမှုတွေ လျော့ကျသွားမယ်လို့မြင်ပါတယ်"ဟု ဆိုသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆောင်ရွက်နေမှုအပေါ် ပြည်သူများက ထောက်ခံကြောင်း ပြသသည့်အနေဖြင့် ဆန္ဒထုတ်ဖော်မှုများ၊ ဟောပြောမှုများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ မြို့ကြီးများတွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**




## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်၏လုပ်ဆောင်ချက်များအား လူထုထောက်ခံပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် အောက်တိုဘာ ၁၄

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်တို့၏ လုပ်ဆောင်ချက်များအား လူထုထောက်ခံပွဲနှင့် ARSA ၏ အစွန်းရောက် အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်း (ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်း၌ ကျင်းပသည်။**

ရှေးဦးစွာ တက်ရောက်လာသည့် ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး မဇ္ဈိမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်တို့၏ လုပ်ဆောင်ချက်များအား ထောက်ခံခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဘာသာအလိုက် ထုံးတမ်းစဉ်လာများနှင့်အညီ ဆုတောင်းမေတ္တာပို့သခြင်းနှင့် ARSA တို့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချခြင်းတို့ကို ဗုဒ္ဓဘာသာဝင်များကိုယ်စား သာသနာ့ဂုဏ်ရည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မကလည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များကိုယ်စား သိက္ခာတော်ရဆရာ ဦးစီလုံအား ကလည်းကောင်း၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား ဟာဂျီမော်လဝီဟာစံအလီ ဆရာကိုကိုနိုင်က လည်းကောင်း၊ ဟိန္ဒူ(ပဋိစ) ဘာသာဝင်များကိုယ်စား ဦးတာနေစိုးက လည်းကောင်း အသီးသီးဟောပြောသည်။

ယင်းနောက် ရှမ်းရိုးမကွင်းမှတစ်ဆင့် ချစ်ကြည်ရေးတံတားအမှတ်(၁)အနီးရှိ အဝိုင်းကိုပတ်ကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်တို့၏လုပ်ဆောင်ချက်များအား ထောက်ခံကြောင်းနှင့် ARSA ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချခြင်းတို့ကို စီတန်းလှည့်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မန်စီးတီးနိုင်၊ ချယ်လ်ဆီးရှုံး၊ လီဗာပူးနှင့် မန်ယူ သရေပွဲဖြစ်

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၈) စနေနေ့ညပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးနှင့် စတုတ်စီးတီးပွဲစဉ်တွင် အိမ်ရှင် မန်စီးတီး အသင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းပွဲတွင် မန်စီးတီးအတွက် သွင်းဂိုးများကို ပွဲချိန် ၁၇ မိနစ်နှင့် ၅၅ မိနစ်တွင် ဂါဘရီရယ်ဂျီးဆပ်၊ ၁၉ မိနစ်တွင် စတာလင်း၊ ၂၇ မိနစ်တွင် ဒေးဗစ်ဆေးလ်ဗား၊ မိနစ် ၆၀ တွင် ဖာနန်ဒင်ဟို၊ ၆၂ မိနစ်တွင် ဆာနေးနှင့် ၇၉ မိနစ်တွင် ဘာနာဒိုဆေးလ်ဗားတို့က သွင်းယူခဲ့သည်။

စတုတ်စီးတီးအတွက် ချေပဂိုးနှစ်ဂိုးကို ပွဲချိန် ၄၄ မိနစ်တွင် ကွင်းလယ်ကစား သမား မန်မီဘီရမ်နှင့် ပွဲချိန် ၄၇ မိနစ်တွင် မန်စီးတီးနောက်တန်းကစားသမား ဝေါ်လ်ကာ ကိုယ့်ဂိုး ကိုယ်သွင်းမိခဲ့သဖြင့် စတုတ်တို့ နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးသည် ယနေ့ပွဲ အနိုင်ရရှိခဲ့၍ ရမှတ် ၂၂ မှတ်ဖြင့် ဇယားထိပ်တွင် ဆက်လက်ရပ်တည်နေပြီး မြို့ခံပြိုင်ဘက် မန်ယူအသင်းကို နှစ်မှတ်ဖြတ်ထားနိုင်ခဲ့သည်။

အခြားပွဲစဉ်များအဖြစ် စနေနေ့ညအစောဆုံးယှဉ်ပြိုင်ခဲ့သည့် လီဗာပူးနှင့် မန်ယူပွဲတွင် ဂိုးမရှိ သရေကျခဲ့ပြီး ချယ်လ်ဆီးက အဝေးကွင်းတွင် ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ စပါးက တစ်ဂိုး-ဂိုးမရှိဖြင့် ဘုန်းမောက်ကို အနိုင်ရရှိပြီး ဆွမ်ဆီးက ဟက်ဒါဖီးလ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘန်လေနှင့် ဝက်စ်ဟမ်းမှာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ**



## အာဆီယံ မသန်စွမ်းဆီးဂိမ်းပြိုင်ပွဲမှ ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်




**ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် ဆုရရှိသောမသန်စွမ်း အားကစားသမားတစ်ဦးအား ချီးမြှင့်ငွေပေးအပ်စဉ်**
ဓာတ်ပုံ- မင်းထက်

**ရန်ကုန် အောက်တိုဘာ ၁၄**

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၉)ကြိမ်မြောက် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၁၂ နည်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ယင်းပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သောအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါ (၉)ကြိမ်မြောက် အာဆီယံမသန်စွမ်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၁၂ နည်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၅ ခုနှင့် ကြေးတံဆိပ် ၁၇ ခု စုစုပေါင်းဆုတံဆိပ် ၄၃ ခု ရရှိကာ ပြိုင်ပွဲဝင်နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင်လည်း အဆင့်ခြောက်နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ ဝင်ရောက်ယှဉ်ပြိုင်သော ပြိုင်ပွဲဝင် အားကစားနည်း ၁၂ နည်းတွင် ရေကူးအားကစားနည်းမှ ရွှေတံဆိပ်ခုနစ်ခု၊ ပြေးခုန်ပစ် အားကစားနည်းမှ ရွှေသုံးခုနှင့် ထိုင်လျက်ဘော်လီဘောအားကစားနည်းမှ ရွှေတစ်ခု စုစုပေါင်း ရွှေတံဆိပ် ၁၁ ခုကို အဆိုပါအားကစား နည်းသုံးနည်းမှ ဆွတ်ခူးပေးနိုင်ခဲ့ပြီး အခြားအားကစားနည်းများမှ ငွေတံဆိပ်ဆုများနှင့် ကြေးတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"အခုပြိုင်ပွဲမှာ နိုင်ငံအလိုက် အဆင့်တစ်ခုကို ရယူပေးနိုင်တဲ့ မြန်မာအားကစားအဖွဲ့ရဲ့ ကြိုးပမ်းမှု၊ ဇွဲစိတ်ဓာတ်တို့ကို မှတ်တမ်းတင်ဂုဏ်ပြုရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ မသန်စွမ်းအဖွဲ့ချုပ်မှ မြန်မာမသန်စွမ်းအားကစား မောင်၊ မယ်များအနေနဲ့ အားကစား စည်းမျဉ်း၊ စည်းကမ်းဥပဒေဘောင်များအတွင်းမှ အားကစားစိတ်ဓာတ်အပြည့်နဲ့ တရားနည်းလမ်းကျစွာ ယှဉ်ပြိုင်အနိုင်ယူခဲ့လို့ နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့တဲ့အတွက် အခုလို နိုင်ငံတော်အနေဖြင့်လည်း ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ရတာ ဖြစ်ပါတယ်"ဟု ယနေ့ကျင်းပသော အဆိုပါဂုဏ်ပြုပွဲတွင် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောသည်။

ယနေ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ချီးကျူး ဂုဏ်ပြုသည့် အခမ်းအနားတွင် ပထမရွှေတံဆိပ်ဆုရရှိသူများအား ငွေကျပ်သိန်း ၃၀၊ ငွေတံဆိပ်ဆုရရှိသူအား ငွေကျပ် သိန်း ၂၀ စီနှင့် ကြေးတံဆိပ်ဆုရရှိသူအား ငွေကျပ် ၁၀ သိန်းစီကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး သန်မြန်သူဆောက်လုပ်ရေးကုမ္ပဏီနှင့် 100 Plus တို့က လည်း ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ရာ စုစုပေါင်းငွေကျပ် ၁၁၈၄ သိန်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

# တိုက်ကြီးတွင် တောဆင်ရိုင်းများဖျက်ဆီးမှုကြောင့် ကြံစိုက်ဧက ၄၀ ကျော်နှင့် နေအိမ်တစ်လုံးပျက်စီး

**တိုက်ကြီး အောက်တိုဘာ ၁၄**

တိုက်ကြီးမြို့နယ် ဖလုံဘူတာကျေးရွာအုပ်စု ကွမ်းသီးမြောင်းကျေးရွာတွင် အောက်တိုဘာ ၁၄ ရက် နံနက် ၃ နာရီခန့်တွင် တောဆင်ရိုင်းအုပ်စုက ကြံစိုက်ဧက ၄၀ ကျော်နှင့် နေအိမ်တစ်လုံး ဖျက်ဆီးသွားကြောင်း ကွမ်းသီးမြောင်းကျေးရွာဒေသခံများ၏ ပြောပြချက်အရ သိရသည်။

“ ကျွန်တော့်မိသားစုတွေ မနည်းလွတ်အောင်ပြေးရတာ၊ အိမ်နောက်ဘေး မီးဖိုချောင်က ဆန်အိုးကို နှာမောင်းနဲ့ လှန်ယူတာ သူ့ကိုယ်နဲ့တိုးမိတော့ အိမ်ပါပြိုတယ်။ မိသားစုတွေ မပြေးရင် အနင်းခံရမှာ ကျိန်းသေတယ်”ဟု တောဆင်ရိုင်းအဖျက်ခံရသည့် အိမ်ပိုင်ရှင် ဦးသိန်းအောင်က ပြောသည်။

အဆိုပါ တောဆင်ရိုင်းများသည် နေ့စဉ်ညနေ ၄ နာရီတွင် အစာရှာထွက်လေ့ရှိပြီး အုပ်စုလိုက်သွားလာတတ်ကြကြောင်း၊ လူနေအိမ်များအတွင်း ဆန်၊ စပါးနှင့် ဆားများအား ရှာဖွေစားတတ်ကြကြောင်း၊ ဒေသခံတောင်သူများနှင့် ထိပ်တိုက်တွေ့ရှိပါက ရန်မူတတ်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းအကောင်ရေ ၄၀ ကျော် အုပ်စုဖွဲ့သွားလာတတ်ပြီး ဆောင်းရာသီ စပါးပေါ်ချိန်နှင့် နွေရာသီများတွင် တိုက်ကြီးမြို့နယ်အရှေ့ဘက်၊ ပဲခူးရိုးမအနောက်ခြမ်းတို့ရှိ ကျေးရွာများတွင် သွားလာအစာရှာထွက်ကြကြောင်း ဆောင်းဦးပေါက် ကြံရာသီပေါ်ချိန်များတွင် စမ်းရွာကျေးရွာ၊ ကင်းမတီကျေးရွာ၊ ကွမ်းသီးမြောင်းရွာ၊ လဟာမငယ်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာရှိ စပါး၊ ကြံခင်းများတွင် တောဆင်ရိုင်းများ ဝင်ရောက်စားတတ်ကြောင်း၊ မြိုင်ဟေဝန်ဆင်စခန်းရှိ ဆင်ဦးစီးတစ်ဦးက ပြောသည်။



“ ဆင်နဲ့တွေ့တဲ့အခါ မေတ္တာထားဖို့လိုတယ်၊ ကျွန်မတို့ တောထဲနေတာကြာပြီ ဆင်နဲ့မကြာခဏတွေ့ပါတယ်။ အမြဲပဲ မေတ္တာပို့တယ်။ တစ်ရက်မှာ ကျွန်မတို့ လှန်းထားတဲ့စပါးတွေကို ဆင်လာစားတယ်။ ကျွန်မက သားကြီး စပါးတွေ အကုန်မစားနဲ့။ ငါတို့စားဖို့ ချန်ဦးလို့ပြောတော့ မော့ကြည့်ပြီး ပြန်ထွက်သွားတယ်။ သူတို့လာရင် လူတွေက စက်ဘီးတာယာတွေ မီးရှို့ပစ်တယ်။ မီးတုတ်တွေနဲ့ပစ်တယ်။ လေးခွနဲ့ချောင်းပစ်တယ်။ သူတို့ကမှတ်ထားတာ၊ ရန်သူဖြစ်သွားတာပေါ့။ ဆင်တွေဟာ အမှတ်အသားကြီးတယ် အကင်းပါးတယ်”လို့ ချောင်းဆောက်ရွာ တဲတိုက်ရှိ အဘွားက ပြောသည်။

ယခုအခါ ဆင်စားကျက်များတွင် လူတို့ဝင်ရောက်လာကြပြီး စိုက်ပျိုးရေးများ ပြုလုပ်ခြင်း၊ သစ်တောများ ထူထောင်ခြင်း၊ လူနေအိမ်များနေထိုင်ခြင်းကြောင့်၊ တောဆင်ရိုင်းများ စားကျက်ပျောက်ကာ စပါး၊ ကြံခင်းများ ဝင်ရောက်စားသောက်ခြင်း၊ လူနှင့် ထိပ်တိုက်တွေ့ဆုံလျှင် ပဋိပက္ခဖြစ်ခြင်းများ ကြုံတွေ့လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

# စဉ့်ကူးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေလျှံကာ ကျေးရွာချင်းဆက်တံတားသုံးစင်းပျက်စီး

**စဉ့်ကူး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်ညက မိုးသည်းထန်စွာ အဆက်မပြတ် ရွာမှုကြောင့် တောင်ကျရေများမြင့်တက်ကာ ကားလမ်းများပေါ်တွင် ရေကျော်ခြင်း၊ ကျေးရွာအချို့ရေများဝင်ရောက်ခြင်း၊ မိုးစပါးများ ရေနစ်မြုပ်ပျက်စီးခြင်းနှင့် ကျေးရွာချင်းဆက်တံတားသုံးစင်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထူးကဲစွာ ရွာသွန်းခဲ့သည့်မိုးကြောင့် မာလဲ-နတ်တောင်ဆည်မှာ ရေပြည့်လျှံခဲ့ပြီး ရေပိုလွှဲမှရေများ လွှတ်ပေးရခြင်းတို့ကြောင့် လက်ပန်လှသဲချောင်းအတွင်း ရေများလျှံတက်ကာ ရွှေပန်းတော-လက်ပန်လှ ကျေးရွာချင်းဆက်တံတားနှစ်စင်း ချဉ်းကပ်လမ်းများ ရေတိုက်စားပျက်စီးခြင်း၊ ကျောက်တိုင်-ရွာသစ်ကလေး ကျေးရွာချင်းဆက်တံတား ရေမျောပါခြင်း၊ စိုက်ပျိုးပြီး မိုးစပါးဧက ၂၃၄ ဧက ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခြင်းနှင့် ညောင်ဝန်းနှင့် ရွှေပြည်ကြား ကားလမ်းပေါ်တွင် ရေကျော်ခဲ့ပြီး ခရီးသွားလာမှုများ ခေတ္တရပ်ဆိုင်းခဲ့သည်။

ယခင်က လက်ပန်လှသဲချောင်းမှာ ယခုကဲ့သို့ မိုးသည်းထန်စွာရွာသည့်အခါတိုင်း နှစ်စဉ်လိုလို ရေစီးသန်မှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်များ၊ လူနှင့်ကျွဲနွားများ မျောပါသေဆုံးမှုများဖြစ်ပေါ်ခဲ့ရာ မာလဲ-နတ်တောင်ဆည်တည်ဆောက်ပြီးချိန်မှစ၍ အဆိုပါ လက်ပန်လှသဲချောင်းတွင် ရေဝင်ရောက်မှု ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်ကာ ထူးကဲစွာ မိုးရွာမှုတို့ကြောင့် တောင်ကျရေများ လွှမ်းမိုးခံရမှုမှာ ရေလှောင်တမံဆည် တည်ဆောက်ပြီးသည့်နောက်ပိုင်း ယခုတစ်ကြိမ်သာရှိသေးကြောင်း သိရသည်။

**မင်းဇော်ဦး(စဉ့်ကူး)**

# နမ့်ဖွန်ချောင်းကူးတံတား ယိုယွင်းပျက်စီးနေမှု အချိန်မီပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့ရှိ နမ့်ဖွန်ချောင်းကူးတံတား ယိုယွင်းပျက်စီးနေမှုကို အချိန်မီပြုပြင်နိုင်ရေး အောက်တိုဘာ ၁၃ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး အောင်နိုင်ဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ဦးစောကျော်သူဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒွန်းနွဲ့နှင့် မိုင်းလွေကျေးရွာအုပ်စုနေ ပြည်သူများ ဘေးလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့သွားလာနိုင်ရေး၊ ဒေသခံပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူနေမှုအဆင့်မြင့်မားလာစေရန် မိုင်းယု-မိုင်းယောင်း အဝေးပြေးကားလမ်းမကြီးနှင့် ဆက်သွယ်ဆောက်လုပ်ပေးခဲ့သည်။

ယခုအခါ တံတားအခင်းအများတွင် ပေါက်ပြဲပျက်စီးပြီး ချဉ်းကပ် လမ်းယိုယွင်းနေသဖြင့် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအတွက် ချောင်းကူးတံတားများပေါ်မှ နေ့၊ ည ကူးသန်းသွားလာရာတွင် ဘေးအန္တရာယ်ရှိသည့်အတွက် အချိန်မီပြုပြင်နိုင်ရန် တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သပိတ်ကျင်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်း၊ တံတားနှင့် သီးနှံများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်

**သပိတ်ကျင်း အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာမှုကြောင့် လမ်း၊ တံတားနှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

သပိတ်ကျင်းမြို့နယ် အတွင်း အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မိုးအဆက်မပြတ် ရွာမှုကြောင့် ခုနစ်မိုင်၊ ချမ်းသာကျေးရွာအုပ်စု အုံးတကူးချောင်းရေလျှံပြီး ရွာအတွင်း ဖြတ်သန်းစီးဆင်းကာ နေအိမ်တစ်လုံး မျောပါပျက်စီးခဲ့ပြီး နှစ်ခန်းပတ်လည် နေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့ကာ ကြက်အကောင် ၁၀၀ ခန့် ရေစီးနှင့်အတူ မျောပါဆုံးရှုံးခဲ့ကြောင်း၊ ကျောက်ကြီးကျေးရွာနှင့် ခုနစ်မိုင် တကောင်းလမ်းအား ဆက်သွယ်ထားသည့် သစ်သားတစ်စင်း မျောပါပျက်စီးခဲ့သည်။

ထို့နောက် မန္တလေး-မိုးကုတ် ကားလမ်းရှိ ကျောက်လှည်းဘီးကျေးရွာအနီး မိုင်တိုင်အမှတ် (၈၆/၂) နှင့်(၈၆/၃)ကြားရှိ ကွန်ကရစ်တံတား ကမ်းကပ်ခုံနှစ်ဖက် ရေထဲမျောပါပျက်စီးပြီး တောင်ပြိုမှုများအား နယ်မြေခံတပ်နှင့် ဒေသခံများ စုပေါင်းရှင်းလင်းဆောက်ရွက်ခဲ့သဖြင့် ယာဉ်သွားလာမှု ပြတ်တောက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

တကောင်းနှင့် ခုနစ်မိုင်အကြားရှိ စိုက်ခင်းများတွင် ရေများဝင်ရောက်မှုကြောင့် စပါးနှင့် နှမ်းသီးနှံများပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး လူအသေအပျောက်မရှိကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# သရက်မြို့နယ် တုတ်ကိုင်းတံတားရေလယ်တိုင်အောက်ခြေနှင့် ကမ်းကပ်ခုံပျက်စီးမှု လွှတ်တော်ကိုယ်စားလှယ်ကြည့်ရှု

**သရက် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်အတွင်း မိုးများအဆက်မပြတ်ရွာမှုကြောင့် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက သရက်မြို့နယ် တုတ်ကိုင်းကျေးရွာအနီး ပွန်းချောင်း ရေလယ်တိုင်အချို့ အောက်ခံခုံနှင့် ကမ်းကပ်ခုံများ ရေတိုက်စားပျက်စီးခဲ့သည်။

အဆိုပါ တုတ်ကိုင်းတံတားကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၃)ပခုက္ကူမှ တာဝန်ရှိ အင်ဂျင်နီယာများက ၂၀၁၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် မတ်လကုန်က တံတားတည်ဆောက်မှု ပြီးစီးခဲ့သည်။

တံတားအရှည်မှာ ပေ ၃၀၀ ရှိပြီး တံတားအကျယ်မှာ ၂၄ ပေရှိသည်။ တံတား၏ ခွင့်ပြုရန်ပုံငွေမှာ ငွေကျပ်သန်း ၈၀၀ ဖြစ်ပြီး မြေထိန်းနံရံခွင့်ပြုငွေမှာ ငွေကျပ် ၆၂ ဒသမ ၃၂ သန်းဖြစ်ကြောင်း သိရသည်။

တုတ်ကိုင်းတံတား ပျက်စီးသွားသည့်နေရာသို့ အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက သရက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများကို အမြန်ဆုံး ပြုပြင်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် ပါရှိသော ပြင်ဦးလွင်မြို့နယ်၌ မြန်မာ့တိုင်းရင်းဆေး ပရဆေးဥယျာဉ်တစ်ခု အကောင်အထည်ဖော်မည်သတင်း၏ ဒုတိယစာပိုဒ်ပါ မြေဧက ၃၂ ဒသမ ၅၀ ဧက အစား ၃ ဒသမ ၅ ဧကဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**တိုင်းရင်းဆေးပညာဦးစီးဌာန**

# အခါလွန်မိုးကောင်းပြီး စစ်တောင်းမြစ်ရေမြင့်တက်၍ ကျေးရွာခွဲပေါင်း ၁၅ ရွာမှ လူဦးရေ ၇၄၀၀ ကျော် ရေဘေးဒုက္ခရောက်နေ

**ရေတာရှည် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံအထက်ပိုင်း ဒေသများ၌ အောက်တိုဘာအတွင်း နေ့စဉ်လိုလို မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့မှုကြောင့် နေပြည်တော် ပေါင်းလောင်းဆည်နှင့် ဆွာချောင်းဆည်တို့မှ ရေများလွှတ်ခဲ့ပြီး စစ်တောင်းမြစ်ရေထောက်ကာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း အောက်တိုဘာ ၁၂ ရက်ကတည်းက မြစ်ရေများ ထပ်မံမြင့်တက်ခဲ့ရာ ယနေ့အထိ စစ်တောင်းမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာအုပ်စုခုနစ်ခု၊ ကျေးရွာခွဲပေါင်း ၁၅ ရွာမှ ဒေသခံပြည်သူ ၇၄၃၉ ဦး ရေဘေးဒုက္ခခံစားနေကြရပြီး ရိတ်သိမ်းဆဲ စပါးခင်းများ ရေများလွှမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိ မြစ်ရေဝင်ရောက်လျက်ရှိသော ကျေးရွာများအနက် မြစ်ရေစီးကြောင်း ထိပ်တည့်တည့်ကျနေသည့် ရဲကုန်းကျေးရွာအုပ်စု ဉသျှစ်ပင်ကျေးရွာ အိမ်ထောင်စု ၂၂၀၊ လူဦးရေ ၈၄၆ ဦးနှင့် ကျွဲရိုင်းပြင်ကျေးရွာနှင့် အုန်းပင်ကွေ့ကျေးရွာများတွင် အိမ်ထောင်စု ၁၂၀၊ လူဦးရေ ၅၀၇ ဦးတို့မှာ ရေဘေးဒုက္ခဆိုးရွားစွာ ခံစားနေရသည့်အတွက် သောက်ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ထမင်းထုပ်များပါ ဝေငှနေရကြောင်း သိရသည်။ “လောလောဆယ်တော့ ရေဘေးကယ်ဆယ်ရေးစခန်းတွေ ဖွင့်ဖို့ မလိုသေးပါဘူး။ မြို့နယ်အဆင့်နဲ့ ကျန်တဲ့မြို့တွေက လတ်တလောလိုအပ်နေတဲ့ သောက်သုံးရေသန့်နဲ့ စားသောက်ဖို့အတွက် စီစဉ်ပေးတာတွေရှိပါတယ်။ ရေကျသွားပြီးတဲ့ နောက်ပိုင်းနဲ့ မြစ်ရေဝင်ရောက်တဲ့ရွာတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ အခြားကူးစက်ရောဂါတွေမဖြစ်ပွားရအောင် မြို့နယ်ကျန်းမာရေးဦးစီးဌာနကိုလည်း ကွင်းဆင်းဖို့ ပြောမယ်။ တပ်နယ်ကိုလည်း ကျန်းမာရေး စောင့်ရှောက်ဖို့ ဆက်သွယ်ပြောရမှာတွေ ရှိပါတယ်။ တစ်ရွာသော်လည်းကောင်း တစ်ရက်ကို နှစ်ရွာနှုန်းနဲ့သော် လည်းကောင်း၊ မဖြစ်မနေ လုပ်ရမှာပါ ”ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ပြောသည်။

ထို့အတူ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရသော ကျွဲ၊ နွား၊ ဝက် အိမ်မွေးတိရစ္ဆာန်များကိုလည်း ကျန်းမာရေးအရ စောင့်ရှောက်မှုများ လိုအပ်မည်ဖြစ်သည့်အပြင် သွားလာရေး ခက်ခဲမှုရှိသော ဒေသများကိုလည်း ကွင်းဆင်းစစ်ဆေးကာ ဌာနအလိုက် အမြန်ဆုံးကူညီဆောင်ရွက်ပေးရန်လည်း ဒေသခံများက လိုလားလျက်ရှိနေသည်။ ပို၍ဆိုးရွားသည်မှာ လတ်တလော ရိတ်သိမ်းတော့မည့် စပါးခင်းများ ရေဝင်နစ်မြုပ်ခြင်းက တောင်သူတို့အတွက် အထိအနာဆုံးဖြစ်ကြောင်း ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။ “ စပါးဈေးလေး ကောင်းလို့ အသက်ရှူချောင်ပြီမှတ်တာ။ အကုန်လုံးမြုပ်ကုန်ပြီဗျာ။ တောင်သူတိုင်းမှာ အကြွေးတွေ ပတ်လည်ဝိုင်းနေတာ အခုရွာတဲ့မိုးဟာ ကျွန်တော်တို့ တောင်သူတွေ အတွက်တော့ ကပ်မိုး ဖြစ်ကုန်ပြီ” ဟု အထက်ပါ တောင်သူများကပင် ဆက်လက်ပြောသည်။



**ကိုလွင်(ဆွာ)**

# တာချီလိတ်မြို့၌ ကားမောင်းနေသူအား ဆိုင်ကယ်စီးလာသူက သေနတ်ဖြင့်ပစ်ခတ်

**တာချီလိတ် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခန့်က ကားမောင်းနေသည့် အမျိုးသားအား ဆိုင်ကယ်ပေါ်မှ လူနှစ်ဦးက သေနတ်ဖြင့်ပစ်ခတ်၍ ထွက်ပြေးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် လပ်ကီးတည်းခိုခန်းရှေ့ လမ်းမပေါ်၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားကြောင်း သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းနှင့်ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ Fortuner ယာဉ်မှာ ခေါက်ဆွဲဆိုင်ရှေ့ အုတ်နံရံအားတိုက်မိကာ ရပ်တန့်နေပြီး ယာဉ်ပေါ်ရှိ ယာဉ်မောင်းသူ အမျိုးသားမှာ ကျည်ဖောက်ဝင် (စိုးရိမ်ရ) ဒဏ်ရာဖြင့် သတိလစ်နေသည်ကို တွေ့ရှိရကြောင်း သိရသည်။

ယာဉ်ပေါ်၌ ဒဏ်ရာရရှိထားသူမှာ လားရှိုးမြို့နယ်တွင် နေထိုင်သူ အသက် ၃၅နှစ် ဝန်းကျင်ရှိ ယိမ်းဖာဆိုသူဖြစ်ပြီး မြောင်စီးတိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသည့် ယိမ်းဖာနှင့် ၎င်း၏ ညီဝမ်းကွဲတော်စပ်သူ ယောစိယတို့သည် လွန်ခဲ့သောတစ်ရက်ခန့်က တာချီလိတ်မြို့သို့ ရောက်ရှိပြီး ဝိန်းကျောက်ဟိုတယ်၌ တည်းခိုနေရာမှ ယနေ့ နံနက် ၁၀ နာရီခန့်က Fortuner ယာဉ်ဖြင့် ဟိုတယ်မှထွက်ခွာလာစဉ် လပ်ကီးတည်းခိုခန်းလမ်းရှေ့အရောက် လမ်း၏ဝဲဘက်ခြမ်းမှ ဆိုင်ကယ်နှင့် အမျိုးသားနှစ်ဦးက သေနတ်ဖြင့် ဆက်တိုက်ပစ်ခတ်သွားပြီး ဆိုင်ကယ်ကို မောင်းနှင်ထွက်ပြေးသွားခဲ့ရာမှ ယာဉ်မောင်းသူ ယိမ်းဖာတွင် ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

# တနင်္သာရီမြို့နယ် တနင်္သာရီ-မောတောင်ကားလမ်းပေါ်၌ တရားမဝင် လက်လုပ်သေနတ်ကိုင်ဆောင်သူနှစ်ဦး ဖမ်းဆီးရမိ

**မြိတ် အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်းခွန်းကျေးရွာအရှေ့ နှစ်မိုင်ခန့်အကွာ ဒေသအခေါ် အထက်ကွမ်းသီးတောအနီး တနင်္သာရီ-မောတောင်ကားလမ်းပေါ်၌ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က လက်လုပ်သေနတ်ကိုင်ဆောင်သူနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ဖြစ်စဉ်မှာ မြိတ်ခရိုင် မှုခင်းအကူတပ်ဖွဲ့မှ ရဲအုပ်ခင်မောင်အေးဦးစီးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က သိန်းခွန်းကျေးရွာ အရှေ့နှစ်မိုင်ခန့်အကွာ ဒေသအခေါ် အထက်ကွမ်းသီးတောအနီးတွင် စောင့်ဆိုင်းနေစဉ် မျိုးသူ (၂၁နှစ်) ချောင်းမွန် (၅) ကျေးရွာ ပြည်ကြီးမဏ္ဍိုင်မြို့နယ်နေသူ မောင်းနှင်ပြီး နောက်တွင် ရဲကို(ခ) နောင်ဖြူ (၂၁နှစ်) ချောင်းလမုကျေးရွာ တနင်္သာရီမြို့နယ်နေသူလိုက်ပါလာသော Wave-100 ဆိုင်ကယ်သည် ချောင်းလမုကျေးရွာဘက်မှ မောတောင်ဘက်သို့ မောင်းနှင်လာစဉ် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် မျိုးသူလွယ်ထားသော လွယ်အိတ်အတွင်းမှ အရှည် ၈ လက်မခွဲခန့်ရှိပြီး သတ္တုဒင်အရှည် သုံးလက်မခန့် သံပြောင်းအရှည် ငါးလက်မခွဲခန့်ပါရှိကာ ပွိုင့်-၃၈ စပါယ်ရှယ်ကျည်ဆန်ဖြင့် ပစ်ခတ်၍ရသော လက်လုပ်သေနတ်အတို တစ်လက်၊ ပွိုင့်-၃၈ စပါယ်ရှယ် ကျည်ဆန်တစ်တောင့်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မျိုးသူနှင့် ရဲကို(ခ)နောင်ဖြူတို့ နှစ်ဦးအား မောတောင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ရေနစ်နေသည့် သုံးဘီးဆိုင်ကယ်ကိုစက်နှိုးစဉ် အနီးတွင်ရှိနေသူ ငါးဦးဓာတ်လိုက်သေဆုံး

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာ အုပ်စု မအူတောကျေးရွာ၌ ယနေ့ နံနက် ၁၁ နာရီခွဲခန့်က လူငါးဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇေယျာသီရိမြို့နယ် မအူတောကျေးရွာနေ ဦးညို၏ နေအိမ်ဝိုင်းအတွင်း ဆည်ရေနစ်ပေခန့် ဝင်ရောက်နေ၍ ရေနစ်နေသော ၄ဟ/---- သုံးဘီးဆိုင်ကယ် ( **အပေါ်ယာပုံ**) ကို မောင်းနှင်သူ ဦးညို၏သား ရဲထွန်းညို (၄၁နှစ်) မအူတောကျေးရွာနေသူက ဆိုင်ကယ်ဦးခေါင်းပိုင်းမှတွန်းပြီး ၎င်း၏ဖခင်ဖြစ်သူ ဦးညို(၇၈နှစ်) မအူတောကျေးရွာ၊ ဦးအေး(၅၄နှစ်) ရေဆင်းကျေးရွာနယ်မြေ(၂)၊ ကံသာအေးကျေးရွာ နေသူများ ဖြစ်ကြသည့် ဆလိုင်းဆောင်းနှင်းမောင်(၁၆)နှစ်၊ ဖိုးသဲ(၂၆နှစ်)၊ သန်းထွန်းအောင် (၂၁နှစ်)တို့က သုံးဘီးဆိုင်ကယ်ကို ဝိုင်းတွန်းစဉ်



ရဲထွန်းညိုက စက်နှိုးခဲ့ရာ ဘက်ထရီမှတစ်ဆင့် ရှော့ဖြစ်ပြီး ၎င်းတို့ခြောက်ဦး ဓာတ်လိုက်ဒဏ်ရာများရရှိကာ ငါးဦးမှာသေဆုံးခဲ့၍ ဦးညိုမှာ ရရှိဒဏ်ရာနှင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

# မူးယစ်ဆေးဝါးဖမ်းဆီးစဉ် သေနတ်ဖြင့်ပြန်လည်ခုခံ

**ထားဝယ် အောက်တိုဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ မှုခင်းအကူဒုရဲမှူး သန်းဇော်ဦး ဦးစီးသောတပ်ဖွဲ့ဝင်များသည် လက်နက်ကိုင်ဆောင် မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်း သတင်းအရ အောက်တိုဘာ ၁၃ ရက် နံနက် ၄ နာရီခန့်က တောင်သုံးလုံးကျေးရွာ ကိုဦး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးစဉ် ကိုဦးမှ ပွိုင့်-၂၂ သေနတ်ဖြင့် ပစ်ခတ်ခုခံခဲ့ရာ ဒုရဲမှူး သန်းဇော်ဦးတွင် သေနတ်ဒဏ်ရာနှစ်ချက်( မစိုးရိမ်ရ )ရရှိခဲ့သဖြင့် ထားဝယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များက ကိုဦး၏နေအိမ်ကို ဝိုင်းထားပြီး အသာတကြည်အဖမ်းခံရန် လက်ကိုင်အသံချဲ့စက်ဖြင့် ပြောကြားကာ နေအိမ်အတွင်းသို့မျက်ရည်ယို ဗုံးသုံးလုံး ပစ်သွင်းခဲ့ရာ ၎င်း၏ဇနီး မသဇင်နှင့် ကလေးနှစ်ဦးတို့နှင့်အတူ ကိုဦးမှာ သေနတ်ကျည်ထိုးမောင်းတင်လျက် ထွက်လာသဖြင့် ရဲတပ်ဖွဲ့ဝင်များက ၎င်းအား ပစ်ခတ်ရာ ကိုဦးအားသေနတ်ဒဏ်ရာများဖြင့် ဖမ်းဆီးရမိပြီး ဆေးဝါးကုသနိုင်ရေးအတွက် ထားဝယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကိုဦး၏နေအိမ်ကို ရှာဖွေရာ ပွိုင့်-၂၂ ပြောင်းရှည် ကျည်ထိုးလျက်တစ်လက်၊ ယင်းကျည် ၃၁ တောင့်၊ ကျည်ခွံနှစ်ခု၊အသံတိတ်ကိရိယာတစ်ခု၊ ပွိုင့်-၃၈ ကျည်ကိုးတောင့်၊ ပွိုင့်-၄၅ ကျည်နှစ်တောင့်၊ ၉မမ ကျည်သုံးတောင့်၊ ၅ ဒသမ ၅၆ ကျည်နှစ်တောင့်၊ ဓားမြှောင်းစုံကိုးချောင်း၊ ပုဆိန်နှစ်လက်၊ ဂက်စ်သုံး ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခုတို့ကို သိမ်းဆည်းရမိပြီး ၎င်း၏နေအိမ်ကို ဝိုင်းထားစဉ် မူးယစ်ဆေးဝါးများ မီးဖို၌ မီးရှို့ဖျက်ဆီးခဲ့သည်ကို တွေ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုဦးနှင့်ဇနီး မသဇင် (၂၈နှစ်) တောင်သုံးလုံးကျေးရွာ ထားဝယ်မြို့နေသူအား ကျောက်မဲတောင်နယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

**(ခရိုင် မြန်/ဆက်)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ အထောက်အထားမရှိသည့် ကလေးသုံးပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၂၅ စီး၊ သွင်းကုန် ၃၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၅၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ဘီးယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကလေးသေးခံ (1×6) ဖာ ၇၀ နှင့် ကိုယ်တိုက်ပလတ်စတစ်ဖတ် (1×100) ဖာ ၄၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၈၀ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာနေဦးတင်နွယ်ဝင်း ၇/ကဝန(နိုင်)၀၅၉၀၂၇၏သမီး မနှင်းဝင်းဝင်းနွယ် ၇/ကဝန(နိုင်)၁၂၂၂၅(ခ) မနှင်းဝင့်ဝင့်မွန်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မနှင်းဝင်းဝင်းနွယ်(ခ)မနှင်းဝင့်ဝင့်မွန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၅၃၃၈၅ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှမော် ၁၀/ပမန(နိုင်)၀၈၅၀၄၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရာဇာမိရာဇ် ဦးပိုင်အမှတ်(၁၁)၊ မြေဧရိယာ ၀ဒသမ ၀၇၇ဧကရှိ ဦးအောင်ဇော်လတ် အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်အား ဦးမောင်ထွေး၉/ရမသ(နိုင်)၁၀၄၇၀၀မှဦးအောင်ဇော်လတ် အမည်ပေါက် နှစ်(၃၀)ဂရန်၊ တပ်ကုန်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်၊ ၂၈/၂၀၁၇၊ ဦးမောင်ထွေး၏မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ရဲစခန်းထောက်ခံချက်မှုရင်းများ တင်ပြ၍ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊တရားရုံး အမိန့်ဒီကရီများဖြင့် အထောက် အထားခိုင်လုံစွာ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၃၄၃)၊ မြေအကျယ်အဝန်း(ပေ၄၀×ပေ၆၀)ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ယခုလက်ရှိပိုင်ရှင် ဦးသိန်းနိုင်ထွန်း ၁၂/ဒဂရ(နိုင်)၀၃၄၂၆၆ မှ မိမိသာလျှင် တစ်ဦးတည်းပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ဝယ်ယူရန်သဘောတူညီ၍ တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်ဝင်း**
**၇/ပခန(နိုင်)၃၁၃၀၅၅**
**၀၉-၇၆၈၉၈၀၉၁၆၊ ၀၉-၅၂၄၀၀၀၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၃)လမ်း၊ အမှတ်(၈၀၂/က)တစ်ခန်းတည်း ၆ ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ)အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဦးတည်းပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရွှေစိန် ၁၂/ဥကတ(နိုင်)၀၆၉၁၅၇ ထံမှ အပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-ဒေါ်ညိုညို ဖုန်း-၀၉-၅၅၀၃၃၁၅၊ ၀၉-၂၅၀၃၇၅၆၂၂**

## ကိုဌေးညွန့် ၈/ရနခ(နိုင်)၀၅၉၈၉၃ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မမြင့်မြင့်အေး ၈/ရနခ(နိုင်)၀၆၀၀၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ကိုဌေးညွန့်တို့သည် ၂၀၀၃ ခုနှစ်မှ စတင်ပေါင်းသင်း နေထိုင်ပြီး သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ကိုဌေးညွန့်သည် ၂၉-၁၀-၂၀၁၅ ရက်တွင် ကျွန်ုပ်မိတ်ဆွေနှင့် စကားများပြီး နေအိမ်မှဆင်းသွားရာမှ ယနေ့အချိန်အထိ ဇနီးနှင့် သမီးထံ တစ်စုံတစ်ရာဆက်သွယ်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းမရှိဘဲ အကြောင်းမဲ့စွန့်ပစ်ထားခဲ့ပါသဖြင့် ကိုဌေးညွန့်နှင့် ကျွန်ုပ်မိတ်ဆွေတို့ လုံးဝသက်ဆိုင်မှုမရှိပါကြောင်းနှင့် ကိုဌေးညွန့်နှင့် ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကိုဌေးညွန့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးမိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၀၅၅)**
**အမှတ်(၈၃/၁၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၉၇၄၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေ၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သီလဝါစက်မှုဇုန်) မြေကွက်အမှတ်(၉၆)၏ စက်မှုလိုင်စင်မိတ္တူမှန်ပြုလုပ်ပေးပါရန် ဦးစောထွန်း ၁၂/မရက(နိုင်)၀၆၆၂၀၆၊မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာတို့နှင့်အတူ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက စက်မှုလိုင်စင်မိတ္တူမှန် ထုတ်ပေးရေးကို ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ငဝန်ကျွန်းသာ ၇လမ်း၊ အကောက်ဆိပ်တောင်အကွက်၊ ဦးပိုင်အမှတ် (၂၈၇)၊ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေအား ဒေါ်သန်းသန်းဌေး၊ ဒေါ်ဟေမာဝင်းဝင်းသန်းအမည်ဖြင့် မြေငှားဂရန်အသစ်ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက် အမှတ်(S-285)၊ ဧရိယာ ၀ဒသမ ၂၂၉ ဧကရှိ ဒေါ်စိုးဇင်နွယ်မြိုင် အမည်ပေါက် ပါမစ်မြေအား ဦးဇေယျာထွန်းညို (ဘ)ဦးဝင်းနိုင် ၁၂/အစန(နိုင်)၁၆၁၀၂၇ မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံး ကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (S-338)၊ ဧရိယာ ၀ဒသမ၂၂၉ ဧကရှိ ဦးဝင်းရှန် အမည်ပေါက် ပါမစ်မြေအား ဦးသန့်စင်လှိုင်(ဘ)ဦးမြင့်လှိုင် ၁၂/မဘန(နိုင်)၁၀၆၄၆၂ မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းမကြီး၊ အမှတ်-၁၅၅တည်ရှိရာ ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၅၂၊ မြေကွက်အမှတ်-၂၅အိပ်ချ်/၂၊ ဦးဘကျော် အမည်ပေါက်၊ မြေအမျိုးအစား နှစ်(၉၀)ဂရန်မြေဖြစ်ပါသည်။ ယင်းမြေပိုင်ဆိုင်သူ ဦးချစ်ဖူး၊ ဒေါ်ညိုတို့၏ အမွေဆက်ခံခွင့်ရှိသူများမှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၁၁၉/၂၀၁၁)၏၃၁-၁-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့် ပဏာမဒီကရီ၊ ၃၀-၁၂-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့်အပြီးသတ်ဒီကရီတို့အရ ဦးဘကျော်၏ အမွေဝေစုအတွက်သားသမီးများဖြစ်သော ဒေါ်ခင်မူမူ ၉/ရမသ(နိုင်)၀၅၉၅၁၃၊ ဦးကြူဝင်း ၁၄/ပသန(နိုင်)၀၁၀၁၃၆၊ ဦးတင်ချစ်(ခ)ဦးတင်ချစ်ညို ၁၂/တမန(နိုင်)၀၈၂၂၆၂၊ ဒေါ်ခင်မြင့်မာ ၁၂/အစန(နိုင်)၀၄၀၅၀၉၊ ဒေါ်ခင်သီတာ ၁၂/အစန (နိုင်)၀၄၀၅၀၈နှင့်မြေးများဖြစ်သော ဦးလွင်ဖုန်းကျော် ၁၂/ဒဂမ(နိုင်)၀၁၅၆၆၉၊ ဦးရန်နိုင်ကျော် ၁၂/ဒဂမ(နိုင်)၀၁၅၈၆၂ တို့မှလည်းကောင်း၊ ဦးဘသော်၏အမွေဝေစုအတွက်(သမီး) ဒေါ်ခင်ခင်ကြီး ၃/ဘအန(နိုင်)၀၁၃၅၃၆မှလည်းကောင်း၊ ဒေါ်တင်အုန်း၏အမွေဝေစုအတွက် (သား)ဦးဝင်းဗိုလ် ၃/ဘအန(နိုင်)၀၅၅၀၀၅နှင့်(သမီး)ဒေါ်ခင်ဆွေဝင်း ၉/မနမ (နိုင်)၀၂၄၂၆၄တို့မှလည်းကောင်း ဦးသန်းညွန့်၏အမွေဝေစုအတွက် သမီးများဖြစ်သော ဒေါ်နွဲ့နွဲ့(ခ)ဒေါ်နွယ်နွယ် ၁၃/လလန(နိုင်) ၀၂၀၆၈၆၊ ဒေါ်စန်းစန်းမြင့် ၉/မနမ(နိုင်)၀၂၄၇၃၁မှလည်းကောင်း၊ ဦးတင်မောင်၏ အမွေဝေစုအတွက် သမီးများဖြစ်သော ဒေါ်ချိုချိုတင် ၁၁/ပတန(နိုင်) ၀၀၀၉၂၂၊ ဒေါ်ဘိုဘိုတင် ၁၂/ဗဟန(နိုင်)၀၃၉၀၂၅နှင့် ဒေါ်ညိုညိုတင် ၁၂/ဗဟန(နိုင်)၀၃၉၀၂၄တို့မှလည်းကောင်း၊ ဦးတင်အောင်၏ အမွေဝေစုအတွက် (ဇနီး)ဖြစ်သူ ဒေါ်မြမြ ၁၂/ဗဟန(နိုင်)၀၆၀၇၉၄မှလည်းကောင်း အသီးသီး အမွေဆက်ခံကြကြောင်း၊ သားသမီး၊ မြေး၊ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ကွယ်လွန်သူတို့၏ သေဆုံးမှုလက်မှတ် အထောက်အထား၊ ဒေါ်နွယ်နွယ်(ခ)ဒေါ်နွဲ့နွဲ့ နှင့် ဒေါ်စန်းစန်းမြင့်၏ ဖခင်ရင်းအမည်မှာ ဦးသန်းညွန့်ဖြစ်ကြောင်းနှင့် ဒေါ်နွယ်နွယ်(ခ)ဒေါ်နွဲ့နွဲ့မှာ တစ်ဦးတည်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ဦးတင်ချစ်(ခ)ဦးတင်ချစ်ညို၏ ဖခင်ရင်းအမည်မှာ ဦးဘကျော်ဖြစ်ကြောင်းနှင့် ဦးတင်ချစ်(ခ)ဦးတင်ချစ်ညိုမှာ တစ်ဦးတည်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူတို့၏ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ တရားရုံးအထောက်အထား လျှောက်ထားမြေဂရန်တို့ကို တင်ပြ၍ ဒေါ်ခင်ခင်ကြီးပါ(၁၆)ဦးမှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဆီးရီးယားနိုင်ငံ အစ္စလာမ္မစ်ထိန်းချုပ်ရာ ရက်ကွာမြို့သို့ ဘတ်စ်ကားများစွာ ညတွင်းချင်း ဝင်ရောက်

**ဘေရွတ် အောက်တိုဘာ ၁၄**

ဆီးရီးယားနိုင်ငံအစ္စလာမ္မစ်ထိန်းချုပ်ရာရက်ကွာမြို့သို့ ညတွင်းချင်း ဘတ်စ်ကားများစွာ ဝင်ရောက်လာခဲ့ကြောင်း ရက်ကွာရှိ လှုပ်ရှားတက်ကြွသူများအဖွဲ့က အောက်တိုဘာ ၁၄ ရက်က ပြောခဲ့သည်။

လှုပ်ရှားတက်ကြွသူများအဖွဲ့က ရက်ကွာမြို့သည် တိတ်တဆိတ် လျှို့ဝှက်လှုပ်ရှားမှုများပြုလုပ်တော့မည့်ပုံစံဖြစ်နေကြောင်း လူမှုစာမျက်နှာဖြစ်သော ဖေ့စ်ဘုတ်ပေါ်တွင် မှတ်ချက်ရေးခဲ့သည်။


မည်သည့်အတွက်ကြောင့် ဘတ်စ်ကားများဝင်ရောက်လာသည်ကို မသိရသေးကြောင်း၊ ဘတ်စ်ကားများသည် ရက်ကွာမြောက်ပိုင်းကျေးလက်ဒေသမှ ရက်ကွာမြို့သို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ကြောင်း လှုပ်ရှားတက်ကြွသူများအဖွဲ့က ပြောခဲ့သည်။

ဆီးရီးယား ပဋိပက္ခခြောက်နှစ်ကျော်ကာလအတွင်းသို့ ဝင်ရောက်လာသည့်အချိန်၌ ပဋိပက္ခဖြစ်ပွားရာဇုန်အတွင်းသို့ ဘတ်စ်ကားများ ဝင်ရောက်လာခြင်းသည် ဘေးကင်းရာသို့ စတင်ပြောင်းရွှေ့မည့်သဘောဖြစ်သည်လားဆိုသည်မှာ ဝေခွဲမရပေ။

ကာ့ဒ်နှင့် အာရပ်ပြည်သူ့စစ်တို့၏ မဟာမိတ်အမေရိကန်ထောက်ခံ ဆီးရီးယားဒီမိုကရက်တစ်အဖွဲ့သည် အိုင်အက်စ်တို့ နောက်ဆုံးခြေကုပ်ယူထားသော ရက်ကွာမှ အိုင်အက်စ်တို့ကို မောင်းထုတ်နိုင်ရေး နောက်ဆုံးစစ်ပွဲဆင်နွှဲသည့်အဆင့်သို့ ရောက်လာပြီဖြစ်သည်။

အဆိုပါဘတ်စ်ကားများ မြို့တွင်းသို့ဝင်ရောက်လာသည့် ကိစ္စနှင့်ပတ်သက်ပြီး ဆီးရီးယားဒီမိုကရက်တစ်အဖွဲ့က မည်သည့်မှတ်ချက်ပြုပြောဆိုခြင်းမှ မပြုလုပ်သေးကြောင်း သိရသည်။

**(ရိုက်တာ)**



# ကမ္ဘောဒီးယားနိုင်ငံတွင် မိုးကြိုးပစ်မှုကြောင့် လူပေါင်း ၇၂ ဦးခန့်သေဆုံး

**ဖနွမ်းပင် အောက်တိုဘာ ၁၄**

၂၀၁၇ ခုနှစ်ပထမကိုးလတာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ မိုးကြိုးပစ်မှုကြောင့် လူပေါင်း ၇၂ ဦးခန့်သေဆုံးခဲ့ကြောင်း၊ အဆိုပါမိုးကြိုးပစ်၍ သေဆုံးခဲ့သော လူဦးရေသည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၂၈ ရာခိုင်နှုန်းခန့် လျော့နည်းကြောင်း အကြီးတန်းသဘာဝဘေးဒုက္ခထိန်းချုပ်ရေးအရာရှိက မကြာသေးမီက ပြောခဲ့သည်။



ယခုနှစ် ဇန်နဝါရီလနှင့် စက်တင်ဘာလကြားတွင် မိုးကြိုးပစ်သေဆုံးခြင်းများအပြင် ရုတ်တရက်ရေကြီးခြင်းနှင့် မုန်တိုင်းများကြောင့်လည်း လူပေါင်း ၃၃ ဦးခန့်သေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ နင်ဖန်ဒါက ပြောခဲ့သည်။

မိုးကြိုးပစ်ခြင်းကြောင့် သေဆုံးသည့်လူဦးရေ လျော့နည်းခဲ့သော်လည်း မိုးကြိုးပစ်ခြင်းသည် သဘာဝဘေးဒုက္ခကြောင့် သေဆုံးမှုများထဲတွင် ထိပ်ဆုံးမှ ပါဝင်နေဆဲရှိကြောင်း ဖနွမ်းပင်၌ ကျင်းပသော အာဆီယံဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနေ့တွင် ၎င်းက ဆက်လက်ပြောခဲ့သည်။

မိုးကြိုးပစ်ခြင်းသည် မိုးရာသီဖြစ်သည့် မေလမှ အောက်တိုဘာလအထိ ဖြစ်ပွားလေ့ရှိပြီး၊ မိုးကြိုးပစ်ခြင်းမှ ကာကွယ်နိုင်ရန် မိုးရွာချိန်တွင် လူများသည် နားခိုရာနေရာများနှင့် အိမ်များအတွင်း နေထိုင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

**(ဆင်ဟွာ)**

## ရွှေ့ပြောင်းဒုက္ခသည်များ ဌာနေသို့ နယ်နှင်ဒဏ်အပေးမခံရရေး အစာငတ်ခံဆန္ဒပြ

**ထရီပိုလီ အောက်တိုဘာ ၁၄**

လစ်ဗျားတွင် ထိန်းသိမ်းခံထားရသော မော်ရိုကိုနိုင်ငံသား တရားမဝင်ရွှေ့ပြောင်းအခြေချသူသည် မော်ရိုကိုနိုင်ငံသို့ နယ်နှင်ဒဏ်အပေးမခံရရေး အစာငတ်ခံဆန္ဒပြခဲ့ကြောင်း လစ်ဗျားအာဏာပိုင်များက မကြာသေးမီက ပြောခဲ့သည်။

တရားမဝင်ရွှေ့ပြောင်းအခြေချသူမော်ရိုကိုနိုင်ငံသားများသည် လွန်ခဲ့သောရက်အနည်းငယ်ကတည်းက အစာငတ်ခံဆန္ဒပြခဲ့ကြောင်း ထရီပိုလီတရားမဝင် ရွှေ့ပြောင်းဒုက္ခသည် ဆန့်ကျင်ရေးဌာနက ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ရွှေ့ပြောင်း ဒုက္ခသည်များကို ဌာနေပြန်ပို့နိုင်ရေးအတွက် ဆောင်ရွက်မှုများ အစောပိုင်းက ထရီပိုလီတရားမဝင်ရွှေ့ပြောင်းဒုက္ခသည်ဆန့်ကျင်ရေးဌာနက အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းဒုက္ခသည်အဖွဲ့၏ အမိမြေသို့ပြန်လည်ပို့ဆောင်ရေး အစီအစဉ်အရ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ဆင်ဟွာ)**

## လစ်ဗျားဒုက္ခသည်များကိုကူညီရန် အထောက်အပံ့များ အီတလီပေးပို့

**ထရီပိုလီ အောက်တိုဘာ ၁၄**

အီတလီနိုင်ငံသည် လစ်ဗျားအနောက်ဘက်မြို့များတွင် ထိန်းသိမ်းထားသည့် ရွှေ့ပြောင်းအခြေချသူများကိုကူညီရန် အရေးပေါ်လူသားချင်းစာနာနားလည်မှုဆိုင်ရာ အထောက်အပံ့များကို ဒုတိယအသုတ်အနေဖြင့် ယခုရက်သတ္တပတ်အတွင်း လစ်ဗျားသို့ ပို့ဆောင်ကူညီသွားမည်ဖြစ်ကြောင်း လစ်ဗျားဆိုင်ရာ အီတလီသံရုံးက မကြာသေးမီက ကြေညာခဲ့သည်။

အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများသည် ဆာဘရာသာနှင့် ဇာဝရာမြို့များသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သံရုံးက တွစ်တာတွင် ဖော်ပြခဲ့သည်။ အဆိုပါဒေသများတွင် အိုင်အက်စ်ဆန့်ကျင်အဖွဲ့များနှင့် ပြိုင်ဘက်လက်နက်ကိုင်တပ်ဖွဲ့များကြား စက်တင်ဘာလလယ်မှစကာ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရာပေါင်းများစွာတိုက်ပွဲများအတွင်း သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း၊ မိသားစုထောင်ပေါင်းများစွာသည် ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာခဲ့ကြောင်း ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်အရ သိရသည်။ **(ဆင်ဟွာ)**

# အီရတ်တပ်ဖွဲ့၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရန် ကာကွတ်သို့ ကာ့ဒ်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာစေလွှတ်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၄**

အီရတ်တပ်ဖွဲ့၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရန်ကာကွတ်သို့ ကာ့ဒ်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာစေလွှတ်ခဲ့ကြောင်း ကာ့ဒ်အာဏာပိုင်များက ပြောခဲ့သည်။ သို့သော်လည်း ကာကွယ်ရေးစည်းကို နှစ်ဖက်တင်းမာမှုများ လျော့နည်းစေရန် အငြင်းပွားရေနံထုတ်လုပ်ရေးဒေသသို့ နောက်ပြန်ဆုတ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်အောက်တိုဘာ ၁၄ ရက်က ဖော်ပြခဲ့သည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာ့ဒ်ဒေသကို သီးခြားခွဲထုတ်ရန်အတွက် ဘဂ္ဂဒက်ဗဟိုအစိုးရသည် ခြေလှမ်းသစ်များ ရှေ့တိုးလုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကာ့ဒ်ပက်ရှ်မာဂါတပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာသည် ကာကွတ်အနီးတစ်ဝိုက်တွင် အသင့်နေရာယူထားကြစဉ် နောက်ထပ်ကာ့ဒ်တပ်ဖွဲ့ဝင် ၆၀၀၀ ခန့် မကြာသေးမီရက်များအတွင်းက ထပ်မံရောက်ရှိလာကြောင်း ကာ့ဒ်ဒေသန္တရအစိုးရ ဒုတိယဥက္ကဋ္ဌကော့စ်ရက်တ်ရာဆူးလ်က ပြောခဲ့သည်။

ကာ့ဒ်အရေးနှင့်ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် အပြည့်အဝအာရုံစိုက်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျင်မက်တစ်က ပြောခဲ့သည်။

"ဒီအချိန်မှာ တစ်ဖက်ဖက်က ပါဝင်မှာမဟုတ်ကြောင်း၊ ပစ်ခတ်မှုတွေလည်းမဖြစ်စေချင်ကြောင်း" မက်တစ်ကပြောခဲ့သည်။ ဒီဖြစ်စဉ်ကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းကာ အပြန်အလှန်ညှိနှိုင်းမှုများပြုလုပ်ပြီး အကောင်းဆုံး ဖြေရှင်းဖို့လိုကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

**(ရိုက်တာ)**



**ကာ့ဒ်ပက်ရှ်မာဂါတိုက်ခိုက်ရေးသမားများကို အီရတ်နိုင်ငံ ကာကွတ်အနောက်တောင်ဘက်၌ အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်**

## နိုင်ငံတကာ သတင်းတိုထွာ

### ယူနက်စကို အမေရိကန်နိုင်ငံအဖွဲ့ကြီးမှ နုတ်ထွက်ရန် ဆုံးဖြတ်

ဝါရှင်တန် အောက်တိုဘာ ၁၄

အမေရိကန်နိုင်ငံသည် ယူနက်စကိုမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တရားဝင်အကျိုးသက်ရောက်မှုရှိမည် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယမန်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံသည် ယူနက်စကိုမှ နုတ်ထွက်ရသည့်အကြောင်းမှာ ကြွေးကျန်များအဆက်မပြတ် တိုးမြင့်လာခြင်း၊ ယူနက်စကို၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လိုအပ်နေခြင်းနှင့် အစ္စရေးအပေါ် ခွဲခြားဆက်ဆံခြင်းတို့ကြောင့် ထိုသို့ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်ချလိုက်ခြင်းသည် အသေအချာ စဉ်းစားဆုံးဖြတ်ပြီးမှ ပြုလုပ် ခြင်းဖြစ်ကြောင်း ရှေ့ဆက်ပြီးတော့လည်း အဖွဲ့ဝင်နိုင်ငံမဟုတ်သည့် လေ့လာသုံးသပ်ရေး နိုင်ငံတစ်ခုအနေဖြင့် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ (ဆင်ဟွာ)

### ထိုင်းဘုရင်ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆွမ်းဆက်ကပ်

ဗန်ကောက် အောက်တိုဘာ ၁၄

လိမ္မော်ရောင်သင်္ကန်းများ ဝတ်ဆင်ထားသော ဆရာတော် ၁၉၉ပါးတို့သည် ဗန်ကောက်ရှိ ဆီရီရာ့ချ်ဆေးရုံကြီး ၌ကျင်းပသော ထိုင်းဘုရင်ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါနေရာသည် လွန်ခဲ့သောနှစ် အောက်တိုဘာ ၁၃ ရက်က ဘဝတစ်ပါးသို့ နတ်ရွာစံသွားသော ထိုင်းဘုရင်ကြီး၏ ဘဝ နေဝင်ချိန်များကို အများဆုံး ဖြတ်သန်းခဲ့ရာနေရာဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ဆရာတော်များကို ဆွမ်းခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပြီးနောက် ဆရာတော်များက တရားတော်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဘုရင်ကြီး၏ စိတ်စေတနာကောင်းများကို အမြဲအောက်မေ့သတိရနေမည် ဖြစ်ကြောင်း၊ ဘုရင်ကြီးချမှတ်ခဲ့သည့် ခြေလှမ်းများအတိုင်း ထက်ကြပ်မကွာ တစ်သဝေမတိမ်း လိုက်လံလုပ်ဆောင်မည်ဖြစ်ကြောင်း ဘုရင်ကြီးတစ်နှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနားတွင် အသက် ၆၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောခဲ့သည်။

ဘုရင်ကြီးကွယ်လွန်သွားခဲ့သည်မှာ တစ်နှစ်ရှိပြီဖြစ်သော်လည်း ယနေ့အချိန်အထိ မိမိတို့၏ အတွေးများထဲမှာ မေ့ပျောက်လို့မရသေးကြောင်း အသက် ၅၈ နှစ်ရှိ မနီးချာဝယ် လစ်နက်က ဆိုသည်။ (ရိုက်တာ)

# ပိုမိုကြီးမားတဲ့ မူးယစ်ကွန်ရက်တွေကို ပစ်မှတ်ထား ဖမ်းဆီးတော့မယ့် ဒူတာတေးရဲ့ နည်းဗျူဟာအပြောင်းအလဲ



ချူးစန္ဒီနွေး

**ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့နဲ့ ပတ်သက်ပြီး အပြောင်းအလဲလေးလုပ်လိုက်တာဟာ နာကျင်နေတဲ့ နှလုံးသားတွေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြောင့် လူတွေသေကျေပျက်စီးမှုများတယ်ဆိုပြီး စိတ်စွဲနေကြတဲ့ အနောက်နိုင်ငံက တိုင်းပြည်တွေကို စိတ်သက်သာရာရစေမှာပါလို့ ကြာသပတေးနေ့ကပဲ ပြောလိုက်ပါတယ်။**

အခု လုပ်လိုက်တဲ့ အပြောင်းအလဲဟာ လမ်းမထက်က မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေကို ဖမ်းဆီးနေရုံတင် မဟုတ်ဘဲ ပိုမိုကြီးမားတဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ရေးကွန်ရက်တွေကို ပစ်မှတ်ထားပြီး ဖမ်းဆီးဖို့ပဲ ဖြစ်တယ်။ ရုပ်မြင်



သံကြားကနေ တစ်ဆင့်မိန့်ခွန်း ပြောကြားရာမှာတော့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတိုက်ပွဲအတွက် တာဝန်ချပေးအပ်ထားတဲ့ ရဲတွေကို ဖယ်ရှားပြီး Philippine Drug Enforcement Agency ( PDEA) ကို တာဝန်ချခဲ့တယ်လို့ ကြေညာခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ဖိလစ်ပိုင်တွေ အများအပြား သေကျေပျက်စီးရတယ်လို့ စွပ်စွဲခံထားရတဲ့ သူရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်မှုကို ဝေဖန်ကြတဲ့ နိုင်ငံတကာက အဖွဲ့အစည်းတွေကို ပစ်ပစ်နှစ်နှစ် ပြောဆိုကြိမ်းမောင်းမှုတွေ ပြုလုပ်ခဲ့ပါတော့တယ်။

"ဖိလစ်ပိုင်မှာ မူးယစ်ဆေးဝါးတိုက်ဖျက်မှုဖြစ်စဉ်အတွင်း အာဏာကို အလွဲသုံးတဲ့ ရဲတွေကြောင့် ကုန်သွယ်ရေးဆိုင်ရာအထူးအခွင့်အရေးတွေ ဆုံးရှုံးနိုင်တယ်"လို့ ယခုသီတင်းပတ်အတွင်း သတိပေးမှုတွေ ပြုလုပ်ထားတဲ့ ဥရောပပါလီမန်နဲ့ လူ့အခွင့်အရေးအဖွဲ့အစည်းအချို့ကို ရည်ရွယ်ပြီး ပြောဆိုလိုက်တာပဲဖြစ်တယ်။

လူတွေ ဘယ်လောက်များများ သေတယ်ဆိုတာကိုပဲ အစဉ်တစိုက် ဝေဖန်နေကြတဲ့ ဥရောပသမဂ္ဂက လူတွေကျေနပ်လောက်တဲ့ အဖြေပဲ ဖြစ်မှာပါလို့လည်းပြောခဲ့ပါတယ်။ ဒူတာတေးဟာ ဒီလိုမျိုး သူရဲ့ နည်းဗျူဟာတွေ ပြောင်းလဲလိုက်တာဟာဆိုရင် အနောက်အုပ်စုရဲ့ ဖိအားတွေကြောင့်လားဆိုတာကတော့ မသေချာပါဘူး။

သူရဲ့ အုပ်ချုပ်ရေးအဖွဲ့ကတော့ ဒီလိုမျိုးပြောင်းလဲမှုတွေ လုပ်လိုက်တာဟာ သားကောင်ကြီးကြီး ဖမ်းမိချင်လို့ ဆိုပါတယ်။ လမ်းတွေပေါ်မှာ ဖမ်းတဲ့အဆင့်ကနေ မူးယစ်ဂိုဏ်း အကြီးစားတွေကို ဖမ်းမိချင်လို့ဆိုပါတယ်။ ဒေသဆိုင်ရာ မူးယစ်တိုက်ဖျက်ရေးအဖွဲ့ ၁၈ ဖွဲ့ကို ကြာသပတေးနေ့ကပဲ ဖျက်သိမ်းလိုက်ပါတယ်။

သမ္မတရဲ့ ပြောရေးဆိုခွင့်ရှိသူ အားနက်စတိုအဘယ်လာကတော့ လက်ရှိရည်ရွယ်ချက်အသစ်ဟာ PDEA အဖွဲ့အစည်းအနေနဲ့ စနစ်တကျတပ်ဖြန့်ချထားဖို့ပဲ ဖြစ်တယ်လို့ ပြောပါတယ်။

မူးယစ်ဆေးဝါး ထုတ်လုပ်သူတွေနဲ့ ထောက်ပံ့သူတွေကို ဖမ်းမိဖို့ရာဆင်နွှဲတဲ့ မူးယစ်ဆေးဝါးစစ်ပွဲပဲလို့ လွန်ခဲ့တဲ့တစ်နှစ်ကျော်ခန့်က ပြောခဲ့တဲ့စကားနဲ့ အတော်လေးဆင်တူတာကို တွေ့ရပါတယ်။

ဝေဖန်သူတွေကတော့ ဒါဟာ ဘယ်တုန်းကမှ ဖြစ်မလာခဲ့ပါဘူး။ အသေးစားဖြန့်ဝေသူ၊ သုံးစွဲသူတွေနဲ့ ဆင်းရဲချို့တဲ့သူတွေသာ ရဲတွေရဲ့ သတ်ဖြတ်ခြင်းကို ခံနေရတယ်လို့ဆိုပါတယ်။ ဖိလစ်ပိုင်ရဲတွေကတော့ မူးယစ်အမှုနဲ့ သံသယရှိသူတွေဟာ ဖမ်းဆီးတဲ့အခါ လက်နက်နဲ့ ပြန်လည်ခုခံတာတွေရှိလို့ ပြန်လည်တိုက်ခိုက်ရခြင်းသာဖြစ်ကြောင်း၊ သံသယရှိလို့ ဖမ်းဆီးခံရသူတွေကို သတ်ဖြတ်တာမျိုးမရှိဘူးလို့ ငြင်းဆိုထားပါတယ်။

ဒူတာတေးကတော့ ဥရောပက ဥပဒေပြုအမတ်တွေရဲ့ဖိလစ်ပိုင်နိုင်ငံဟာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ်ကနေ ဆုံးရှုံးနိုင်တယ်ဆိုတဲ့ သတိပေးမှုကို ဒေါသအကြီးအကျယ် ထွက်နေပါတယ်။

အနောက်နိုင်ငံတွေဟာ တခြားတိုင်းပြည်တွေကို ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်ခဲ့ပြီး စစ်ပွဲကိုစတင်ခဲ့သူများသာဖြစ်ကြောင်း၊ အခုအခါမှာလည်း အကြမ်းဖက်သမားတွေကို သူတို့ကိုယ်တိုင်ပဲ ကမ်းခြေအရောက် ပို့ဆောင်နေတာပဲဖြစ်ကြောင်း၊ ဒါတွေအပြင် အရှေ့အလယ်ပိုင်းဒေသက ရေနံတွေကို ခိုးယူနေတာဖြစ်ကြောင်း ဒေါသတကြီးတုံ့ပြန်ခဲ့ပါတယ်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ်ကနေ ရပ်ဆိုင်းခံရဖွယ်ရှိတယ်ဆိုတဲ့ သတိပေးမှုဟာ ဒူတာတေးကို အလွန်ဒေါသထွက်စေပါတယ်။ သူဟာ အဲဒီသတိပေးမှု ပြုလုပ်တဲ့နိုင်ငံတွေကို ဖိလစ်ပိုင်နဲ့ အဆက်အသွယ်ဖြတ်ဖို့ သံတမန်အဆက်အသွယ်ပါဖြတ်တောက်ပစ်ဖို့ လုပ်ရဲတယ်လို့လည်း ဒူတာတေးကဆိုပါတယ်။

ဖိလစ်ပိုင်ဟာ ဆင်းရဲတဲ့အတွက် အခုလို ဝေဖန်ပြောဆိုမှုတွေနဲ့ ကြုံတွေ့နေရတာဖြစ်တယ်။ လက်ရှိသူ့ကို ဝေဖန်နေတဲ့ နိုင်ငံတွေဟာ ပိုက်ဆံလေး ထောက်ပံ့ပြီးနောက် သူတို့စိတ်ကြိုက်ခြယ်လှယ်ဖို့ ကြိုးစားနေသူတွေပဲ ဖြစ်တယ်လို့ ဒေါသတကြီး တုံ့ပြန်ပြောဆိုခဲ့တယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံတွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်ဟာ ဖိလစ်ပိုင်ရဲ့မဟာမိတ်အသစ်တွေဖြစ်တဲ့အတွက် အဲဒီ နှစ်နိုင်ငံဟာဖိလစ်ပိုင်ကို ကုလကနေ မထွက်ခွာရအောင် စွမ်းဆောင်ပေးနိုင်တယ်လို့လည်း ဆိုပါတယ်။

ယခု သီတင်းပတ်ဗုဒ္ဓဟူးနေ့ကလည်း အိုင်အက်စ်စစ်သွေးကြွလိုလားသူတွေကို နှိမ်နင်းနေတဲ့ ဖိလစ်ပိုင်တပ်ဖွဲ့ကို ရုရှားကနေ အကြီးစားစစ်လက်နက်ပစ္စည်းတွေ ထောက်ပံ့ပေးမယ်လို့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ကြေညာခဲ့ပါတယ်။

ရုရှားကနေ ရိုင်ဖယ်အလက် ၅၀၀၀ ထောက်ပံ့ပေးဖို့ ယခုလအတွင်းမှာပဲ ရုရှားနဲ့ သဘောတူလက်မှတ်ထိုးထားတော့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တွေဟာ လက်နက်အကျတွေ ကိုင်စရာမလိုတော့ဘူးလို့ ဆိုပါတယ်။ ဒူတာတေးကတော့တို့တွေဟာ နာမည်ကျော် ကလက်ရှ်နီကော့ဗ်ရိုင်ဖယ်ကို ကိုင်ရတော့မယ်လို့ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တွေကို ပြောကြားခဲ့ပါတယ်။

ဒီလိုပါပဲ ဒူတာတေးဟာ တရုတ်ဆီက လက်နက်အကူအညီတွေလည်း ရရှိထားပါသေးတယ်။ တရုတ်နိုင်ငံကလည်း ရိုင်ဖယ်အလက် ၆၀၀၀၊ စနိုက်ပါအလက် ၁၀၀ လှူဒါန်းထားပါသေးတယ်။

ဒါတွေဟာ အမေရိကန်ရဲ့ အဓိက ပြိုင်ဘက်တွေဖြစ်တဲ့ အကြီးစားလက်နက်ထုတ်လုပ်သူ နှစ်နိုင်ငံနဲ့ မိတ်ဖက်ဖြစ်အောင်လုပ်ထားနိုင်တဲ့ ဒူတာတေးရဲ့ကြိုးစားမှုရလဒ်တွေပါပဲ။ ဒီတော့ ဒူတာတေးဟာ ကုလသမဂ္ဂကနေ ထွက်ရမှာကိုလည်း မစိုးရိမ်တော့ပါဘူး။ သူ့အတွက်မဟာမိတ်အဖြစ် ရုရှားနဲ့ တရုတ်ရှိနေတဲ့အတွက် သူမစိုးရိမ်တာ မဆန်းပါဘူး။

အမေရိကန်ပြည်ထောင်စုကတော့ ဆယ်စုနှစ်ပေါင်းများစွာ ဖိလစ်ပိုင်ရဲ့ ကာကွယ်ရေးမဟာမိတ်ဖြစ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ကတည်းကစပြီး လက်နက်အကြီးစားတွေနဲ့ လေ့ကျင့်ပေးမှုတွေအတွက် ဒေါ်လာတစ်ဘီလီယံခန့် ထောက်ပံ့ပေးခဲ့တာလည်း ဖြစ်တယ်။ ဒါပေမယ့်အခု အချိန်အခါအမှာတော့ ဒူတာတေးနဲ့ အမေရိကန်သမ္မတ ထရန့်ဟာ အစေးမကပ်လှပါဘူး။ ဒူတာတေးဟာလည်း အမေရိကန်အပေါ်ထားတဲ့ သူရဲ့ ရန်လိုတဲ့ စိတ်ထားကိုလည်း ဖုံးကွယ်မထားပါဘူး။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲနဲ့ ပတ်သက်ပြီး မဟာဗျူဟာ အပြောင်းအလဲလုပ်လိုက်ရတာကတော့ ဒူတာတေးအတွက် ခက်ခဲတဲ့ အချိန်တွေပဲ ဖြစ်မှာပါ။

လွန်ခဲ့တဲ့လကတော့ ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦးကို ရဲက ပစ်သတ်လိုက်တာနဲ့ ပတ်သက်ပြီး ဒူတာတေးကို ဆန့်ကျင်သူတွေ ပေါ်ထွက်လာပါတယ်။ ရဲတွေ ပစ်သတ်လိုက်တဲ့ လူတွေဟာ တကယ်ပဲ မူးယစ်ဆေးဖြန့်ဝေသူတွေ ဟုတ်ကော ဟုတ်ရဲ့လားဆိုတဲ့ သံသယတွေ ပြည်သူတွေ စိတ်ထဲမှာ ရောက်လာတယ်လို့လေ့လာမှု စစ်တမ်းတွေက ပြသနေပါတယ်။

လူအင်အား၊ ငွေအင်အား အနည်းငယ်နဲ့ပဲ PDEA ဟာ မူးယစ်ဆေးဝါးနှိမ်နင်းမှုတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ ဆောင်ရွက်ရတော့မှာပဲဖြစ်တယ်။ လွန်ခဲ့တဲ့ဇန်နဝါရီလအတွင်းတုန်းကလည်း ဒူတာတေးဟာ PDEA အဖွဲ့ကို တာဝန်လွှဲပြောင်းပေးခဲ့ပြီး မူးယစ်ဆေးဝါးစစ်ဆင်ရေးတွေမှာ ရဲတွေရဲ့ပါဝင်မှုကို ရပ်ဆိုင်းခဲ့ပါတယ်။


ဒါပေမယ့်လည်း လမ်းပေါ်မှာ မူးယစ်ဆေးဝါးမှုတွေ ပြန်လည်ပေါ်ပေါက်လာတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပဲ သီတင်းပတ်အနည်းငယ်အကြာမှာ ရဲတွေကို မူလတာဝန်ပြန်ပေးခဲ့ပြန်ပါတယ်။ PDEA ရဲ့ပြောရေးဆိုခွင့်ရှိသူ ဒရစ်ကာရီအွန်ကတော့ သူတို့အနေနဲ့ ဒီတာဝန်ကို လုပ်ဆောင်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ ဆိုပါတယ်။

သတင်းအရင်းအမြစ်တွေပေါ်မှာ အခြေခံပြီးတော့ အကြီးစားမူးယစ်ကုန်သည်တွေကိုဖမ်းမယ်။ ဒီလိုလုပ်ခြင်းအားဖြင့် လမ်းပေါ်က အသေးစား မူးယစ်အမှုလေးတွေလည်း ပျောက်သွားမယ်။ သူတို့ ကုန်ကူးနေတဲ့ ကွန်ရက်ကိုလည်း ဖျက်ဆီးနိုင်မယ်လို့ ဆိုပါတယ်။


PDEA ရဲ့စစ်ဆင်ရေး ဆင်နွှဲမှုကြောင့် သေဆုံးရတဲ့အရေအတွက်ဟာ ရဲတွေကြောင့် သေဆုံးရတဲ့ အရေအတွက်ထက်နည်းလို့ လူ့အခွင့်အရေးအုပ်စုတွေနဲ့ မီဒီယာသမားတွေ ပျော်ရွှင်သင့်တယ်လို့ ဒူတာတေးက ဆိုပါတယ်။ မူးယစ်စစ်ဆင်ရေးတွေ၊ သေဆုံးမှုတွေ မရှိတော့ဘူး။ ဒါကြောင့် နာကျင်နေတဲ့နှလုံးသားတွေနဲ့ မီဒီယာသမားတွေ ပိုပြီး အဆင်ပြေလာမယ်။ ကျွန်တော့်ရဲ့လုပ်ရပ်ဟာ ခင်ဗျားတို့ကို စိတ်ကျေနပ်စေဖို့မျှော်လင့်ပါတယ်လို့ ဒူတာတေးက ပြောခဲ့ပါတယ်။

ကိုးကား -ရိုက်တာ


**ဒါတွေဟာ အမေရိကန်ရဲ့ အဓိက ပြိုင်ဘက်တွေဖြစ်တဲ့ အကြီးစားလက်နက်ထုတ်လုပ်သူ နှစ်နိုင်ငံနဲ့ မိတ်ဖက်ဖြစ်အောင်လုပ်ထားနိုင်တဲ့ ဒူတာတေးရဲ့ကြိုးစားမှုရလဒ်တွေပါပဲ။ ဒီတော့ ဒူတာတေးဟာ ကုလသမဂ္ဂကနေ ထွက်ရမှာကိုလည်း မစိုးရိမ်တော့ပါဘူး။ သူ့အတွက် မဟာမိတ်အဖြစ် ရုရှားနဲ့တရုတ်ရှိနေတဲ့အတွက် သူမစိုးရိမ်တာ မဆန်းပါဘူး**












HTOO







# မြန်မာသဒ္ဒါသင်ကြားရေး (၂၄)

မောင်ခင်မင်(ဓနုဖြူ)

"ကြိယာနှစ်လုံးတွဲသုံးတဲ့ ကြိယာပေါင်းတွေမှာ ပေါင်းပုံအမျိုးမျိုးရှိတာ ပြောပြီးပြီနော်။ နေ့တိုင်းပြောတဲ့ ရေးတဲ့နေရာမှာလည်း အဲဒီလိုနှစ်လုံးပေါင်းတွေ အသုံးများတယ်လေ။ ပြောလက်စနဲ့ ကြိယာအကြောင်း ပြောစရာရှိတာ ကလေးတွေ ဆက်ပြောဦးမယ်"

"ပြောပြပါ ဆရာ"

"တစ်ခုကွဲပြားဖို့လိုတာက အသံနှစ်သံပါတဲ့ ကြိယာတစ်ခုဟာ ကြိယာနှစ်လုံးပေါင်းထားတာလား၊ ဒါမှမဟုတ် ခွဲလို့မရတဲ့ အသံနှစ်သံပါတဲ့ ကြိယာလား ဆိုတာ ကွဲပြားဖို့ပဲ"

"ဘယ်လိုဟာမျိုးလဲ ဆရာ"

"ဆိုပါတော့။ 'လိမ်ပြော' ရယ် ၊'လိမ်လည်' ရယ် ၊'လိမ္မာ' ရယ်ဆိုတဲ့ ကြိယာသုံးလုံးကိုယှဉ်ကြည့်ရင် ဆရာဆိုလိုတာကို သိမှာပါ။ 'လိမ်ပြော' ဆိုတာ ကြိယာတစ်လုံးတည်းလား၊ နှစ်လုံးပေါင်းထားတာလား"

"လိမ်ရယ် ပြောရယ် နှစ်လုံးပေါင်းထားတဲ့ ကြိယာပေါင်းပါဆရာ"

"ဟုတ်ပြီ။ 'လိမ်လည်' ကရော"

" 'လိမ်' က အရင်းခံကြိယာပါ၊ 'လည်' က လိမ်နောက်က ဗျည်းတူလိုက်ထားတာပါ။ အဓိပ္ပာယ်မထင်ရှားပါဘူး"

"ဟုတ်တယ်။ 'သူ လိမ်နေသည်' လို့ ပြောရင်လည်း ရတယ်၊ 'သူလိမ်လည်နေသည်' လို့ပြောရင် လည်းရတယ်၊ 'သူလည် နေသည်' လို့ ပြောရင်တော့ တခြားအဓိပ္ပာယ် ဖြစ်သွားမှာပေ့ါ။ ဒါကြောင့် 'လည်' က ဗျည်းတူလိုက်တာဆိုတာ ထင်ရှားတယ်။ ကဲ... လိမ္မာကရော"

"ဟုတ်ကဲ့။ 'လိမ္မာ' ကို 'လိမ်'နဲ့ 'မာ' ထပ်ခွဲလို့ မရပါဘူး ဆရာ။ ခွဲလိုက်ရင်လည်း 'လိမ္မာ'ရဲ့အဓိပ္ပာယ်ကို နှစ်ပိုင်းစလုံးက မဖော်ပြနိုင်ပါဘူး။ ဒါကြောင့် 'လိမ္မာ' ဟာ ကြိယာတစ်လုံးတည်းပါ။ အသံနှစ်သံပါတဲ့ ကြိယာပါ။ ကြိယာပေါင်းမဟုတ်ပါဘူး"

"မင်းတို့ကို စူးစမ်းကြည့်စေချင်လို့ ဆရာပြောပြနေတာပါ။ 'အဲဒီလိုပဲ' 'သနား၊ ကစား၊ ပူဇော်၊ ဋ္ဌာပနာ' ဆိုတဲ့ ကြိယာတွေဟာ အသံတစ်သံထက်ပိုတဲ့ လုံးချင်းကြိယာတွေပဲ။ ထပ်ခွဲလို့ မရဘူးလေ။ 'ပူဇော်' နဲ့ 'ဋ္ဌာပနာ' ကတော့ ပါဠိစကားလုံးတွေကို မွေးစားယူထားတဲ့ ကြိယာတွေပေ့ါ"

"နားလည်ပါပြီ ဆရာ"

"နောက်တစ်မျိုးက နှစ်လုံးပေါင်းထားတဲ့ တချို့ကြိယာတွေက တစ်လုံးချင်းခွဲကြည့်ရင် အဓိပ္ပာယ်မထင်ရှားပေမယ့် နှစ်လုံးပေါင်းရဲ့အဓိပ္ပာယ်က ထင်ရှားနေတယ်။ ပေါင်းထားတဲ့သဘောလည်း ပေါ်လွင်နေတယ်။ အဲဒါမျိုးလည်း ရှိတယ်"

"ဘယ်လို ကြိယာမျိုးလဲ ဆရာ"

" 'ရိုသေ' လို စကားလုံးမျိုးပေ့ါ။ 'ရို' နဲ့ 'သေ' ခွဲလို့ မရပေမယ့် 'ရို'ကို 'ရိုညွတ်၊ ရိုကျိုး' ဆိုတဲ့ စကားလုံးတွေမှာလည်း သုံးတယ်လေ။ ဒီတော့ 'ရို'ဟာ ရိုသေတဲ့ အဓိပ္ပာယ်ရှိတဲ့ စကားလုံးဖြစ်မှာပေ့ါ။ 'သေ' ဟာလည်း 'သေချာ'တို့ 'သေသပ်' တို့မှာပါတဲ့ 'သေ'နဲ့ အဓိပ္ပာယ်ချင်း ဆက်စပ်နေတယ်လို့ယူဆရတယ်လေ။ ဒါကြောင့် 'ရိုသေ' ဟာ အစိတ်အပိုင်းနှစ်ခုပေါင်းထားတဲ့ စကားပေါင်းဖြစ်မယ်လို့ စိတ်ထဲမှာ ခံစားနားလည်နေတယ်။ အဲဒါမျိုးပြောတာပါ"

"မှတ်သားထားပါ့မယ် ဆရာ"

"တချို့စကားလုံးကျတော့ နှစ်ကာလကြာလို့ ပြောင်းလဲနေတဲ့အတွက် တစ်လုံးချင်းအဓိပ္ပာယ်မထင်ရှားပေမယ့် ပြောင်းလဲလာတဲ့ သမိုင်းကြောင်းကို ပြန်လေ့လာကြည့်ရင် မူလတုန်းက အစိတ်အပိုင်းနှစ်ခု ခွဲလို့ရနေတာမျိုးရှိတယ်"

"ပြောပြပါ ဆရာ"

"ကဲ... မင်းက ပြောပါဦး။ 'ဆင်းရဲ' ဆိုတဲ့ စကားလုံးကို ပုဂံကျောက်စာတွေမှာ ဘယ်လိုရေးသလဲဆိုတာလေ"

"ဟုတ်ကဲ့။ ကျွန်တော်ကျောင်းမှာ သင်ရတုန်းက ပုဂံကျောက်စာတွေမှာ 'ဆင်းရဲ' ကို 'ဆိုဝ်ငြယ်' လို့ ရေးတယ်လို့ သင်ရပါတယ် ဆရာ။ နောက်မှ 'ဆင်းရဲ' လို့ ပြောင်းတာပါ"

"အဲဒါမျိုးပြောတာပါ။ ရှားရှားပါးပါး သာဓကမျိုးတော့ ဖြစ်နေတာပေ့ါ။ သဘောတရား ထင်ရှားစေချင်လို့ပါ။ 'ဆိုဝ်ငြယ်' ဆိုတာ 'ဆိုး' နဲ့ 'ငရဲ' ပေါင်းထားတာလေ။ ဆိုးဝါးခြင်းနဲ့ ငရဲနဲ့ ပေါင်းတာပေ့ါ။ ငရဲလို ဆိုးဆိုးဝါးဝါးအခြေအနေကို ဆိုလိုတာပေ့ါ။ ဒီတော့ ပုဂံခေတ်တုန်းက 'ဆိုဝ်ငြယ်' ဟာ အစိတ်အပိုင်းနှစ်ခုပေါင်းထားတဲ့ စကားပေါင်းပဲ။ တဖြည်းဖြည်း အသွင်ပြောင်းပြီး 'ဆင်းရဲ' ဖြစ်လာတော့ 'ဆင်း' နဲ့ 'ရဲ' ကို ခွဲလို့မရတော့ဘူးလေ။ ခွဲရင် အဓိပ္ပာယ်ပျက်သွားမှာပေ့ါ။ ဒီတော့ 'ဆင်းရဲ' ဟာ ခုခေတ်မှာ စကားပေါင်းမဟုတ်တော့ဘဲ အသံနှစ်သံပါတဲ့၊ ခွဲမရတဲ့ စကားလုံးလို့ သတ်မှတ်ရမှာပေ့ါကွယ်"

"ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ"

" ကဲ ကြိယာပေါင်းပုံတွေ အကြောင်းဆက်ရအောင်။ ကြိယာနှစ်လုံးပေါင်းသလို သုံးလုံးပေါင်းတာလည်း ရှိပါတယ်။ နှစ်လုံးပေါင်းလောက်တော့ အသုံး မများဘူးပေ့ါ။ 'လိုက်လျှောက်ကြည့်'၊ 'သွားဝယ်စား'၊ 'ထွက်ထွက်ပြေး' ဆိုတာ မျိုးတွေပေ့ါ"

"ဟုတ်ကဲ့ပါ"

" ၂ လုံးတွဲ ကြိယာပေါင်း နှစ်ခုတွဲသုံးတာမျိုးလည်း အသုံးများပါတယ်။ 'နေထိုင်စားသောက်'၊ 'ရိုက်နှက်ကန်ကျောက်'၊ 'သယ်ယူပို့ဆောင်'၊ 'ကူးသန်းရောင်းဝယ်' ဆိုတာမျိုးတွေ အများကြီးပါပဲ"

"ဟုတ်ကဲ့ပါ"

"မြန်မာစာပါမောက္ခဆရာကြီး ဦးဇေမောင်က ယဉ်ကျေးမှု တဖြည်းဖြည်း နိမ့်ကျလာပုံကို 'နိမ့်ပါး၊ ကျဆင်း၊ တိမ်ကော၊ ပျက်သုဉ်း' ဆိုတဲ့ နှစ်လုံးတွဲကြိယာ လေးလုံးနဲ့ ပုံဖော်ထားပုံကို သတိထားမိပါတယ်။ နိမ့်ရာက ပျက်သုဉ်းသွားတဲ့အထိ ပိုပိုနိမ့်ကျသွားပုံကို ကြိယာတွေနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပြသွားတာမှတ်သားစရာပဲ"

"ဟုတ်ကဲ့၊ မှတ်ထားပါမယ် ဆရာ"

**"တချို့ကြိယာထောက်တွေက အဓိပ္ပာယ်တော့ရှိတယ်။ ကြိယာပြည့်အဖြစ်တော့ မသုံးနိုင်ဘူး။ 'ရက်' တို့၊ 'မိ' တို့လို ကြိယာထောက်တွေပေ့ါ။ 'ရက်' ဆိုတာ မငဲ့ကွက်ဘဲ လုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။ 'တော်တော်ပြောရက်တယ်'၊ 'သူငယ်ချင်းချင်း သတ်ရက်တယ်' ဆိုတာမျိုး သုံးတယ်။ ဒါပေမယ့် 'သူက ရက်တယ်' လို့ ကြိယာပြည့်လို သုံးလို့ မရဘူးမဟုတ်လား"**

"မင်းတို့လည်း မြန်မာစာသင်နေတဲ့ ဆရာ ဆရာမတွေဆိုတော့ သတိထားမိမှာပါ။ မြန်မာစကားမှာ ဆိုလိုတဲ့အဓိပ္ပာယ်ပြည့်စုံအောင် ကြားက'၍'တို့၊ 'ပြီး'တို့၊ 'လျက်' တို့မခံဘဲ ကြိယာတွေချည်း ဆက်တိုက်သုံးလို့ရတယ်ဆိုတာလေ။ ရှေးကအမိန့်တော်တွေကစပြီး ဥပဒေတို့၊ ရုံးသုံးစာတို့မှာ အဲဒီလိုရေးတာတွေရှိတယ်။ 'ထွက်ပြေးတိမ်းရှောင် ပုန်းလျှိုး နေထိုင်' တို့ 'ချစ်ခင် မြတ်နိုး အားကိုး ကြည်ညို လေးစား'တို့ ဆိုတာမျိုးတွေပေ့ါ။ အဲဒီလို ကြိယာတွေအများကြီးတွဲသုံးရင် ခံ့ခံ့ညားညားရှိတယ်၊ လေးနက်တယ်လို့ ယူဆကြတာလေ"

"ဟုတ်ကဲ့...တွေ့ဖူးပါတယ်ဆရာ"

" ကြိယာအကြောင်းပြောရင် မပါမဖြစ်တာက ကြိယာထောက်အကြောင်းပဲ"

"သြော် ဟုတ်ကဲ့ပါ"

"ကြိယာထောက်ကို ဝါစင်္ဂ ၉ ပါးမှာ ပစ္စည်းဆိုတဲ့အမျိုးအစားထဲမှာထည့်ပြီး ကြိယာထောက်ပစ္စည်းလို့ ပြလေ့ရှိတယ်။ ဒီနေရာမှာတော့ ကြိယာနဲ့ တစ်ဆက်တည်းပြတာ ပိုရှင်းမယ်ထင်လို့ ပြောတာလေ"

"ပြောပြပါ ဆရာ"

"ကြိယာထောက်လို့ခေါ်တာက ကြိယာကို အထောက်အပံ့ပြုတဲ့ပစ္စည်း ဖြစ်လို့ပဲ။ ကြိယာရဲ့ အဓိပ္ပာယ်ကို ပိုပြီးထင်ရှားအောင်၊ လေးနက်အောင် စသည်ဖြင့်ပေ့ါ၊ ကြိယာတစ်ခုတည်းသုံးတာထက် ကြိယာထောက်နဲ့ တွဲသုံးတာကများတယ်။ ဒါကြောင့် ကြိယာထောက်အကြောင်း တစ်ဆက်တည်းပြောရတာ"

"သာဓကကလေးတွေပြပါဦးဆရာ"

"ဒါဆို ကြိယာတစ်ခုကိုမူတည်ပြီး ကြိယာထောက်အမျိုးမျိုး တွဲသုံးကြည့်ရအောင်။ 'အဖေထမင်းစားတယ်' လို့ပြောရင် မထူးခြားသလိုပဲ။ ယေဘုယျပြောတဲ့သဘောဖြစ်နေတယ်။ 'အဖေထမင်းစားနေတယ်' လို့ ပြောရင် ဘာထူးခြားသွားသလဲ"

"အဖေ ထမင်းစားတာမပြီးသေးဘူး၊ စားနေတုန်းပဲလို့ ဆိုလိုပါတယ်"

"အဖေထမင်းစားချင်တယ်ဆိုရင်ကော"

"အဖေထမင်းစားဖို့ဆန္ဒရှိတယ်လို့ ဆိုတာမဟုတ်လားဆရာ"

"ဟုတ်ပါတယ်။ အဖေဒီမနက်ထမင်းစားနိုင်တယ်ဆိုရင်ကော"

"အရင်နေ့တွေတုန်းက အဖေထမင်းနည်းနည်းပဲစားတာ ဒီနေ့ပိုပြီးစားတယ်လို့ ဆိုလိုတာပါ"

"အဖေက စောစောထမင်းစားတတ်တယ်ဆိုရင်ကော"

"စောစောစားတဲ့ အလေ့ရှိတယ်လို့ ဆိုလိုတာပါ"

"အဖေထမင်းစားတော့မယ်ဆိုရင်ကော"

"စောစောကတော့ မစားသေးဘူး။ အခုမကြာခင် စားမယ်လို့ဆိုလိုတာပါ"

"ဒီလောက်ဆိုရင် ကြိယာထောက်တွေက ကြိယာကို ဘယ်လိုအထောက်အကူပြုတယ်ဆိုတာ သိသာပါတယ်"

"ဟုတ်ကဲ့ပါ"

"ကြိယာထောက်က သူချည်းသက်သက် မရပ်တည်နိုင်လို့၊ ကြိယာမပါဘဲ ကြိယာထောက်ချည်းသက်သက်သုံးလို့မရဘူး။ ကြိယာနဲ့ အမြဲတွဲသုံးရတယ်လေ" ကြိယာထောက်တွေကို အဆင့်ခွဲကြည့်တာမျိုးလည်းရှိတယ်"

"ဘယ်လိုအဆင့်ခွဲပါသလဲ ဆရာ"

"တချို့ကြိယာထောက်တွေက ကြိယာအဖြစ်သုံးနိုင်တဲ့ ကြိယာထောက်တွေပဲ။ ကြိယာပြည့်အဖြစ် တစ်လုံးချင်းသုံးလို့ရတယ်။ တခြားကြိယာနဲ့ တွဲပြီး ကြိယာထောက်အဖြစ်လည်း သုံးကြတယ်"

"ဘယ်လိုကြိယာထောက်မျိုးတွေလဲ ဆရာ"

" 'နိုင်' တို့ ၊'သင့်' တို့၊ 'ရဲ' တို့လို ကြိယာထောက်တွေပေ့ါ။ ဒီပွဲမှာ သူနိုင်တယ်ဆိုရင် အောင်မြင်တဲ့၊ အစွမ်းသတ္တိရှိတဲ့ အဓိပ္ပာယ်ပေ့ါ။ ဒါပေမယ့် 'သူပြေးနိုင်တယ်' လို့ သုံးရင်တော့ ပြေးတဲ့အစွမ်းသတ္တိရှိတဲ့ အဓိပ္ပာယ်နဲ့ ကြိယာထောက်အဖြစ် သုံးတာလေ။ အဲဒီလိုပဲ 'ဒီပစ္စည်းရဲ့ တန်ဖိုးက သင့်ပါတယ်' လို့ သုံးရင် ကြိယာပြည့်၊ 'မင်းဒီအလုပ်ကို လုပ်သင့်တယ်' လို့ သုံးရင်ကြိယာထောက်ပေ့ါ။ အဲဒီလိုပဲ 'မင်းကတော်တော်ရဲတယ်' လို့ ပြောရင် ကြိယာပြည့်၊ 'မင်းက ဒီကိစ္စကို လုပ်ရဲတယ်နော်' လို့ ပြောရင် ကြိယာထောက်ပေ့ါ"

"ဟုတ်ကဲ့ပါ"

"တချို့ကြိယာထောက်တွေက အဓိပ္ပာယ်တော့ရှိတယ်။ ကြိယာပြည့်အဖြစ်တော့ မသုံးနိုင်ဘူး။ 'ရက်' တို့၊ 'မိ' တို့လို ကြိယာထောက်တွေပေ့ါ။ 'ရက်' ဆိုတာ မငဲ့ကွက်ဘဲ လုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။ 'တော်တော်ပြောရက်တယ်'၊ 'သူငယ်ချင်းချင်း သတ်ရက်တယ်' ဆိုတာမျိုးသုံးတယ်။ ဒါပေမယ့် 'သူက ရက်တယ်' လို့ ကြိယာပြည့်လို သုံးလို့ မရဘူးမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

" 'မိ' လည်း မလုပ်သင့်ဘဲ လုပ်လိုက်တဲ့အဓိပ္ပာယ်၊ အခြေအနေအရလုပ်လိုက်ရတဲ့ အဓိပ္ပာယ်ရှိတယ်။ 'အန္တရာယ်ရှိမှန်း သိရက်သားနဲ့ အဲဒီနေရာကို သွားမိတယ်' ဆိုတာမျိုးပေ့ါ။ 'မိ' တစ်လုံးတည်းကိုတော့ ကြိယာပြည့်လို အဲဒီအဓိပ္ပာယ်နဲ့ သုံးလို့ မရဘူးလေ"

"ဟုတ်ကဲ့ပါ"

"တချို့ကြိယာထောက်တွေကျတော့ အဲဒီလိုအဓိပ္ပာယ်မျိုး ထင်ထင်ရှားရှား မရှိဘူးလေ။ 'သွားကြတယ်' ဆိုရင် 'ကြ' ဟာ အများပြုလုပ်ကြောင်း ဖော်ပြတဲ့ သဘောပဲရှိတယ်။ 'ရှိပါတယ်'ဆိုရင် 'ပါ' ဟာ ယဉ်ယဉ်ကျေးကျေးပြောတဲ့ သဘောပဲ ရှိတယ်။ 'ဖြစ်ပေသည်' ဆိုရင် 'ပေ' ဟာ လေးနက်အောင်သုံးတဲ့ သဘောပဲရှိတယ်။ 'ရက်' တို့၊ 'မိ' တို့လို အဓိပ္ပာယ်တစ်ခုခု ထင်ထင်ရှားရှား မရှိဘူးလေ"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ကြိယာနဲ့ ကြိယာထောက်ဟာ ပူးကပ်နေတဲ့အတွက် မဟုတ်သဘောကို ဖော်ပြရင် 'မ' ကို ကြိယာနဲ့ ကြိယာထောက်ကြားမှာ ထည့်လို့ မရဘူး။ 'မသွားနိုင်၊ မလုပ်သင့်၊ မပြောရက်၊ မစားချင်' ဆိုတာမျိုးတွေကြည့်ရင် 'မ'ထည့်ပုံကို တွေ့နိုင်ပါတယ်။ အဲ... ကြိယာနှစ်လုံးထပ်ထားတာတို့၊ နာမ်နဲ့ ကြိယာ ကပ်ထားတာတို့ဆိုရင်တော့ 'မ' ကို ကြားထဲမှာ ထည့်လို့ရတယ်။ 'ထွက်မပြေး၊ ဝယ်မသွား၊ ရေမချိုး၊ မိုးမရွာ' ဆိုတဲ့ အသုံးတွေကိုကြည့်ပေ့ါ။ ကြိယာနဲ့ ကြိယာထောက်နဲ့ စကားလုံးချင်းတူနေတာမျိုးမှာ အဲဒီနည်းနဲ့ ခွဲကြည့်နိုင်တယ်"

"ဘယ်လိုပါလဲ ဆရာ"

" 'စားကောင်းတယ်' ဆိုတဲ့ အသုံးကို ကြည့်လေ။ စားလို့ ကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်ဆိုရင် 'စား' နဲ့ 'ကောင်း'ဟာ ကြိယာနှစ်ခုပေ့ါ။ စားလို့သင့်တော်တယ်၊ စားသင့်တယ်ဆိုရင်တော့ ကောင်းက ကြိယာထောက်ပေ့ါ။ ဒါကြောင့် 'ကောင်း' ကို ကြိယာပြည့်လိုသုံးရင် 'စားမကောင်းဘူး' လို့ သုံးပေမယ့် 'ကောင်း' ကို ကြိယာထောက်လို့ သုံးရင်တော့ 'မစားကောင်းဘူး' လို့ သုံးရတယ်လေ။ ကဲ... နားကြဦးစို့"

# ကိုယ်ဝန်ဆောင်ကာလအစောပိုင်းမှာ မိခင်အဖျားဝင်ခြင်းက ကလေးငယ်အတွက်အန္တရာယ်ရှိ

ကလျာမိုးမြင့်

ကိုယ်ဝန်ဆောင်ကာလအစောပိုင်းမှာ အပြင်းဖျားတာက အန္တရာယ်ရှိတဲ့ ဖျားနာမှု ဖြစ်တယ်လို့ စီအန်အန်ကျန်းမာရေးသတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။ ကိုယ်ဝန်ဆောင်ပထမသုံးလပတ် အချိန်အတွင်းမှာ အဖျားဝင်ရောက်ခြင်းကြောင့် သန္ဓေသားကို မွေးရာပါနှလုံးချို့ယွင်းအားနည်းမှုဖြစ်စေနိုင်တဲ့ အန္တရာယ်ပိုများပြီး ကလေးမွေးဖွားလာတဲ့အချိန်မှာလည်း မွေးရာပါနှုတ်ခမ်းကွဲခြင်း၊ အာခေါင်ကွဲခြင်းစတဲ့ မျက်နှာပိုင်းဆိုင်ရာချို့ယွင်းမှုတွေနဲ့ မွေးဖွားလာတတ်တယ်လို့ ဖော်ပြထားပါတယ်။

ကိုယ်ဝန်ဆောင်ချိန်မှာ အဝလွန်နေတာကလည်း မွေးဖွားမှုဆိုင်ရာချို့ယွင်းချက် တွေကို ဖြစ်စေနိုင်ပါတယ်။ ပြီးခဲ့တဲ့အင်္ဂါနေ့က Sience Signaling ဂျာနယ်ထဲမှာ ပုံနှိပ်ဖော်ပြခဲ့တဲ့ လေ့လာမှုအသစ်မှာ ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ ကိုယ်ဝန်ဆောင်ချိန် ပထမသုံးလပတ်ကနေ ရှစ်ပတ်အထိအချိန်ကာလအတွင်းမှာ အဖျားဝင်ရောက်မှုကြောင့် ကလေးငယ်ရဲ့ နှလုံးနဲ့ မေးရိုးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်စေတယ်လို့ သိရပါတယ်။

အဖျားဝင်ရောက်ခြင်းနဲ့ မွေးဖွားမှုဆိုင်ရာ ချို့ယွင်းချက်တွေနဲ့ပတ်သက်ပြီး ပြည်သူလူထုက ပိုပြီးသတိထားမိလာအောင် ကျွန်ုပ်တို့ ဆောင်ရွက်သင့်ပါတယ်။အများအားဖြင့် အမျိုးသမီးတွေဟာ ကိုယ်ဝန်ဆောင်စဉ်အချိန်အတွင်းမှာ ဆေးကုသမှုခံယူရမှာကို သိပ်ပြီးထိတ်လန့်ကြတယ်လို့ Duke တက္ကသိုလ်က ကလေးဆေးပညာဆိုင်ရာ တွဲဖက်ပါမောက္ခ မစ္စတာဘန်နာက ပြောကြားခဲ့ပါတယ်။

အမျိုးသမီးတွေအနေနဲ့ ကိုယ်ဝန်ဆောင်ချိန်အတွင်းမှာ မှီဝဲသောက်သုံးရတဲ့ ဆေးတွေနဲ့ပတ်သက်ပြီး ဖြစ်လာနိုင်တဲ့အန္တရာယ်နဲ့ ကောင်းကျိုးရရှိနိုင်မှုတွေကိုလည်း သူတို့ကိုကြည့်ရှုပေးနေတဲ့ ဆရာဝန်တွေနဲ့ တိုင်ပင်ဆွေးနွေးမှုတွေ ပြုလုပ်နိုင်ဖို့ အသေအချာပြင်ဆင်ထားသင့်ပါတယ်။

လေ့လာမှုအဖွဲ့ဟာ နှလုံး၊ မျက်နှာနဲ့ မေးရိုးပိုင်းဆိုင်ရာ တည်ဆောက်မှုအပိုင်းမှာ အဓိကကျတဲ့ အာရုံကြောဆဲလ်တွေကို သုတေသနအဖွဲ့က အဓိကထားပြီး လေ့လာခဲ့ကြပါတယ်။ လေ့လာစမ်းသပ်မှုအတွင်းမှာ အဖွဲ့သားတွေက ဒီဆဲလ်တွေဟာ အပူချိန်ကို သိပ်ပြီး ခံနိုင်ရည်မရှိတာကို တွေ့ရပါတယ်။ အာရုံကြောဆိုင်ရာ crest cell တွေရဲ့ ကယ်လဆီယမ်လှုပ်ရှားဆောင်ရွက်မှုတွေ ပြောင်းလဲခြင်းဟာ မွေးရာပါနှလုံးအားနည်းမှုကိုဖြစ်စေခဲ့တယ်လို့ သုတေသနပညာရှင်တွေက ခန့်မှန်းတွက်ချက်ခဲ့ကြပါတယ်။ ဗီတာမင် B3 ဟာ သားပျက်သားလျှောခြင်းနဲ့ မွေးဖွားမှုဆိုင်ရာ ချို့ယွင်းချက်တွေမဖြစ်အောင် တားဆီးပေးနိုင်တယ်လို့ သိရပါတယ်။

(စီအန်အန်)

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ပြည့်စုံမှန်ကန်တဲ့အဖြေတွေပေးပြီး နိုင်ငံအတွက် မှန်ကန်ပြည့်စုံတဲ့စာရင်းတွေရအောင် ကူညီကြပါစို့

## ခင်ရတနာ

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် လုပ်သားအင်အားစာရင်းကို ၁၉၉၀ ပြည့်နှစ်တွင် စတင်ကာ ILO ၊UNDPနှင့် UNFPA စသည့်အဖွဲ့အစည်းများ၏ နည်းပညာများ၊ ငွေကြေးအကူအညီများဖြင့် ကောက်ယူခဲ့သည်။ သို့သော် နှစ်ပေါင်း ၂၅ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး အသစ်ပြန်လည်ကောက်ခံရန် လိုအပ်ခြင်းကြောင့် နိုင်ငံ၏ လုပ်သားအင်အား၊ အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့နှုန်းများ၏ လက်ရှိအခြေအနေကို သိရှိနိုင်ရန်အတွက် လုပ်သားအင်အားစစ်တမ်းကို ၂၀၁၅ ခုနှစ်တွင် ပြန်လည်ကောက်ခံနိုင်ခဲ့သည်။ ယခင်က လုပ်သားအင်အားနှင့် စာရင်းဇယားများအတွက် ၁၉၉၀ ပြည့်နှစ်မှ အချက်အလက်များကိုသာ အသုံးပြုခဲ့ကြရသော်လည်း ယခုအခါ အနီးစပ်ဆုံး လုပ်သားဆိုင်ရာ အချက်အလက်များကို ၂၀၁၅ ခုနှစ်လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်းများကို ILO၏ နည်းပညာ၊ ငွေကြေးအကူအညီများဖြင့် လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ကောက်ယူနိုင်ခဲ့ခြင်းဖြင့် နိုင်ငံအတွင်းလုပ်သားများ ဖြစ်တည်မှု အခြေအနေ၊ လုပ်ဆောင်ရန်အချက်အလက်များနှင့် အ လုပ်လက်မဲ့များအတွက် နည်းလမ်းကောင်းများ ပိုမိုထွက်ပေါ်လာခဲ့သည်။ ယခုနှစ်တွင်လည်း အဆိုပါ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိနိုင်စေရန်အတွက် စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို လုပ်ဆောင်နေပြီဖြစ်ရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာအေးအားလုပ်သားအင်အား စစ်တမ်းအကြောင်းကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။လုပ်သားအင်အားစစ်တမ်းမှာပါတဲ့လုပ်သားအင်အား၊ အလုပ်လက်မဲ့စတဲ့သတ်မှတ်ထားတာတွေရဲ့အဓိပ္ပာယ်သတ်မှတ်ချက်ကိုပြောပြပေးပါဦး။**

ဖြေ။ ။အလုပ်လုပ်ကိုင်နိုင်တဲ့အသက်အပိုင်းအခြားကို နိုင်ငံအလိုက်က မိမိနိုင်ငံအပေါ် အခြေခံပြီး သတ်မှတ်ကြပါတယ်။ ILOအနေနဲ့အငယ်ဆုံး ဖြစ်ရမယ့် အသက်ကို ၁၃နှစ်အဖြစ် သတ်မှတ်ထားပါတယ်။ ၂၀၁၅ခုနှစ်မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနဲ့ ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းမှာတော့ အသက် ၁၅ နှစ်အထက်ဆိုပြီး သတ်မှတ်ထားပါတယ်။ ဒါကြောင့် အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အပိုင်းအခြားအသက် ၁၅ နှစ်အထက်မှာရှိတဲ့ လူတစ်ဦးဟာ စစ်တမ်းကောက်ယူတဲ့ ရည်ညွှန်းကာလ ခုနစ်ရက်အတွင်း အနည်းဆုံးတစ်နာရီခန့်ကို လုပ်ခသို့မဟုတ် အမြတ်အစွန်းနဲ့ အလုပ်လုပ်ကိုင်ခဲ့မယ်ဆိုရင် သူ့ကို အလုပ်လက်ရှိအဖြစ် သတ်မှတ်ပါတယ်။အလုပ်လက်မဲ့ဆိုတာကတော့ အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အပိုင်းအခြားအတွင်းမှာ အလုပ်ရဖို့ ရှာဖွေဆောင်ရွက်နေပြီး အလုပ်ရမယ်ဆိုရင် လာမယ့်နှစ်ပတ်အတွင်းမှာ စတင်လုပ်ကိုင်ဖို့ အဆင်သင့်ဖြစ်နေတဲ့သူကို ဆိုလိုပါတယ်။

**မေး။ ။၂၀၁၄ ခုနှစ်တုန်းက ကောက်ခံခဲ့တဲ့ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းက ရလဒ်တွေ နဲ့ ၂၀၁၅ခုနှစ်တုန်းကကောက်ခံတဲ့လုပ်သားအင်အားစစ်တမ်းက ရလဒ်တွေက ကွဲပြားနေတာကို တွေ့ရပါတယ်။ ဘယ်လိုအကြောင်းတွေကြောင့် ကွဲလွဲရပါသလဲ။ ပညာရှင်တွေရဲ့သုံးသပ်မှုတွေရောရှိပါသလား။**

ဖြေ။ ။ILO ရဲ့ Independent Consultant ဖြစ်တဲ့ မစ္စတာအန်တိုနီယိုရီနယ်ဒို ဒစ်ဆန်ဇာကစစ်တမ်းမှာ အဓိကကွဲလွဲချက်ဖြစ်တဲ့လူဦးရေခန့်မှန်းမှုမကိုက်ညီတာနဲ့ စစ်တမ်းမှာအသုံးပြုတဲ့အဓိပ္ပာယ်သတ်မှတ်ချက်အရ အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ဝ ဒသမ ၈ ရာခိုင်နှုန်းဖြစ်နေတာ၊ ပြည်တွင်းနဲ့ပြည်ပရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်တွေ မတူညီတာကို တွေ့ရှိခဲ့ပါတယ်။ ပထမအချက်ဖြစ်တဲ့ ခန့်မှန်းလူဦးရေလျော့နေတဲ့ အပေါ်မှာ စာရင်းအင်းနည်းအရ အလေး (Weight) ကို ပြန်လည်တွက်ချက်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်၊ ကျား/မ၊ မြို့ပြ၊ ကျေးလက်နဲ့ အသက်အုပ်စုတွေအကြား အရေအတွက် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ရွှေ့ပြောင်းလူဦးရေနဲ့ပတ်သက်ပြီးရည်ညွှန်းကာလနဲ့ အချို့နမူနာအိမ်ထောင်စုရွေးချယ်မှုအပေါ်မူတည်ပြီး ကွဲပြားမှုရှိနိုင်တဲ့အတွက် ဒါဟာလက်ခံနိုင်လောက်တဲ့ အခြေအနေတစ်ရပ်အဖြစ် အတည်ပြုပေးခဲ့ပါတယ်။ အလုပ်လက်မဲ့နဲ့ ပတ်သက်ပြီးတော့ သန်းခေါင်စာရင်းနဲ့ လုပ်သားအင်အားစစ်တမ်းမှာ အသုံးပြုခဲ့တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ ရည်ညွှန်းကာလနဲ့ မေးခွန်းလွှာတွေ မတူညီတဲ့အတွက် အခုလိုကွဲလွဲနေရတာဖြစ်ပါတယ်။ သန်းခေါင်စာရင်းမှာ အလုပ်အကိုင်နဲ့ပတ်သက်ပြီး မေးခွန်းသုံးခုပါတယ်။ ရည်ညွှန်းကာလက လွန်ခဲ့တဲ့ ၁၂ လကိုညွှန်းတယ်။ ကျွန်မတို့ စစ်တမ်းမှာတော့ အလုပ်အကိုင်နဲ့ပတ်သက်တဲ့ မေးခွန်းတွေ အများကြီးမေးတယ်။ ရည်ညွှန်းကာလကလည်း ခုနစ်ရက်သတ်မှတ်တာကြောင့် ကွဲလွဲရတာဖြစ်ပါတယ်။ ဒါကြောင့် စစ်တမ်းနှစ်ခု မတူညီဘူးဆိုတာ မေးခွန်း၊ ရည်ညွှန်းကာလနဲ့ အယူအဆ၊ အဓိပ္ပာယ်သတ်မှတ်ချက်တွေ မတူညီတာကြောင့် ဖြစ်ပါတယ်။

**ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ အနေအထားအရ အလုပ်လက်မဲ့ကို ဝ ဒသမ ၈ ရာခိုင်နှုန်းတစ်ခုတည်းနဲ့ သတ်မှတ်ဖော်ပြဖို့မလုံလောက်ပါဘူး။ လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်တဲ့ ၆ ဒသမ ၉ ရာခိုင်နှုန်းနဲ့လည်းယှဉ်တွဲဖော်ပြဖို့ ယှဉ်တွဲစဉ်းစားဖို့ လိုအပ်ပါတယ်။**


၂၀၁၅ ခုနှစ်မြန်မာနိုင်ငံလုပ်သားအင်အား ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း မွန်ပြည်နယ်အတွင်း ကွင်းဆင်း ကောက်ယူနေပုံ

**မေး။ ။လုပ်သားအင်အားနဲ့ လုပ်သားအင်အားမှာ မပါတဲ့သူတွေအကြောင်းလည်း သိလိုပါတယ်။**

ဖြေ။ ။နိုင်ငံ့လူဦးရေကို သုံးမျိုးပိုင်းခြားပါတယ်။ ငယ်ရွယ်သူ၊ အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အပိုင်းအခြား၊ သက်ကြီးရွယ်အိုဆိုပြီး ဖြစ်ပါတယ်။ အလုပ်လက်မဲ့နဲ့ လက်ရှိပေါင်းခြင်းက လုပ်သားအင်အားပဲဖြစ်ပါတယ်။ အလုပ်လက်ရှိမှာလည်း တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့လည်းပါတယ်။ အဲဒီမှာလည်းနှစ်မျိုးထပ်ခွဲတယ်။ သတ်မှတ်အလုပ်ချိန်အောက်လျော့ပြီးလုပ်နေကြသူတွေနဲ့ တတ်မြောက်တဲ့ကျွမ်းကျင်မှုကို အပြည့်အဝအသုံးမချနိုင်တဲ့ အလုပ်လက်မဲ့ဆိုပြီးတော့ပါ။ ဒီစစ်တမ်းမှာ အလုပ်ချိန်နဲ့ ပတ်သက်တဲ့ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ကို တင်ပြထားပါတယ်။ လုပ်သားအင်အားမှာမပါတာက အချိန်ပြည့်ကျောင်းတက်နေသူတွေ၊ သာသနာ့ဝန်ထမ်းတွေနဲ့ မသန်စွမ်းသူတွေ၊ အငြိမ်းစားတွေ၊ ရာသီချိန်ပြင်ပမှာရောက်ရှိနေသူတွေ၊ အလုပ်လုပ်ရတဲ့ အခြေအနေကို လက်သင့်မခံသူတွေဖြစ်ပါတယ်။

**မေး။ ။ကျွန်မတို့နိုင်ငံမှာ အလုပ်လက်မဲ့ရာခိုင်နှုန်းက ဝ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်ဆိုတဲ့စစ်တမ်းက ပြသချက်ကိုအချို့က မဖြစ်နိုင်ဘူးလို ပြောတာရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးရော ရှင်းပြပေးနိုင်ပါသလား။**

ဖြေ။ ။ခုနကပြောသလိုပဲ အဓိပ္ပာယ်သတ်မှတ်ချက်တွေကြောင့်ပါ။ ILO အနေနဲ့ (၁၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာစာရင်းအင်းပညာရှင်များညီလာခံကချမှတ်ခဲ့တဲ့ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုဆိုင်ရာအညွှန်းကိန်းကို နိုင်ငံတော်ရဲ့အလုပ်အကိုင်ဆိုင်ရာမူဝါဒချမှတ်တဲ့နေရာမှာ အသုံးချဖို့ တိုက်တွန်းထားတာရှိပါတယ်။ ဘာကြောင့်လဲဆိုရင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်မရှိ၊ အလုပ်အကိုင်ရွေးချယ်မှုနည်းပါးပြီး အလုပ်လက်မဲ့နှုန်းက နည်းနေတဲ့အတွက် နိုင်ငံရဲ့အလုပ်အကိုင်ဖန်တီးပေးဖို့ အခြေအနေကိုတိုင်းတာဖို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ILOက ချမှတ်ပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့အနေအထားအရ အလုပ်လက်မဲ့ကို ဝ ဒသမ ၈ ရာခိုင်နှုန်းတစ်ခုတည်းနဲ့ သတ်မှတ်ဖော်ပြဖို့မလုံလောက်ပါဘူး။ လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်တဲ့ ၆ ဒသမ ၉ ရာခိုင်နှုန်းနဲ့လည်း ယှဉ်တွဲဖော်ပြဖို့ ယှဉ်တွဲစဉ်းစားဖို့ လိုအပ်ပါတယ်။

**မေး။ ။အလုပ်လက်မဲ့ရာခိုင်နှုန်း ၃၇ ဒသမ ၅ရာခိုင်နှုန်းဖြစ်ကြောင်း လွှတ်တော်ထဲမှာလည်း ဆွေးနွေးခဲ့ဖူးပါတယ်။ အဲဒီရာခိုင်နှုန်းအပေါ်မှာရော ဆရာမတို့အနေနဲ့ ဘယ်လိုယူဆပါသလဲ။**

ဖြေ။ ။ပျမ်းမျှအလုပ်လက်မဲ့ရာခိုင်နှုန်းက လူဦးရေရဲ့ ၃၇ ရာခိုင်နှုန်းကျော်ရှိတယ်ဆိုတာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ရာခိုင်နှုန်းကိုသာ ဆိုလိုတာဖြစ်ပါတယ်။ Underemployment Rate ဆိုတာ သွားရောက်စစ်တမ်းယူတဲ့အချိန်က အိမ်ထောင်စုတွေမှာရှိတဲ့ အသက် ၁၅နှစ်အထက် မိသားစုဝင်တွေရဲ့ လွန်ခဲ့တဲ့ ခုနစ်ရက်အတွင်း တစ်ပတ်ကို ၄၄ နာရီအောက် အလုပ်လုပ်ရတဲ့သူတွေကို ဆိုလိုတာဖြစ်ပါတယ်။ ဒါကြောင့်အဓိပ္ပာယ်ကောက်ယူမှု လွဲမှားရင်စီမံကိန်းတွေချမှတ်ရာမှာလည်း လွဲမှားသွားနိုင်တာမို့ ကိန်းဂဏန်းရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်က အလွန်အရေးကြီးပါတယ်။

**မေး။ ။ကလေးလုပ်သားစစ်တမ်းနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ဒီစစ်တမ်းမှာ ကလေးကို အသက် ၅နှစ်က ၁၇နှစ်အပိုင်းအခြားရှိသူတွေကို လေ့လာပါတယ်။ ကလေးလုပ်သားသတ်မှတ်ချက်ကတော့ အသက် ၅ နှစ်ကနေ ၁၇နှစ်အတွင်း အန္တရာယ်ရှိအလုပ်မှာ တစ်ပတ်အနည်းဆုံး ၁ နာရီအတွက် လုပ်ခသို့မဟုတ် အကျိုးအမြတ်ရဖို့ အလုပ်စေခိုင်းခံရတဲ့ကလေးတွေ၊ အသက်၅နှစ်ကနေ ၁၁နှစ်အတွင်း တစ်ပတ်အနည်းဆုံး ၁ နာရီ လုပ်ခသို့မဟုတ် အကျိုးအမြတ်ရဖို့ ခိုင်းစေခံရတဲ့ကလေးတွေ၊ အသက် ၁၂ နှစ်ကနေ ၁၄ နှစ်အတွင်း လုပ်ခသို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်ကို ၂၄ နာရီထက်ပိုပြီး နေ့ဆိုင်း၊ ညဆိုင်းခိုင်းစေခံရတဲ့ကလေးတွေ၊ အသက် ၁၅ နှစ်ကနေ ၁၇ နှစ်အတွင်း လုပ်ခ သို့မဟုတ် အကျိုးအမြတ်ရဖို့ အတွက် တစ်ပတ်ကို ၄၄ နာရီထက်ပိုပြီး အလုပ်ခိုင်းစေခြင်းခံရတဲ့ ကလေးတွေကို ကလေးလုပ်သားလို့ သတ်မှတ်ပါတယ်။ ကျန်တဲ့အလုပ်လုပ်နေတဲ့ ကလေးတွေကို ကလေးလုပ်သားအဖြစ် မရေတွက်ဘဲ အလုပ်လုပ်နေတဲ့ ကလေးတွေအဖြစ် သတ်မှတ်ထားပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ကလေးလုပ်သားအင်အားက ဘယ်လောက်ရှိပါသလဲ။ ဘယ်လိုကဏ္ဍတွေမှာ အများဆုံးလုပ်ကိုင်နေကြသလဲ။**

ဖြေ။ ။စစ်တမ်းအရ မြန်မာနိုင်ငံမှာ ကလေးဦးရေလို့ သတ်မှတ်ထားတဲ့ အသက် ၅နှစ်ကနေ ၁၇နှစ်အကြား လူဦးရေ ၁၂သန်းရှိပါတယ်။ အလုပ်လုပ်တဲ့ ကလေးတိုင်းဟာ ကလေးလုပ်သားတွေမဟုတ်ပါဘူး။ ကလေးလုပ်သားဦးရေက ကလေးစုစုပေါင်းရဲ့ ၉ ရာခိုင်နှုန်းရှိပါတယ်။ အဲဒီထဲကမှ ၅၄ ဒသမ ၈ ရာခိုင်နှုန်းဟာ အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်မှာ လုပ်ကိုင်နေကြပါတယ်။ ကလေးလုပ်သား အသက်အုပ်စု ၁၅နှစ်ကနေ ၁၇နှစ်အကြားဖြစ်ပါတယ်။ သစ်တောနဲ့ လယ်ယာကဏ္ဍမှာ အများဆုံးလုပ်ကိုင်နေကြပါတယ်။

**မေး။ ။စစ်တမ်းကို ၂၀၁၅ခုနှစ်တုန်းက ကောက်ယူထားတယ်ဆိုတော့ တစ်နှစ်ပဲခြားပြီး ထပ်မံကောက်နေတာလို့ သိရပါတယ်။ ဆက်တိုက်စာရင်းကောက်ခံဖို့ လိုအပ်ပါသလား။ ဘယ်လိုအကျိုးကျေးဇူးရနိုင်မလဲ။**

ဖြေ။ ။၂၀၁၅ခုနှစ်က ကောက်ယူခဲ့တဲ့ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနဲ့ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းရဲ့ပင်မစီမံချက်မှာ မြန်မာနိုင်ငံအနေနဲ့ လုပ်သားအင်အားစစ်တမ်းကို စဉ်ဆက်မပြတ်ကောက်ယူဖို့ ရေးဆွဲခဲ့ပါတယ်။ အဲဒီစီမံချက်အရ လုပ်သားအင်အားဆေးစစ်တမ်းကို ၂၀၁၇ကနေစပြီး နှစ်စဉ်ကောက်ယူဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ခုနှစ် နှစ်စဉ်လုပ်အားစစ်တမ်းကို ၂၀၁၅ခုနှစ်တုန်းက ကောက်ထားတဲ့ စစ်တမ်းနဲ့နှိုင်းယှဉ်ပြီး လုပ်သားဈေးကွက် သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီရရှိဖို့နဲ့ အလုပ်အကိုင်ရရှိမှုနဲ့ အလုပ်လက်မဲ့တွေရဲ့ ရာသီချိန်ပြောင်းလဲမှုအကြားကွာဟတဲ့ အခြေအနေတွေကိုပါ သိရှိနိုင်ဖို့၊ ယုံကြည်စိတ်ချရတဲ့ လုပ်သားအင်အားဆိုင်ရာ အချက်အလက်တွေကို နိုင်ငံအဆင့်၊ မြို့ပြကျေးလက်အဆင့်တို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့အထိ ရရှိနိုင်ဖို့၊ စီမံကိန်းရေးဆွဲသူတွေ၊ မူဝါဒချမှတ်သူတွေကနေ ပြည်သူတွေအတွက် ပိုကောင်းတဲ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒတွေနဲ့ အစီအစဉ်တွေကို ချမှတ်ဖို့ရည်ရွယ်ပြီး တစ်နှစ်ကို နှစ်ကြိမ်ခွဲပြီး စစ်တမ်းကောက်ယူခဲ့တာဖြစ်ပါတယ်။ ILO ရဲ့အဓိပ္ပာယ်သတ်မှတ်ချက်တွေနဲ့အညီ ကောက်ယူနေတာဖြစ်ပါတယ်။

**မေး။ ။စစ်တမ်းကိုတစ်နှစ်မှာဘာလို့ နှစ်ကြိမ်ခွဲကောက်ခံရပါသလဲ။ လွှမ်းခြုံနိုင်မယ့်နယ်ပယ်တွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။နိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်တော့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ရာသီကိုလိုက်ပြီး အလုပ်သမားလိုအပ်မှုအခြေအနေက ပြောင်းလဲပါတယ်။ အလုပ်သမားတွေ အလုပ်အများဆုံးရာသီက အလုပ်အကိုင်ရရှိတဲ့ အခြေအနေဟာ အလုပ်ပါးတဲ့ရာသီက အလုပ်ရရှိတဲ့အခြေအနေနဲ့ ကွာခြားတတ်ပါတယ်။ ဒါကြောင့် အချိန်ခွဲပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်မှာတစ်ကြိမ်၊ စက်တင်ဘာ၊ အောက်တိုဘာနဲ့ နိုဝင်ဘာမှာတစ်ကြိမ် နှစ်ကြိမ်ခွဲပြီးကောက်တာဖြစ်ပါတယ်။ နယ်မြေအလိုက်စာရင်းကောက်ကွက် ၇၈၀ တစ်ကွက်ကို အိမ်ထောင်စုပေါင်း ၁၈ အိမ်နှုန်းနဲ့ အိမ်ထောင်စုပေါင်း ၁၄၀၄၀ ကိုကောက်ပြီး နှစ်ကြိမ်ပြီးပြီဆိုရင် အိမ်ထောင်စုပေါင်း ၂၈၀၈၀ ကို လွှမ်းခြုံနိုင်မှာဖြစ်ပါတယ်။

*စာမျက်နှာ ၂၀ သို့*

# ကျန်းမာဖို့ရာ ချင့်ချိန်စားသုံးပါ

ဒေါက်တာ မြတ်ထွင့်ညွန့်

ကျန်းမာရေးနှင့် ပြီးပြည့်စုံရန်အတွက် အစာအာဟာရကို ထိုက်သင့်သော ပမာဏ အတိုင်းမနည်းလွန်း၊ မများလွန်းစေဘဲ စားသုံးတတ်ရန် လိုပါသည်။ လိုအပ်သည် ထက်လျော့နည်းစွာ စားသုံးနေပါက အာဟာရချို့တဲ့မှုများ ဖြစ်လာနိုင်သလို၊ လိုသည် ထက်လွန်ကဲစွာ စားသောက်နေခြင်းကြောင့် အဝလွန်ခြင်းမှစကာ ဆိုးရွားသော ရောဂါများဖြစ်ပွားလာနိုင်ပါသည်။

**ဘာတွေစားမလဲ**

လူအပါအဝင် သက်ရှိအားလုံးသည် ရှင်သန်နေထိုင်ဖို့အတွက် အာဟာရဓာတ် လိုအပ်သည်။ အာဟာရဓာတ်ဆိုသည်ကလည်း တစ်ခုကောင်း၊ တစ်မျိုးကောင်းကို စားနေရုံဖြင့်မရ၊ အစုံစားသတ္တဝါဖြစ်သည့် လူသားတို့အတွက် အစားအစာအမျိုးအစား စုံလင်အောင် စားတတ်ဖို့ လိုသည်။ စုံအောင် စားရမည်ဆိုလေတိုင်း အမဲသား၊ ငါး စသည့် ဈေးကြီးသည့် အစားအစာတွေကိုသာ စားရမည်ဟု မဆိုလိုပါ။ ဈေးမကြီး သည့်တိုင် အာဟာရဖြစ်မည့် အစားအစာမျိုးကို ရွေးချယ်စားသုံးတတ်လျှင် အာဟာရ လည်းဖြစ်၊ မိသားစုဝင်ငွေနှင့်လည်း ကာမိသော စားဖွယ်ဟင်းလျာများကို ရရှိစားသုံး နိုင်မည်ဖြစ်သည်။ အဓိကအားဖြင့် အစားအစာ အုပ်စု (၇)မျိုးစလုံးကို စုံလင်အောင် စားသုံးရန် လိုပါသည်။

**အစားအစာအုပ်စု(၇)မျိုး**

နေ့စဉ်စားသုံးနေသော အစားအစာများထဲတွင် အောက်ပါ အစားအသောက် အုပ်စု (၇)မျိုးလုံးပါအောင် သတိထားစားသုံးရမည်ဖြစ်သည်။

အုပ်စု(၁) - ထမင်း၊ ဂျုံ၊ ပြောင်း စသည့် ကောက်နှံများ၊ သစ်ဥ သစ်ဖုများ

အုပ်စု(၂) - ဟင်းသီးဟင်းရွက်များ

အုပ်စု(၃) - သစ်သီးဝလံအမျိုးမျိုး

အုပ်စု(၄) - နို့နှင့် နို့ထွက် အစားအစာများ

အုပ်စု(၅) - အသား၊ ငါး၊ ပုစွန်၊ ပင်လယ်စာ၊ ဥအမျိုးမျိုးနှင့် ပဲအမျိုးမျိုး

အုပ်စု(၆) - အခွံမာသီး၊ အစေ့အဆန်နှင့် ဆီအမျိုးမျိုး

အုပ်စု(၇) - ထန်းလျက်၊ သကြား၊ ချောကလက် စသည့် အချိုအမျိုးမျိုး

တို့ဖြစ်သည်။ ထိုအခြေခံအစားအစာများမှာ နေ့စဉ်စားသောက်ရာတွင် အမျိုးအစား စုံလင်စွာ ပါရမည်ဖြစ်သည်။ အုပ်စု(၇)ခုအနက် မည်သည့်အုပ်စုက ပိုကောင်းသည်ဟု မဆိုနိုင်ဘဲ အားလုံးပါဝင်အောင် စားသင့်သည်။ မွေးကင်းစမှ အသက် ၆ လခန့်အထိတွင်သာ မိခင်နို့တစ်မျိုးတည်းကသာ အကောင်းဆုံးနှင့် တစ်ခုတည်းသော အာဟာရဓာတ်ဖြစ်သော်လည်း အသက် ၆ လကျော်မှ စတင်ကာ အကောင်းဆုံးဟု ဆိုနိုင်သည့် အာဟာရအုပ်စု မရှိတော့ပါ။ အားလုံးစုံအောင် စားရမည်ဖြစ်သည်။ အကယ်၍ အစားအစာ အုပ်စုတစ်မျိုးမျိုးကို လျော့နည်းစွာ စားနေမိလျှင် သို့မဟုတ် အစားအစာအုပ်စုတစ်ခုခုကို လိုသည်ထက်ပိုမိုလွန်ကဲစွာ စားသုံးမိနေလျှင် ရေရှည်တွင်ကျန်းမာရေးပြဿနာများ ဖြစ်လာစေနိုင်သည်။ အစားအစာအုပ်စုအစုံကို မျှမျှတတစားသောက်နေပါက ရောဂါဘယကင်းဝေးမည်ဖြစ် သည့်အပြင် မည်သည့်အားဆေးကိုမျှမှီဝဲရန် လိုမည်မဟုတ်ပါ။

**ဘယ်လောက်စားမလဲ**

တစ်ယောက်နှင့်တစ်ယောက် အင်အားဓာတ်(ကယ်လိုရီ)လိုအပ်မှု မတူညီကြပါ။ အသက်အရွယ်အလိုက် ကယ်လိုရီလိုအပ်မှုများ ကွဲပြားပါသည်။ အများအားဖြင့် ကြီးကောင်ဝင်စနှင့် ဆယ်ကျော်သက် အရွယ်များတွင် ကယ်လိုရီအင်အားဓာတ် ပိုလိုလေ့ရှိပြီး ကလေးငယ်များနှင့် အသက်အရွယ်ကြီးလာသည့်အခါများတွင် ကယ်လိုရီ လိုအပ်မှုနည်းလေ့ရှိပါသည်။ ထို့အတူ ယောကျ်ားနှင့် မိန်းမကိုယ်တွင်း ဇီဝဖြစ်စဉ်များ ကွဲပြားသည့်အတွက် အင်အားဓာတ်လိုအပ်မှုချင်းလည်း မတူပါ။ ကိုယ်လက်လှုပ်ရှားမှုများသည့် လက်သမား၊ ကုန်တင်ကုန်ချအလုပ်သမား၊

**မြန်မာအစားအစာများမှ ရနိုင်သောအင်အားဓာတ်(ကယ်လိုရီ)**

| အစားအစာအမည် | အင်အားဓာတ် (ကယ်လိုရီ) |
|---|---|
| ရှမ်းခေါက်ဆွဲ | ၇၄၇ |
| နန်းကြီးသုပ် | ၇၃၅ |
| ကြက်သားဆီချက် | ၄၇၅ |
| ပဲပြုတ်ထမင်းဆီဆမ်း | ၄၃၅ |
| ပဲပြုတ်ထမင်းကြော် | ၄၂၆ |
| ပဲပလာတာ | ၃၇၇ |
| ခေါက်ဆွဲအစုံသုပ် | ၃၇၃ |
| ဘိန်းမုန့် (၁) ချပ် | ၂၈၆ |
| မုန့်ဟင်းခါး | ၂၆၉ |
| ပေါင်မုန့်ထောပတ်သုတ် (၂) ချပ် | ၂၃၈ |
| ကိတ်မုန့် (၂) ချပ် | ၂၃၆ |
| ပဲပြုတ်ကောက်ညှင်းပေါင်း | ၂၀၇ |
| ဆီထမင်း | ၁၈၇ |
| အာလူးကြော် (၂၀) ချပ်ခန့် | ၁၇၈ |
| နွားနို့ (၁) ခွက် | ၁၆၈ |
| ပေါင်မုန့် (၂) ချပ် | ၁၅၀ |
| ပြောင်းဖူးပြုတ် (၁) ဖူး | ၁၄၀ |
| ကြက်ဥကြော် | ၁၂၉ |
| ရခိုင်မုန့်တီ | ၁၂၇ |
| ဖီးကြမ်းငှက်ပျောသီး (၁) လုံး | ၈၅ |
| ကော်ဖီ (၁) ခွက် | ၈၄ |
| ချင်းသုပ် (၁)ဇွန်း | ၈၂ |
| ကြက်ဥပြုတ် | ၈၀ |
| လက်ဖက်သုပ် (၁) ဇွန်း | ၇၈ |
| မုန့်လင်မယား (၅) ခု | ၇၃ |
| လက်ဖက်ရည် (၁) ခွက် | ၆၈ |

ဆိုက်ကားဆရာ စသည့် ပုဂ္ဂိုလ်များနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းသူ စာရေးစာချီ၊ ရုံးဝန်ထမ်းများ၏ အင်အားဓာတ်လိုအပ်ပုံချင်းလည်း ကွဲပြားခြားနားပါသည်။ လူတစ်ဦးချင်းစီအတွက် တစ်နေ့အတွင်း အခြေခံ လိုအပ်သည့် ကယ်လိုရီပမာဏကို ဇယားတွင် လေ့လာနိုင်ပါသည်။ ထို့အတူ မြန်မာလူမျိုးတို့ အစားများသည့် အစား

**နေ့စဉ်လိုအပ်သော ကယ်လိုရီအင်အားဓာတ်**

| အသက် | ကျား | | | မ | | |
|---|---|---|---|---|---|---|
| | အထိုင်များသူ | အသင့်အတင့် လှုပ်ရှားသူ | လှုပ်ရှားမှုများ သူ/ ကာယလုပ်သား | အထိုင်များသူ | အသင့်အတင့် လှုပ်ရှားသူ | လှုပ်ရှားမှုများ သူ/ ကာယလုပ်သား |
| ၃-၅ နှစ် | ၁၂၀၀ | ၁၄၀၀ | ၁၆၀၀ | ၁၂၀၀ | ၁၄၀၀ | ၁၆၀၀ |
| ၆-၉ နှစ် | ၁၆၀၀ | ၁၈၀၀ | ၂၀၀၀ | ၁၄၀၀ | ၁၆၀၀ | ၁၈၀၀ |
| ၁၀-၁၂ နှစ် | ၁၈၀၀ | ၂၂၀၀ | ၂၄၀၀ | ၁၆၀၀ | ၂၀၀၀ | ၂၂၀၀ |
| ၁၃-၁၅ နှစ် | ၂၂၀၀ | ၂၆၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၂၀၀ | ၂၄၀၀ |
| ၁၆-၂၀ နှစ် | ၂၆၀၀ | ၂၈၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၂၀၀ | ၂၄၀၀ |
| ၂၁-၄၀ နှစ် | ၂၄၀၀ | ၂၈၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၂၀၀ | ၂၄၀၀ |
| ၄၁-၆၀ နှစ် | ၂၂၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၈၀၀ | ၂၀၀၀ | ၂၂၀၀ |
| ၆၀ နှစ် အထက် | ၂၀၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၆၀၀ | ၁၈၀၀ | ၂၀၀၀ |

**မြန်မာအစားအစာတချို့တွင် ပါသောအင်အားဓာတ်(ကယ်လိုရီ)**

| အစားအစာအမည် | အင်အားဓာတ် (ကယ်လိုရီ) |
|---|---|
| ကြက်သား ဒံပေါက် (၁) ပွဲ | ၅၂၅ |
| ခေါက်ဆွဲကြော် (၁) ပွဲ | ၃၉၆ |
| ထမင်း (၁) ပွဲ | ၃၀၀ |
| ကြက်သားဟင်း (၁) ပွဲ | ၂၁၆ |
| ဝက်သားဟင်း (၁) ပွဲ | ၂၀၂ |
| ငါးလေးဟင်း (၁) ပွဲ | ၁၈၀ |
| ငါးဖယ်သုပ် (၁) ပွဲ | ၁၃၀ |
| ဘဲဥဟင်း (၁) လုံး | ၁၂၅ |
| ငါးကြော် (၁) ပွဲ | ၁၁၆ |
| ကြက်သားဘူးသီးချက် (၁) ပွဲ | ၉၅ |
| ငါးပိရည် | ၁၅ |

အစာတချို့တွင် ပါဝင်သည့် ကယ်လိုရီ ပမာဏများကိုလည်း လေ့လာနိုင်ရန်ဇယား တွင် ဖော်ပြပေးလိုက်ပါသည်။

**ပိုစားရင်၊ လျော့စားရင် ဘာတွေဖြစ်မလဲ**

အင်အားဓာတ်ကယ်လိုရီသည် မိမိခန္ဓာကိုယ်က လိုအပ်သည့် ပမာဏအတိုင်းသာ ချင့်ချိန်စားသုံးရမည်ဖြစ်သည်။ လိုအပ်သည့် ပမာဏထက် လျော့နည်းပြီး စားနေ မိပါက ရေရှည်တွင် အာဟာရချို့တဲ့ကာ ကျန်းမာရေးကို ထိခိုက်လာနိုင်သည်။ အလား တူ စားသင့်သည့် ပမာဏထက်ပိုကာ အလွန်အကျွံစားမိနေလျှင်လည်း မကောင်းပါ။ အင်အားဓာတ် ကယ်လိုရီ အလွန်အမင်းများပြားစွာ စားသုံးမိခြင်းကြောင့် ပိုလျှံ နေသော အင်အားဓာတ်များကို အဆီအဖြစ်ကိုယ်ခန္ဓာက ပြောင်းလဲသိုလှောင် လေ့ရှိသည်။ ထိုအခါတွင် အဝလွန်ခြင်း၊ သွေးတွင်းအဆီဓာတ်မြင့်တက်ခြင်း၊ ကိုယ်တွင်းကလီစာများတွင် အဆီဖုံးခြင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါစသော ကူးစက်တတ်ခြင်းမရှိသည့် နာတာရှည်ရောဂါများ ဖြစ်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် မိမိအသက်အရွယ် ကိုယ်လက်လှုပ်ရှားမှု အနေအထားအလိုက် လိုအပ် သည့် ပမာဏကိုသာ စားသုံးရန် လိုအပ်ပါသည်။

**ချင့်ချိန်စားသုံးပါ**

ထို့ကြောင့် ကျန်းမာကြံ့ခိုင်ရေးအတွက် အောက်ပါအချက်များကို လိုက်နာရန် တိုက်တွန်းလိုပါသည်။

၁။ အစားအစာအုပ်စု(၇)မျိုးစလုံး ပါဝင်အောင် သတိထားချက်ပြုတ်စားသုံးပါ။

၂။ အစားအစာများကို ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားသုံးပါ။

၃။ မိမိကိုယ်ခန္ဓာအနေအထားနှင့် ကိုက်ညီသော အင်အားဓာတ်(ကယ်လိုရီ) ပမာဏကိုသာ စားသုံးပါ။ မိမိစားသုံးသောပမာဏနှင့် လိုအပ်သောပမာဏကို အမြဲသတိထားချင့်ချိန်ပါ။

အင်အားဓာတ်သည် လိုလည်းမကောင်း၊ ပိုလည်း အန္တရာယ်ရှိသည့်အတွက် မများလွန်း၊ မနည်းလွန်းရလေအောင် သတိထားစားသုံးရန် လိုအပ်ပါကြောင်း သတိ ပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

*စာမျက်နှာ ၁၉ မှအဆက်*

**မေး။ ။ကောက်ယူတဲ့အချက်အလက်တွေမှာ ဘယ်လိုအချက်အလက်တွေကောက် ယူနိုင်မလဲဆိုတာ သိချင်ပါတယ်။**

**မေး။ ။အခုကောက်ယူတဲ့အခါမှာ ဘယ်လိုအချက်တွေအဓိကထားပြီး ကောက်ယူ နေပါသလဲ။**

ဖြေ။ ။နှစ်စဉ်စစ်တမ်းကောက်ယူတဲ့အခါ အလုပ်အကိုင်ဆိုင်ရာ သွင်ပြင် လက္ခဏာတွေကို အဓိကထား ကောက်ယူနေပါတယ်။ အိမ်ထောင်စု စုပေါင်းဖွဲ့စည်းမှု၊ လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာနဲ့ ပညာရေးအဆင့်၊ အသက် အရွယ်အလိုက် အိမ်ထောင်စုဝင်တွေရဲ့ လက်ရှိလှုပ်ရှားမှုနဲ့ အလုပ်အကိုင် ခွဲခြား ဖော်ပြခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်းများကို အပိုင်းခုနစ်ပိုင်း၊ မေးခွန်းပေါင်း ၇၁ ခုနဲ့ ကောက်ယူနေတာဖြစ်ပါတယ်။ စစ်တမ်းကောက်ယူရလာတဲ့အချက်အလက် တွေကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနဲ့အညီ အညွှန်းသင်္ကေတတွေ ခွဲခြားအသုံးပြု မှာ ဖြစ်ပါတယ်။

**မေး။ ။နမူနာကောက်ယူတဲ့အတွက် မဟုတ်တဲ့အမှားတွေ(Non Sampling Error) လိုမျိုးတွေ မဖြစ်အောင်၊ နည်းပါးအောင်ဘယ်လိုဆောင်ရွက် နေပါသလဲ။**

ဖြေ။ ။စစ်တမ်းကောက်တဲ့နေရာမှာ အချက်အလက်မှန်ဖို့၊ မေးခွန်းတွေ သေသေချာချာမေးမြန်းနိုင်ဖို့၊ မေးခွန်းအယူအဆတွေ နားလည်စေဖို့ စာရင်းကောက်ဝန်ထမ်းတွေကို စနစ်တကျနဲ့ သင်ကြားပြသထားသလို ထိုင်းနိုင်ငံမှာ လည်း Data Entry Program မှာ အချက်အလက်တွေရေးသွင်းခြင်း၊ ပြန်လည် စစ်ဆေးခြင်းနဲ့ အမှားပြင်ဆင်ခြင်းတွေကို သင်တန်းတွေတက်ရောက်စေခဲ့ပါတယ်။

**မေး။ ။စစ်တမ်းက ဘယ်လိုအချက်အလက်တွေရှိခဲ့သလဲ။ သိရှိလိုပါတယ်။**

ဖြေ။ ။၂၀၁၅ ခုနှစ် လုပ်သားအင်အား၊ ကလေးလုပ်သားနဲ့ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကောက် ယူနိုင်ခဲ့တဲ့အတွက် လုပ်သားဈေးကွက်၊ သတင်းအချက်အလက်တွေ၊ လုပ်သား အင်အား၊ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့၊ လုပ်သား အင်အား အပြည့်အဝအသုံးမချနိုင်မှု၊ အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ် အတွင်းရှိ လူဦးရေ၊ ကလေးလုပ်သားတွေရဲ့အခြေအနေ၊ လူငယ်တွေရဲ့ကျောင်းအပြီး လုပ်ငန်းခွင်ကူးပြောင်းမှု ပုံစံတွေစတဲ့ အသေးစိတ်အချက်အလက်တွေကို သိခဲ့ရပါ တယ်။ ဒါ့အပြင် မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ နှိုင်းယှဉ်ပြနိုင်တဲ့ စာရင်းဇယားတွေ အရင်ကမပေးပို့နိုင်ခဲ့တဲ့ စာရင်းဇယားတွေကိုပါ ရရှိခဲ့ပါတယ်။ ၂၀၁၇ခုနှစ် လုပ်သားအင်အားစစ်တမ်းမှာ စုစုပေါင်းလူဦးရေနဲ့ ကျားမအချိုး၊ အသက်ငါးနှစ်အထက်စာတတ်မြောက်မှုနဲ့ ပညာရေးအဆင့်၊ အသက် ၁၅နှစ်အထက် အလုပ်လက်ရှိတွေရဲ့ အဓိကအလုပ်အကိုင်၊ အလုပ်ချိန်နဲ့ဝင်ငွေအပြင် အခြားနိုင်ငံ အတွက် လိုအပ်တဲ့ကိန်းဂဏန်းအချက်အလက်တွေကို ရရှိလာမှာပါ။ လာမယ့် ဒီဇင်ဘာလမှာ ၂၀၁၇ခုနှစ်အတွက် လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာ ထွက်ရှိ လာပြီး အဲဒီကအချက်အလက်တွေကို တစ်နိုင်ငံလုံးကို ပြန်လည်ဖြန့်ဝေပေးသွားမှာပါ။

**မေး။ ။ အခြားနိုင်ငံတွေကရော လုပ်သားအင်အားနဲ့ပတ်သက်ပြီး ဘယ်လိုစစ် တမ်းမျိုးတွေထားရှိပါလဲ။**

ဖြေ။ ။စာရင်းအင်းဆိုတာ စာရင်းကောက်တဲ့ကာလမှာ ဖြစ်နေတဲ့ ပုံရိပ်ကို ဖော်ပြတာပါ။ စဉ်ဆက်မပြတ်ပြောင်းလဲတာကိုသိချင်ရင်တော့ စဉ်ဆက် မပြတ်ကောက်ယူနေဖို့ လိုအပ်ပါတယ်။ နိုင်ငံရဲ့လုပ်သားဈေးကွက်ဆိုင်ရာ သတင်း အချက်အလက်အတွက် နိုင်ငံတိုင်းက အလေးထားဆောင်ရွက်နေကြပါတယ်။ အာဆီယံနိုင်ငံတွေမှာတော့ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဗီယက်နမ်နိုင်ငံတွေမှာ နှစ်စဉ်ကောက်ယူနေပါတယ်။ ဖိလစ်ပိုင်နဲ့ ထိုင်းနိုင်ငံတွေမှာတော့ လေးနှစ်တစ်ကြိမ် ကောက်ယူတာကို တွေ့ရပါတယ်။

**မေး။ ။လုပ်သားအင်အားစစ်တမ်းကောက်ယူမှုနဲ့ ပတ်သက်ပြီး အခြားဘာများ ဖြည့်စွက်ပြောချင်ပါသေးသလဲ။**

ဖြေ။ ။လုပ်သားအင်အားစစ်တမ်းဆိုတာ တစ်ကြိမ်တည်းကောက်ရတဲ့ စာရင်း မျိုးမဟုတ်ပါဘူး။ တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝတဲ့ စာရင်းအင်း တွေပြုစုနိုင်မှသာ မူဝါဒတွေချမှတ်တဲ့အခါ၊ စီမံကိန်းတွေရေးဆွဲတဲ့ အခါ၊ သုတေသန လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အထောက်အကူပြုစေမှာဖြစ်ပါတယ်။ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနအနေနဲ့ နိုင်ငံရဲ့စာရင်းအင်းစနစ်ဖွံ့ဖြိုးတိုးတက်စေရေး အတွက်အခန်းကဏ္ဍတစ်ခုမှာ ပါဝင်လျက်ရှိပြီး အလုပ်သမားရေးရာစာရင်းအင်းတွေ ရရှိနိုင်ရေးအတွက် စစ်တမ်းတွေကို ပုံမှန်ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါ တယ်။ ဒါကြောင့် လုပ်သားအင်အားစစ်တမ်းကို စက်တင်ဘာ ၅ ရက်ကနေစကောက် နေပြီး နိုဝင်ဘာ ၃၀ရက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြီးစီးသွားမှာ ဖြစ်ပါ တယ်။ ဒါကြောင့် မိဘပြည်သူတွေအနေနဲ့ ပြည့်စုံမှန်ကန်တဲ့ အဖြေတွေပေးပြီး နိုင်ငံအတွက် မှန်ကန်ပြည့်စုံတဲ့စာရင်းဇယားတွေရအောင် ကူညီကြပါဦးလို့ ပြောချင် ပါတယ်။

ခ ရီး သွား ဆောင်း ပါး

# ခိုလမ်မှသည် နောင်ဖာဆီသို့

**မောင်မောင်မြင့်ဆွေ**

ခိုလမ်မြို့လေးက အေးချမ်းတိတ်ဆိတ်နေသည်။ ကားသံ၊ ဆိုင်ကယ်သံများ ဆူဆူညံညံမကြားရ။ နံနက်စောစောဖြစ်သော်လည်း ခိုလမ်မြို့ခံ တိုင်းရင်းသားများက ဟိုမှသည်မှ လှုပ်ရှားသွားလာနေကြပြီ။ မိုးအကုန်ဆောင်းအကူးမို့လားမသိ၊ ရှမ်းတောင်တန်းတောင်စွယ်တွေအပေါ် မြူနှင်းများက ရစ်သိုင်းအုံ့မှိုင်းလျက်၊ အေးမြသောနံနက်ခင်းရောင်နီပျို့စမှာပင် ခိုလမ်မြို့လေးက အပြစ်ကင်းပြီး အလှသွေးကြွယ်နေသော အပျိုစင်တစ်ဦးကဲ့သို့ဖြစ်နေသည်။

လှပသောခိုလမ်မြို့ နံနက်ခင်းအလှကို တစ်ခဏမျှခံစားနိုင်ပြီး ကျွန်တော်တို့ ခိုလမ်မြို့မှကားဖြင့် ထွက်လာခဲ့ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ ခိုလမ်မြို့သို့ ကျွန်တော်ရောက်ရှိကာ တစ်ညအိပ်ပြီးနောက် နံနက်စောစောတွင်ထကာ နောင်ဖာရွာသို့ထွက်လာခဲ့ကြခြင်းဖြစ်သည်။ နောင်ဖာရွာတွင် နာမည်ကျော်နောင်ဖာကန်နှင့် နောင်ဖာတံတားရှိသဖြင့် ခိုလမ်မြို့သို့ရောက်တုန်းရောက်ခိုက် နောင်ဖာသို့ ရောက်အောင်လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော့် မိတ်ဆွေ ခိုလမ်မြို့သား စိုင်းရီက သူပိုင် 4 Wheelကားဖြင့်လိုက်ပို့ပေးသဖြင့် ကျေးဇူးတင်ရသည်။

တကယ်တော့နောင်ဖာကန်ရှိနေမှန်းကျွန်တော်မသိခဲ့။ ညကအိပ်ရာမဝင်ခင် စိုင်းရီနှင့် ကျွန်တော်စကားပြောရင်း နောင်ဖာကန်ရှိကြောင်း၊ နောင်ဖာတံတားလည်းရှိကြောင်း သိရသဖြင့် ကျွန်တော်သွားချင်သည်ဟုပြောရာမှ စိုင်းရီက မနက်လိုက်ပို့ပေးမည်ဟုပြောသဖြင့် သည်ခရီးကအထမြောက်ခဲ့ခြင်းဖြစ်သည်။ စိုင်းရီ၏ ဇနီး နန်းခမ်းစံက နံနက်စောစော ကောက်ညှင်းပေါင်းနှင့် ဆတ်သားခြောက်ဖုတ်ကို ကျွေးရာ ကျွန်တော်တို့စားပြီးနောက် ခိုလမ်မြို့မှထွက်လာခဲ့ကြခြင်းသည်။

ကျွန်တော်တို့ မော်တော်ကားက ခိုလမ်မြို့မှ ထွက်လာပြီးနောက်ပိုင်း မိုင်းရှူးဘက်သို့သွားသည့်လမ်းအတိုင်းမသွားဘဲ ကျိုင်းတောင်း ရေတံခွန်သို့သွားရာ လမ်းအတိုင်း မောင်းလာခဲ့ကြသည်။ လမ်းတစ်လျှောက် မော်တော်ကားတစ်စီး၊ နှစ်စီးစဖြတ်သန်းသွားသည်ကိုတွေ့ရပြီး တစ်ခါတစ်ရံ ဆိုင်ကယ်သုံးလေးစီးမောင်းနှင်သွားသည်ကို တွေ့ရသည်။ လမ်းဘေးဝဲယာတွင် ကျေးရွာအချို့ကို ခပ်လှမ်းလှမ်းတွင်မြင်ရပြီး စိမ်းစိုနေသော စိုက်ခင်းအချို့ကိုလည်းတွေ့ရသည်။

ခိုလမ်မြို့နှင့်နောင်ဖာရွာက ၆ မိုင်ခန့်ရှိသည်ဖြစ်ရာ ခရီးကမဝေး၊ မိနစ် ၄၀ ခန့် မောင်းနှင်လိုက်သည်နှင့် ခိုလမ်-နောင်ဖာလမ်းခွဲ ဆိုင်းဘုတ်ရှိရာသို့ ရောက်လာခဲ့ကြသည်။ လမ်းခွဲနေရာဆိုင်းဘုတ်အနီး ဒေသခံတိုင်းရင်းသားသုံးဦးတို့အထမ်း၊ အပိုး၊ အလွယ်များဖြင့် မတ်တတ်ရပ်ကာ ကျွန်တော်တို့ကားကို လှမ်းကြည့်လက်ပြနေသည်ကိုတွေ့ရသဖြင့် ပြန်ပြီးလက်ပြနှုတ်ဆက်မိသည်။ ရိုးသားသောဒေသခံတိုင်းရင်းသားများက သူတို့ဒေသသို့လာရောက်သည့် ဧည့်သည်များကို ပြုံးပြဖို့၊ လက်ပြဖို့၊ နှုတ်ဆက်ဖို့ ဝန်မလေးကြသူများပင်။

နောင်ဖာလမ်းခွဲသို့ ချိုးဝင်လိုက်သည်နှင့် ကားလမ်းက အနည်းငယ်မပြေမပြစ်ဖြစ်လာသည်။ အချို့နေရာများတွင် မြေကျင်းငယ်များ ဖြစ်နေသလိုအချို့နေရာများက မြေကြီးမို့မောက်နေသည်။ ဒါကြောင့် စိုင်းရီက 4Wheel ကားဖြင့် လာရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ လင်းခေးမြို့သား ကောင်းစံကိုလည်း နောင်ဖာကန်သို့ သူ၏ 4 Wheel ကားဖြင့်ပင်လိုက်ပို့ခဲ့သည်ဟု စိုင်းရီကပြောပြသည်။ ကျွန်တော်စိုင်းရီနှင့် ကောင်းစံတို့ ၁၉၈၉ ခုနှစ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)သင်တန်းတွင် အတူတက်ရောက်ခဲ့ကြပြီးနောက် ငယ်ပေါင်းတွေလိုဖြစ်ကာ ယခုအချိန်အထိ အဆက်အသွယ် မပြတ်ခဲ့။ ယခုကျွန်တော် ခိုလမ်မြို့သို့ရောက်ရာတွင်လည်း စိုင်းရီက နောင်ဖာကန်သို့ လိုက်ပို့ပေးနေခြင်းဖြစ်သည်။

နောင်ဖာသို့ ၄ မိုင်ခန့်ရှိသောလမ်းကရွာလမ်းဖြစ်ရာ ကားကိုဂရုတစိုက်မောင်းနှင်နေရသည်။ လမ်းအနည်းငယ်ကြမ်းသဖြင့် ကားပေါ်တွင် ကျွန်တော်ယိမ်းထိုးနေသည်။ ကန်လမ်းက ကားအနိမ့်ဖြင့်လာရောက်ရန် အခက်အခဲရှိနိုင်မည်ဟုတွေးမိသည်။ ဖြည်းဖြည်းချင်းကားကို မောင်းနှင်ခဲ့ရာမှ ကြီးမားသောရေအိုင်ကြီးကို နောင်ဖာ ရွာအနီး၌ တွေ့မြင်လိုက်ရသည်။ “ကဲအဲဒါ နောင်ဖာကန်ပေါ့”ဟု ပြောကာ ကန်ဘေးရှိလမ်းအတိုင်း မောင်းလာခဲ့ပြီးနောက် ကားရပ်ကာ ကျွန်တော်တို့ ဆင်းလိုက်ကြသည်။ မိုးရာသီကာလတွင် ကုန်းလမ်းကလာရောက်ရန် အခက်အခဲရှိနိုင်သည်ဟု အတွေးရောက်မိသော်လည်း ခရီးသွားဧည့်သည်အချို့လာရောက်ကြကြောင်း သိရသည်။

ကျွန်တော်တို့ နောင်ဖာကန်တံတားထိပ်တွင်ရပ်ကာ ရေကန်ရော ပတ်ဝန်းကျင်တစ်ခွင်ပါ ခေတ္တလှမ်းကြည့်မိသည်။ သစ်သားတံတားရှည်တစ်စင်းကို ရေကန်အလယ်ရှိ ကျွန်းငယ်အထိ သွယ်တန်းတည်ဆောက်ထားသည်ကို တွေ့ရသည်။ ရေလယ်ကျွန်းငယ်ပေါ်တွင် အဆောက်အအုံငယ်အချို့ကိုလည်း လှမ်းမြင်ရသည်။ ကျွန်တော်တို့သစ်သားတံတားပေါ်ဖြတ်လျှောက်လာခဲ့ကြသည်။ သစ်သားဖြင့်သာပြုလုပ်ထားသော တံတားအရှည်ကို အတိအကျမေးမြန်းရန်မရသော်လည်း ပေ ၇၀၀ ခန့် ရှိမည်ဟု စိုင်းရီက ပြောပြသည်။

တံတားပေါ်တွင် ဖြတ်လျှောက်ချိန်ကန်ရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသောလေနုအေးကြောင့်တစ်ကိုယ်လုံး လန်းဆန်း အမောပြေသွားသည်။ နောင်ဖာကန်ကိုဖြတ်သန်းတည်ဆောက်ထားသော သစ်သား၏ လက်ရန်းကိုကိုင်ပြီး ကန်ရေပြင်ကိုကြည့်လိုက်ရာ ကြည်လင်နေပြီး ခပ်လှမ်းလှမ်းတွင် ကြာပင်အချို့ပေါက်ရောက်ကာ ရေပြင်ပေါ်သို့ ကြာရွက်အပြားလိုက်ပေါ်နေကြသည်ကိုတွေ့ရသည်။ ရေပြင်တစ်နေရာတွင် ကြာပန်းအချို့နှင့် ကြာပင်အချို့ရေပြင်မှတစ်ပေခန့်အကွာအထိ မြင့်တက်ကာ လေအဝေ့တွင် ဘယ်ညာယိမ်းလျက်။

နောင်ဖာကန်သည်ယခင်က အကျယ်အဝန်း ၆ မိုင်ခန့်ရှိခဲ့သော်လည်း ယခုအခါ အကျယ် ၁ ဒသမ ၅ မိုင်နှင့် အရှည်သုံးမိုင်ခန့်ရှိကာ ရေအနက် ၁၂ ပေခန့်ရှိကြောင်း စိုင်းရီက ရှင်းပြသည်။ ဒုတိယဦးပိန်တံတားဟု ဒေသခံများနှင့်ခရီးသွားဧည့်သည်များက သတ်မှတ်ထားသောသစ်သားတံတားအလယ်တွင် ခေတ္တနားခိုစရာ ဇရပ်တစ်ဆောင်တည်ဆောက်ထားသဖြင့် ကျွန်တော်တို့ ခေတ္တထိုင်ဖြစ်ကြသည်။ ကားသံ၊ လူသံများနှင့်ဝေးကွာပြီး တိတ်ဆိတ်ငြိမ်သက်ငြိမ်းချမ်းလှသော အပန်းဖြေနေရာတစ်ခုဖြစ်သည်။

ကျွန်တော်တို့ ထိုင်ရာမှထကာ တံတားအဆုံးကျွန်းငယ်လေးအထိလမ်းလျှောက်သွားခဲ့ကြသည်။ ကျွန်းငယ်ပေါ်တွင် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိရာ ကျွန်တော်တို့ရောက်သွားချိန်တွင် ဘုန်းတော်ကြီးများ နေ့ဆွမ်းစားနေကြသဖြင့် ဦးချပြီး ကျောင်းပေါ်မှပြန်ဆင်းလာခဲ့ကြသည်။ ကျွန်းငယ်ပေါ်တွင် ရှေးဟောင်းစေတီငယ်တစ်ဆူတည်ရှိပြီး သက်တမ်းရင့်စေတီငယ်တစ်ဆူပင်ဖြစ်သည်။ စေတီငယ်ကိုဖူးမြော်ပြီး ကျွန်းငယ်၏တစ်ဖက်တစ်ချက်တွင် သစ်သားတံတားတစ်ခုထပ်မံတည်ရှိနေသဖြင့် ကျွန်တော်တို့သွားရောက်ခဲ့ရာ ကန်ရေပြင်ရော သဘာဝပတ်ဝန်းကျင်ကိုပါ ကြည့်ရှုခံစားနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်တယ်ဟု စိုင်းရီကရှင်းပြသည်။

တံတားအဆုံးတွင် ရှုခင်းကြည့်ရန်အဆောက်အအုံငယ်တစ်လုံးတည်ဆောက်ထားရာ ယင်းနေရာမှ ကျွန်တော်တို့နောင်ဖာကန်နှင့်ပတ်ဝန်းကျင်အလှကို တိတ်ဆိတ်စွာကြည့်ရှုငေးမောခံစားကြသည်။ နောင်ဖာကန်ရေပြင်က ငြိမ်သက်နေပြီး စက်တပ်လှေတစ်စင်း မောင်းနှင်နေသည်ကိုတွေ့ရသည်။ ကြည်လင်ငြိမ်သက်နေသောကန်ရေပြင်၊ ကန်ရေပြင်ပေါ်အရိပ်ထင်နေသော သစ်ပင် တောတောင်ပုံရိပ်များ၊ ခပ်လှမ်းလှမ်းမှာ စိမ်းညိုမှိုင်းနေသည့် ရှမ်းရိုးမတောင်တန်းတောင်ကြောများ ကို မြင်တွေ့ရသည်မှာ လွမ်းဆွတ်ဖွယ်ရာကောင်းနေသည်။


နောင်ဖာကန်သည် တောင်ကြီးမြို့မှ ၉၁မိုင်၊ နမ့်ဆန်မြို့မှ ၂၇ မိုင်ဝေးကာ ခိုလမ်မြို့မှ ၆ မိုင်ခန့်အကွာတွင် တည်ရှိနေခြင်းဖြစ်သည်။ နောင်ဖာကန်အနီးဝန်းကျင်တွင် ဒေသခံတိုင်းရင်းသားတို့နေထိုင်ရာ ရွာရှစ်ရွာရှိရာ ကုန်းကာရွာဟောင်း၊ ဖာပွေရွာဟောင်း၊ နောင်ဖာသွပ်၊ ဝမ်းယွမ်းရွာ၊ ဟတ်ဖာရွာ၊ ပါဆိုင်းရွာ၊ နောင်ဖာရွာ၊ ကုန်းကာရွာသစ်တို့ဖြစ်ကြောင်း စိုင်းရီကပြောပြသည်။ ထိုရွာများတွင် ရှမ်း၊ လီရှော၊ ပဒေါင်စသည့် တိုင်းရင်းသားများနေထိုင်ကြပြီး အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ကိုင်ကြခြင်းဖြစ်သည်။

ကန်ရေပြင်ရှပ်တိုက်ပျံသန်းသွားသော ငှက်တစ်ကောင်စ၊ နှစ်ကောင်စကိုတွေ့ရသည်။ အချို့က ကန်ရေပြင်အစပ်တွင် ပျံဝဲလျက်။ ငှက်မျိုးစိတ်တွေကို လေ့လာလို့ရသလို ငါးမျိုးစိတ်တွေကိုလည်း လေ့လာလို့ရတာမို့ ငှက်ကြည့်ဝါသနာရှင်တွေ စိတ်ဝင်စားတဲ့နေရာတစ်ခုပေါ့ဟု စိုင်းရီက ပျံသန်းနေသောငှက်တစ်ကောင်ကို လက်ညှိုးထိုးပြရင်းပြောသည်ကို နားထောင်နေမိသည်။

နောင်ဖာကန်အလယ်မှာရှိတဲ့ သည်ကျွန်းလေးကိုလည်း မုဆိုးမကျွန်းလို့ခေါ်ကြတယ်ဟုပြောသဖြင့် တံတားဖြင့်ဆက်စပ်နေသော ကျွန်းလေးဆီသို့ အကြည့်ရောက်သွားသည်။ ဘာဖြစ်လို့မုဆိုးမကျွန်းလို့ခေါ်တာလဲဟုကျွန်တော်အမေးကို စိုင်းရီက ဖြည်းဖြည်းချင်း ပြောပြလေသည်။

သည်နေရာသည် ယခင်နှစ်ပေါင်းများစွာက မြို့ဟောင်းတစ်မြို့ဖြစ်ခဲ့ကြောင်း၊ မြို့တွင်မုဆိုးမကြီးတစ်ဦးလည်းသမီးနှင့်အတူ နေထိုင်ကြောင်း သမီးအပျိုဖော်ဝင်စအချိန်တွင် နဂါးပြည်မှနဂါးမင်းက လူ့ပြည်သို့လာလည်ရင်း သမီးဖြစ်သူနှင့် ချစ်ကြိုက်ကာ လက်ထပ်ပေါင်းသင်းခဲ့သဖြင့် သားတစ်ဦးမွေးဖွားခဲ့ကြောင်း၊ တန်ခူးလတွင် လူကြီးများကန်တော့ရန်အတွက် ဇနီးမောင်နှံတို့က သွားရန်ရှိရာ မုဆိုးမယောက္ခမကြီးထံ သားငယ်ကိုအပ်ပြီး ရေပေးမဆော့ရန်မှာကာ ထွက်သွားကြကြောင်း၊ ထို့နောက်ကလေးကအလွန်ငိုနေရာမှ အဘွားဖြစ်သူမုဆိုးမကြီးက ရေပေးဆော့ခဲ့ရာ ကလေးငယ်အငိုတိတ်ပြီး ငါးကြီးတစ်ကောင်အဖြစ် အသွင်ပြောင်းသွားခဲ့ကြောင်း၊ ငါးကြီးကိုရေကန်ထဲသွားလွှတ်ခဲ့ရာ အလွန်ကြီးသောငါးကြီးကိုမြင်တွေ့ရသူများက ဘုရင်ထံလျှောက်ကြသဖြင့်ငါးကိုဖမ်းခိုင်းခဲ့ရာ အဘွားကြီးက ငါ့မြေးဖြစ်၍ မဖမ်းပါနှင့်ဟုပြောသော်လည်း မရကြောင်း၊ ငါးကြီးကိုဖမ်းပြီး ရွာသားများက ငါးသားစားချင်သဖြင့် တစ်တုံးစီပေးကြောင်း၊ နဂါးမင်းပြန်လာသည့်အခါ အကြောင်းစုံသိရပြီး ဒေါသထွက်ကာ ငါ့သားရဲ့အသားကိုမှစားရက်တယ်ဟု ယူကျုံးမရဖြစ်ကာ နဂါးအမျိုးတွေခေါ်ပြီး မြို့ကို ရေမြုပ်အောင်ပြုလုပ်ခဲ့ကြောင်း၊ နဂါးမင်းမောင်နှံတို့လည်း နဂါးပြည်သို့ပြန်ကြကြောင်း၊ နှစ်ပေါင်းတော်ကြာသည့်အခါ လူ့ပြည်ပြန်လာကြပြီး နဂါးမင်းဇနီးက သားကိုလွမ်း၍ ယခုကျွန်းငယ်ပေါ်တွင် လွမ်းစေတီတည်ခဲ့ကြောင်း နောက်ပိုင်းတွင် ကျွန်းကို မုဆိုးမကျွန်းဟုခေါ်ပြီးစေတီကိုလည်း မုဆိုးမစေတီဟုအမည်တွင်ခဲ့ကြောင်း ယခုတွေ့ရသည့်စေတီမှာ လွမ်းစေတီပင်ဖြစ်ကြောင်း စိုင်းရီက ရှည်လျားစွာပြောပြသည်ကိုနားထောင်ရင်း ရင်ထဲစိတ်မကောင်း ဖြစ်နေမိသည်။ ဩော်သမိုင်းကြောင်းလား၊ ဒဏ္ဍာရီလားမသိ။ မဝေခွဲနိုင်တော့။

အေးချမ်းတိတ်ဆိတ်နေသောရပ်ဝန်းဖြစ်ရာ ငြိမ်းချမ်းလှသည်။ နောင်ဖာကန်ရေပြင်တွင် ကျေးငှက်အချို့ပျံဝဲနေသည်ကို လှမ်းမြင်ရသည်။ နောင်ဖာကန်ရေပြင်နှင့် ပတ်ဝန်းကျင်အလှကိုကြည့်ရင်း သစ်သားတံတားပေါ်လမ်းလျှောက်ရသည်မှာ ထူးထူးခြားခြား စိတ်နှလုံးချမ်းမြေ့စရာကောင်းနေသည်။ ကျွန်တော်တို့ နောင်ဖာကန်တွင် အတန်ကြာလေ့လာပြီးနောက် ပြန်လာခဲ့ကြသည်။ နောင်ဖာကန်နှင့် သစ်သားတံတားက အေးအေးချမ်းချမ်းတိတ်တိတ်ဆိတ်ဆိတ်နှင့် တဖြည်းဖြည်း ကျန်ရစ်ခဲ့ပြီ.... ကျန်ခဲ့ပြီလေ..။ ။



ဓာတ်ပုံ - စိုင်းရီ

# ရေချိုပြည့်လျှံ မြေတိုင်ကန်ရွာ၏ ပီတိစကားသံများ

## ငွေးလွင် (မြေအောက်ရေ)

ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်၊ ရေအကျိုးဆယ်ပါးမတောင်းဘဲနဲ့ ပြည့်နိုင်၊ အညာဒေသမှာ ရွှေကိုမလို ရေကိုသာလိုဟု ဆိုရိုးစကားများသည် ကျွန်တော်တို့အတွက်ရေသည် မရှိမဖြစ် အရေးပါပုံကို ဖော်ညွှန်းပြသနေသော ထင်ရှားသည့် သာဓကများပင် ဖြစ်ပေတော့သည်။ ရေသည် လူ့ဘဝအသက်ရှင်သန်ရေးသာမက သက်ရှိသတ္တဝါ၊ သစ်ပင်များအတွက်လည်း မရှိမဖြစ် အရေးပါလှသည့် အဖိုးတန် သဘာဝသယံဇာတတစ်ခု ဖြစ်ပေတော့သည်။

ယင်းသို့ အလွန်အင်မတန် အရေးပါလှသည့် လူတို့သောက်သုံးနိုင်သော ရေချိုမှာ အလွန်ပင် ရှားပါးကြောင်းအား သိသာထင်ရှားစေရန်အတွက် ယူနက်စကိုရှိ ရေကျွမ်းကျင်ပညာရှင်များက ရိုးရှင်းလွယ်ကူသော ဥပမာတစ်ခုဖြင့်ဖော်ပြထားပါသည်။ ၎င်းတို့၏ သုတေသနပြုချက်အဆိုအရ ကမ္ဘာပေါ် ရှိရေသယံဇာတ စုစုပေါင်းပမာဏကို လီတာ ၁၅၀ (ဂါလန်၄၀ ခန့်) ဟု ယူဆလျှင် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေငန်ပမာဏမှာ ၁၄၆ လီတာ(၃၈ ဒသမ ၅ ဂါလန်ခန့်) ခန့်ရှိပြီး ကျန်လေးလီတာ (၁ ဒသမ ၅ ဂါလန်ခန့်) သာလျှင် ရေချိုအဖြစ် တည်ရှိနေပါသည်။ အဆိုပါ ရေချို လေးလီတာတွင်လည်း သုံးလီတာခန့်မှာ ထုတ်ယူသုံးစွဲမရနိုင်သော ရေခဲတောင်များ၊ ဝင်ရိုးစွန်း ရေခဲပြင် များအဖြစ် တည်ရှိနေပြီး ကျန်တစ်လီတာခန့်သာ လူတို့ထုတ်ယူသုံးစွဲနိုင်သည့် ရေချိုများ ဖြစ်ပါသည်။ ယင်းတစ်လီတာ၏ ၉၉ ရာခိုင်နှုန်းသော ရေများကို မြေအောက်ရေ (Groundwater) အဖြစ် သိုလှောင်ထားကြောင်း တွေ့ရှိရသဖြင့် ကမ္ဘာပေါ်တွင် ရေချိုမည်မျှ ရှားပါးကြောင်းအား ပြသသည့် သိသာထင်ရှားသော ဥပမာတစ်ခုဖြစ်ပေသည်။

အညာဒေသအပူပိုင်းဇုန်ဒေသတွင် ရေတွင်း ၊ရေကန်နှင့် ချောင်းများမှာ နွေရာသီအပူရှိန်ကြောင့် ခန်းခြောက်၍ ရေချိုရေသန့်ရှားပါးသဖြင့် နွေရာသီရောက်ပြီဆိုသည်နှင့် အလှူရှင်များက ရေကားများဖြင့် ပေးဝေခြင်း၊ နီးစပ်ရာဒေသများသို့ ရေသွားရောက် သယ်ယူရခြင်းကို မကြာခဏ တွေ့မြင်ရသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်မြို့၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးလမ်းဟောင်း၏ အရှေ့ဘက်ခြမ်း တစ်မိုင်ခန့်အကွာတွင် တည်ရှိသော မြေတိုင်ကန်ကျေးရွာလေးမှာ နွေရာသီတွင် သောက်သုံးရေ အလွန်အင်မတန် ရှားပါးလှသော အညာဒေသမှ ရွာလေးတစ်ရွာဖြစ်ပါသည်။အဆိုပါကျေးရွာတွင် ရွာမှပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူ မရှိခြင်း၊ ကျေးရွာအတွင်း အရက်သေစာ ရောင်းချသောဆိုင် မရှိခြင်း စသည့်ထူးခြားချက်များရှိသော ကျေးရွာလေးတစ်ရွာဖြစ်ပေသည်။ မြေတိုင်ကန်ကျေးရွာတွင် အိမ်ထောင်စု ၂၈၁ စု လူဦးရေ ၁၂၄၂ ဦးနေထိုင်လျက်ရှိပြီး အဆိုပါကျေးရွာသူ၊ ကျေးရွာသားများအတွက် နေ့စဉ် သောက်သုံးရေချိုမှာ လွန်စွာပင်ခက်ခဲကြောင်း သိရှိရပါသည်။ ရွာအတွင်း နိုင်ငံတော်မှ တူးဖော်ပေးခဲ့သည့် လေးလက်မ စက်ရေတွင်းနှင့်ကျေးရွာ၏အစီအစဉ်ဖြင့် တစ်ပိုင်တစ်နိုင်တူးဖော်ခဲ့သည့် နှစ်လက်မစက်ရေတွင်းများမှ ထွက်ရှိသော ရေတို့သည် အငန်ဓာတ်အလွန်များသဖြင့် ဆေးကြောရေနှင့် တိရစ္ဆာန်သုံးရေအဖြစ်သာ အသုံးပြုနိုင်သည့် ရေအဆင့်သာရှိကြောင်း တွေ့ရပါသည်။

အဆိုပါစက်ရေတွင်းမှရေများအား စမ်းသပ်ကြည့်ရာ ချဉ်ငန်နှုန်းပြကိန်းစံ ၈ ဒသမ ၈ (WHO စံနှုန်း ၆ ဒသမ ၅ မှ ၈ ဒသမ ၅အတွင်း)ထက်များပြားနေခြင်း၊ လျှပ်စစ်ဖြတ်သန်းစီးဆင်း နှုန်း (Electrical Conductance) EC3000ဖြစ်၍(WHOpH နှုန်း 1500၊ mho/cm) ထက်ပိုမိုနေသဖြင့် ဆားအငန်ဓာတ် အလွန်အကျွံများပြားနေကြောင်း တွေ့ရှိရပေသည်။

မြေတိုင်ကန်ကျေးရွာ၏ ရေရှားပါးမှုပြဿနာကို ဖြေရှင်းမည့် အလင်းရောင် ပေါ်ထွက်လာသော နေ့သစ်တစ်နေ့ စတင်ခဲ့လေပြီး အဆိုပါနေ့ရက်သည်ကား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇-၈-၂၀၁၇) ရက်နေ့တွင် မြေတိုင်ကန်ကျေးရွာ ကျေးလက်ပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း ခရီးစဉ်အပြီး ကျေးရွာလူထုနှင့် တွေ့ဆုံသည့် ကျေးလက်စကားဝိုင်းတွင် မြေတိုင်ကန်ကျေးရွာမှ အဘွား ဒေါ်ညိုခင်က သောက်သုံးရေချိုရရှိအောင် ဆောင်ရွက်ပေးပါရန် တင်ပြခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမြန်ဆုံးဆောင်ရွက်ပေးပါရန် လမ်းညွှန်ခဲ့မှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူကလည်း ရေချိုရအောင် ဆောင်ရွက်ပေးပါမည်ဟု ကတိပြုပေးခဲ့ကြပါသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ နောက်တစ်နေ့တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန မြေအောက်ရေ ဌာနခွဲမှဘူမိဗေဒအဖွဲ့အား စေလွှတ်ကာ မြေပြင်ဘူမိရူပဗေဒနည်း (Geophysical Investigation) ဖြင့် ကွင်းဆင်းတိုင်းတာခဲ့ပြီး လက်ရှိစက်ရေတွင်းများအား ရေနမူနာကောက်ယူခြင်း၊ စက်ရေတွင်းတူးဖော်မည့်နေရာ ရွေးချယ်သတ်မှတ်ခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါမြေတိုင်ကန်ဒေသတစ်ဝိုက်ရှိ ဘူမိဗေဒအနေအထားမှာ အနက်ပေ ၁၀၀ အတွင်းသာ ရေချိုများ ခိုအောင်းသည့် ဧရာဝတီကျောက်စဉ်စု (Irrawaddy Formation) တည်ရှိပြီး အောက်ခြေတွင် လွန်ခဲ့သောနှစ်သန်းပေါင်း ၁၄ သန်းမှ ၂၅ သန်း သက်တမ်းအတွင်းရှိ ပင်လယ်ရေသမုဒ္ဒရာမှ (Marine Deposit) ပို့ချခဲ့သည့် ရေငန်များခိုအောင်းရာ ပဲခူးကျောက်လွှာအုပ်စု (Pegu Group) တွင် ပါဝင်သော ရွှံ့ကျောက်နှင့် သဲကျောက်အမာလွှာများ အောက်ခံတည်ရှိနေသဖြင့် အနက်ပေ ၁၀၀ အထက် တူးဖော်ခဲ့သော စက်ရေတွင်းများ အများစုမှာ ရေငန်နှုန်း မြင့်မားနေကြောင်း တွေ့ရပါသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ RG အမျိုးအစား တွင်းတူးစက်အား (၁၁-၈-၂၀၁၇) ရက်နေ့က စတင်စေလွှတ်ခဲ့ပြီး ကျေးရွာ၏ တောင်ဘက် ပေ ၃၃၀၀ အကွာ ယာခင်းအစပ်တွင် မြေသဘာဝအလားအလာကောင်းမွန်သဖြင့် လေးလက်မအရွယ် စက်ရေတွင်း လေးတွင်းကို (၁၂-၈-၂၀၁၇) ရက်နေ့တွင် စတင်တူးဖော်ခဲ့ရာ (၁၆-၈-၂၀၁၇) ရက်နေ့တွင် တူးဖော်အောင်မြင်ခဲ့ပါသည်။ အဆိုပါ အောင်မြင်ခဲ့သော စက်ရေတွင်းအမှတ် (၃)နှင့် အမှတ် (၄) မှ ရေအားစုပေါင်း၍ ငုံစုပ်စနစ်ဖြင့် ရေထုတ်ယူခဲ့ရာ တစ်နာရီလျှင် ဂါလန် ၃၆၀၀ အထိ ထွက်ရှိပြီး ရေနမူနာအား ဓာတ်ခွဲစမ်းသပ်ခဲ့ရာတွင် စံ (၇ ဒသမ ၃၅),EC(590 ၊mho/cm) ရှိသော ရေချိုရေသန့်အား ရရှိခဲ့ပါသည်။

တစ်ပြိုင်တည်းတွင် (၆×၆×၇)ပေ အရွယ် ရေတင်စက်ရုံတစ်ရုံ၊ အမြင့် ပေ ၂၀ သံပြွန်းထောက် ဂါလန် ၁၆၀၀ ဆံ့ ရေစင်တစ်ခုအားစက်ရေတွင်းအနီးတွင် လည်းကောင်း၊ ဂါလန် ၂၂၅၀ ဆံ့ အုတ်ရေကန်တစ်လုံးအား ရွာဦးဘုန်းတော်ကြီးကျောင်းထိပ်တွင်လည်းကောင်း တည်ဆောက်ပေးခဲ့ပါသည်။ တူးဖော်ပြီးစီးသည့်စက်ရေတွင်းမှရေအား ဂါလန် ၁၆၀၀ ဆံ့ ရေစင်ပေါ်သို့ တွန်းတင်လျက် အဆိုပါရေစင်မှ တစ်ဆင့် ပေ ၃၉၀၀ အရှည် ရေပိုက်လိုင်းသွယ်တန်းလျက် ရွာထိပ်ရှိ ဂါလန် ၂၂၅၀ ဆံ့ အုတ်ရေကန်သို့ ရေပို့လွှတ်ခဲ့ရာ ကျေးရွာအရောက် ရေဖြန့်ဝေခြင်း လုပ်ငန်းများကို (၁-၉-၂၀၁၇) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သဖြင့် မြေတိုင်ကန်ကျေးရွာသူ၊ ရွာသားများအတွက် နိုင်ငံတော်မှ ရေချိုရေသန့်များအား တိုက်ကျွေးပေးနိုင်ခဲ့ပေသည်။

အဆိုပါစက်ရေတွင်းများနှင့်ရေရရှိရေးလုပ်ငန်း အားလုံးတို့ကို ဌာန၏တာဝန်ရှိသူများမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရေရရှိရေးကော်မတီတို့ထံသို့ (၅-၉-၂၀၁၇) ရက်နေ့တွင် စနစ်တကျအောင်မြင်စွာ အပြီးလွှဲပြောင်းပေးအပ် နိုင်ခဲ့ပြီးဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စာရေးသူတို့ အဖွဲ့သည် မြေတိုင်ကန် ရွာဦးကျောင်းထိုင်ဘုန်းတော်ကြီး ဦးသံဝရသာမိထံ တွေ့ဆုံလျှောက်ထားရာတွင် ဝမ်းသာကြောင်းနှင့် ကျေးဇူးတင်စကားများ မဆုံးနိုင်အောင် လှိုင်လှိုင်ကြားသိရသည့်အပြင် တစ်လတောင်မပြည့်ဘဲရွာထဲကို ရေချိုရောက်တော့ ဝန်ကြီးချုပ်ကြီးလည်း ရေထမ်းလာပို့စရာ မလိုတော့ဘူးပေါ့ဟု ဆရာတော်ကြီးက ရီမောစရာမိန့်ကြားသဖြင့် မိမိတို့လည်း ကျေးရွာသူကျေးရွာသားများနှင့်အတူ အပျော်များ ကူးစက်လာခဲ့ကြရလေသည်။

အဆိုပါကျေးရွာမှ အဘဦးစံဝင်းက “ရွာထဲက ရေမကောင်းတော့ ရွာအပြင် (၁) မိုင်နီးပါး ရေထွက်ခပ်ရတယ်။ ရေက နွေရာသီဆိုရှားတော့ လုခပ်ရတော့ ရွာပြင်လက်တူးတွင်းတွေက ရေခန်းခြောက်ပြီး တွင်းအောက်ခြေကနေ ခြစ်ခြုပ်ပြီး ခပ်ရတယ်လေ၊ အိမ်တွေက အများအားဖြင့် ဝါးကပ်၊ သက်ကယ်မိုးတွေပဲရှိတော့ ရွာထဲမှာရှိတဲ့ သွပ်မိုး နှစ်အိမ် သုံးအိမ်လောက်က မိုးရွာလို့ ကျတဲ့ရေကို ဝိုင်းခံပြီး ကျောက်ခွေထဲ ထည့်သုံးရတယ်၊ တစ်ညတော့ နွားလှည်းနဲ့ ရွာအပြင် ရေသွားခပ်တာ နွားနှစ်ကောင်စလုံး ပိုးထိလို့ အဲ့ဒီညမှာပဲ ဆုံးသွားခဲ့တယ်”ဟု စိတ်မကောင်းစွာ ပြောဆိုသံ ကြားရပါသည်။

မြေတိုင်ကန်ရွာက အခြားတစ်ဦးဖြစ်တဲ့ အဘဦးထွန်းငွေပြောပြသည်မှာ “အရင်ကာလက ရေအင်မတန်ရှားပါးတော့ ဆန်ကို ချေးယူလို့ရတယ်၊ ရေကို ချေးငှားသုံးစွဲဖို့ ဆိုရာမှာ အင်မတန် ခက်ခဲသကွဲ့၊ အတိုင်းမသိဝမ်းသာပါတယ် ” ဟု ပြောပြီး စာရေးသူတို့အဖွဲ့အား ရေအကျိုး (၁၀) ပါးဆုတွေ ပေးနေသည်မှာ ဝမ်းသာမဆုံး ပီတိဖြစ်ခဲ့ရပါသည်။

မြေတိုင်ကန်ရွာမှ ဦးတုတ်ကတော့ “တို့တစ်တွေ နှစ်ငါးဆယ်ကျော်နေလာခဲ့တာ ရေချိုရဖို့ အဝေးကြီး နေ့ညမရှောင် သွားခပ်ရတော့ ခုဆို ရေချိုက အမေကိုယ်တိုင် လာခပ်ပေးသွားတယ်လို့ အောက်မေ့တယ်။ ဒါကြောင့် မျက်ရည်ကျအောင် ဝမ်းသာမိတယ်”ဟု ဆိုသော ပီတိစကားများ ကြားခဲ့ရသည်။

ယခုလို ရေရှားပါးသော အညာဒေသအား စက်ရေတွင်းများ တူးဖော်၍ ရေချိုရေသန့်ရအောင် ဆောင်ရွက်ရန်ခွင့်ပြုခဲ့သော နိုင်ငံတော်အကြီးအကဲများ၏ စေတနာများ၊ ဝိုင်းဝန်းအကောင်အထည်ဖော်ပေးခဲ့ကြသော ဝန်ထမ်းများ အားလုံးတို့ကို ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့သော ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာသူ၊ ကျေးရွာသားများ ရင်ထဲမှ ဝမ်းသာပီတိစကားသံများအား စာရေးသူနှင့်အဖွဲ့တို့၏ အပြန်လမ်းတစ်လျှောက် အထပ်ထပ်အခါခါ ပြန်လည်ကြားယောင်မဆုံး ဖြစ်ရပေတော့သည်။ ။



# ကလေးဒေသရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေစိုက်ဧက ၈၀၀၀ ကျော်ပျက်စီး

**ကလေး အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင်ပြီးခဲ့သည့်စက်တင်ဘာလနောက်ဆုံးပတ်က မိုးများအဆက်မပြတ်ရွာသွန်းခဲ့ရာ ကလေးမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်ရေများမြင့်တက်မှုဖြစ်ပေါ်ကာ ရေကြီးရေလျှံမှုဖြစ်ပွားပြီး အဆိုပါရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးနှင့်ယာ မြေစိုက်ဧက ၈၀၀၀ ကျော်ရေနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်း စက်တင်ဘာ ၁၉ ရက်မှအစပြု၍ စက်တင်ဘာ ၂၃ ရက်အထိ ရေကြီးရေလျှံမှုဖြစ်ပွားကာ ကလေးမြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၃၀ တို့မှ ပြည်သူများရေဘေးသင့်ခဲ့သည့်အပြင် လယ်ယာမြေရေလွှမ်းရေဝဲယာစိုက်ဧက ၁၆၈၂၄ ဧကရေနစ်မြုပ်ခဲ့ရာ ရေပြန်ကျအပြီး ရေပြန်ပေါ်ရေဝဲယာအတွင်းမှ ကျေးရွာအုပ်စု ၁၅ စုအတွင်း ကောက်ယူခဲ့သည့် စာရင်းများအရ မိုးစပါးပျက်စီးဧက ၈၂၃၀၊ ဟင်းသီးဟင်းရွက်ပျက်စီးဧက ၃၂၈ ဧက၊ အစေ့ထုတ်ပြောင်းပျက်စီးဧက ၇၂ ဧက စုစုပေါင်းထိခိုက်ပျက်စီးဧက ၈၆၃၀ ပျက်စီးမှုရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းကောက်ယူချက်အရ သိရသည်။

ကျေးရွာအုပ်စုအားလုံးကို စာရင်းကောက်ယူတဲ့အခါမှာတော့ လယ်ယာမြေဧကခန့်မှန်းထားတာထက် တော်တော်များများ ပျက်စီးခဲ့ပါတယ်။ မိုးစပါးပြန်စိုက်မယ်ဆိုရင် ရာသီတော့နည်းနည်းနောက်ကျနေပြီ။ ဒါပေမယ့် တောင်သူတွေက ပြန်စိုက်ချင်တယ်ဆိုရင်တော့ ကျွန်တော်တို့စိုက်ပျိုးရေးဌာနအနေနဲ့ အကူအညီပေးဖို့ ပြင်ဆင်ထားပါတယ်။ ဆောင်းသီးနှံစိုက်မယ်ဆိုရင်လည်းကူညီမယ်”ဟု မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးအောင်က ပြောသည်။

ပြန်လည်စိုက်ပျိုးလိုသည့် တောင်သူများအတွက်မိုးစပါးတစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်း အခမဲ့ပေးမည်ဖြစ်ပြီး ယခုနှစ်မိုးစပါးစိုက်ပျိုးဧက ၁၀၁၉၂၁ ဧကရှိရာ ကလေးမြို့နယ်အတွင်း ရောမင်းနှင့် ဆင်းသုခကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ကလေးမြို့နယ်အတွင်း ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်က ရွာသွန်းခဲ့သည့်မိုးကြောင့် ဒေသတွင်းရေကြီးနစ်မြုပ်ခဲ့ရာတွင် စပါးစိုက်လယ်အပါအဝင် အခြားသီးနှံများစိုက်ပျိုးသည့် လယ်ယာမြေဧကပေါင်း၃၆၉၅၂ ဧကပျက်စီးခဲ့ကြောင်း၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် လယ်ကွင်းများအတွင်း နုန်းနှင့် ဒိုက်များတင်ကျန်ရစ်ခြင်းကြောင့် ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးချိန်တွင် အချို့သောလယ်ကွင်းများမှာ စိုက်ပျိုး၍မရခြင်းနှင့် စပါးအထွက်နှုန်း နည်းပါးခြင်းဖြစ်ပေါ်ခဲ့ဖူးကြောင်းသိရသည်။

**ဂျူနိုင်း**





# အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ ကျင်းပ

**ဘားအံ အောက်တိုဘာ ၁၄**

ကရင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှကြီးမှူးပြုလုပ်သော “ထိတွေ့ဘေးဒဏ်လျော့ချမှ လုံခြုံစိတ်ချတို့ဘဝ” ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဘားအံမြို့ ဇွဲကပင်ခမ်းမ၌ အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်က အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့အထိမ်းအမှတ်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပေးပို့သောသဝဏ်လွှာကိုဖတ်ကြားပေးသည်။ ထို့နောက် အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသော သဘာ ဘေးအန္တရာယ်လျော့ပါးရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# နဂါးလှေတော်နှစ်စင်းအားမူလနေရာများသို့ ပြန်လည်ထိန်းသိမ်းပို့ဆောင်ပေး



**တနင်္သာရီ အောက်တိုဘာ ၁၄**

တနင်္သာရီမြို့နယ်တွင် ရိုးရာနဂါးလှေသဘင်ပွဲတော်ကို အောက်တိုဘာ ၉ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီးပြီဖြစ်သဖြင့် ယင်းနဂါးလှေများအား ရေရှည်ခိုင်မာထိန်းသိမ်းနိုင်ရန်၊ လာမည့်နှစ်များစွာတွင် ယခုကဲ့သို့ နဂါးလှေသဘင်ပွဲတော်များကိုဆက်လက်ကျင်းပနိုင်ရန်နှင့် လေ့လာကြည့်ရှုသူများ အေးချမ်းစွာလေ့လာမှုပြုနိုင်ရန်အတွက် ရွှေနန်းသာရီနှင့်ငွေနန်းသာရီနဂါးလှေတော်နှစ်စင်းအား အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီက နဂါးလှေတော်သားများ စုပေါင်း၍တပျော်တပါးပခုံးထမ်းပြီး မူလပြသထားရှိရာနေရာသို့ ပြန်လည်ပို့ဆောင်ထားပေးကြကြောင်း သိရသည်။

ထိုသို့ပို့ဆောင်ရာတွင် ရွှေနန်းသာရီနဂါးလှေတော်အား ချောင်းကြီးရပ်ကွက် သီရိလမ်းနှင့်မင်္ဂလာကြီးလမ်းထောင့်နေရာရှိ ချောင်းကြီးဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ ငွေနန်းသာရီနဂါးလှေကို ချောင်းကြီးရပ်ကွက်ရွှေလိပ်ပြာကမ်းနားလမ်းရှိ နဂါးလှေရုံသို့လည်းကောင်း မူလနေရာများအတိုင်း စနစ်တကျပြန်လည်ထိန်းသိမ်းထားရှိပေးခဲ့ကြကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# ဒုတိယအကြိမ်မြောက်မျက်စိဝေဒနာရှင် ၂၀၀၀ ခန့်အား ပြွန်တန်ဆာစက္ခုဒါနဆေးရုံ၌ အခမဲ့စမ်းသပ်ခွဲစိတ်ပေး

**ပြွန်တန်ဆာ အောက်တိုဘာ ၁၄**

သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ဘုရားကြီး အရှင်ဉာဏိဿရ တည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ သီတဂူစက္ခု ဒါနဆေးရုံတော်ကြီး၌ ဆရာတော်၏လမ်းညွှန်မှုဖြင့် ဒုတိယအကြိမ်မြောက် မျက်စိစမ်းသပ်ခွဲစိတ်ခြင်းကို အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်အထိ ခြောက်ရက်တိုင် အခမဲ့ကုသ ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိအခမဲ့ကုသပေးရာတွင် ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရ အင်းဝိုင်းကျောင်းတိုက်ဆရာတော်မှ အနီးကပ်ကြီးကြပ်မှုဖြင့် သီတဂူသာသနာပြုအဖွဲ့ သီတဂူဆေးရုံတော်များ၏ အမှုဆောင်ဥက္ကဋ္ဌ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြအောင်ဦးဆောင်၍ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား စမ်းသပ်ခြင်း၊ ခွဲစိတ်ကုသပေးခြင်း၊ မျက်မှန်များကို အခမဲ့ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကြိုဆိုညှိခံရေး၊ ဆေးဝါးကုသရေး၊ လူနာများ၏စားသောက်ရေးများနှင့် လုပ်ငန်းအားလုံးအဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သီတဂူစက္ခုဒါနဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ ပြွန်တန်ဆာမြို့ရွှေဆာမြေ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသက်နိုင်နှင့်အဖွဲ့ဝင်များမှ နေ့မအား ညမနားပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျက်စိခွဲစိတ်ကုသရန်လာရောက်ကြသော ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်နှင့် ဒိုက်ဦးမြို့နယ်များမှ မျက်စိဝေဒနာရှင် ၂၀၀၀ ခန့် လာရောက်ကုသလျက်ရှိပြီး မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအား နေ့စဉ် မနက်၊ နေ့လယ်၊ ညစာများနှင့် ဆေးဝါးမျက်မှန်များကို ရန်ကုန်မြို့ မြတ်မေတ္တာမွန်ကုမ္ပဏီမှ ဒေါက်တာဝင်းမြင့်နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး မိသားစုက တာဝန်ယူလှူဒါန်းကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကျောက်ထုမြို့၌ လွှတ်တော်ကိုယ်စားလှယ်ဖလား ဘောလုံးပြိုင်

**ကျောက်ထု အောက်တိုဘာ ၁၄**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့လွှတ်တော်ကိုယ်စားလှယ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အောက်တိုဘာ ၁၂ ရက်ညနေက ကျောက်ထုမြို့ အားကစားကွင်း၌ တပြင်းကျေးရွာအသင်းနှင့် ကျောက်ထုမြို့မရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပြင်းကျေးရွာ ဘောလုံးအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကိုတို့နှင့် တာဝန်ရှိသူများက ဆုဖလား၊ ပထမဆု၊ ဒုတိယဆုနှင့် နေရာအလိုက် အကောင်းဆုံးဆု၊ ဒိုင်လူကြီးဆုများကို ချီးမြှင့်ပေးအပ်ကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ကျောက်ထုမြို့ဒေသရှိ ရပ်ကွက်/ကျေးရွာ ဘောလုံး အသင်း ၁၅ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလမှာ စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၁၂ ရက်ထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(၁၀၁)**

# ဖလမ်း၌ ချင်းရိုးရာနှစ်သစ်ကူး(Fang Er)ပွဲတော် အခမ်းအနားကျင်းပ

**ဖလမ်း အောက်တိုဘာ ၁၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ချင်းရိုးရာနှစ်သစ်ကူး(Fang Er) ပွဲတော်အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ဖလမ်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးက အမှာစကားပြောကြားကာ ဆလိုင်းသွက်ဆန်းက ချင်းရိုးရာနှစ်သစ်ကူး(Fang Er)ပွဲတော်၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နှစ်သစ်ကောင်းချီးမင်္ဂလာရရှိနိုင်ရေးအတွက် သိက္ခာတော်ရဆရာတော် ဒေါက်တာ ဟရမ်းအဲ့က ဆုတောင်းပေးသည်။ ချင်းနှစ်သစ်ကူး(Fang Er)ပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော အသင်းများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဖလမ်းလူငယ်များက ဖလမ်းမြို့နယ်အတွင်း မျိုးနွယ်စုများ၏ ရိုးရာအကများဖြစ် ကပြဖျော်ဖြေခဲ့ကြသည်။ ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို အိမ်တွင်း၊ ရွာတွင်းရှိ နတ်ဆိုးများနှင့် မကောင်းဆိုးရွားများနှင်ထုတ်ခြင်း၊ နှစ်သစ်အတွက် ဖျားနာခြင်း၊ သေဆုံးခြင်းနှင့် အခြားကပ်ဆိုးများမှ ကင်းဝေးပြီး ကျန်းမာချမ်းသာစွာနေထိုင်နိုင်ရေး၊ နှစ်သစ်မှာ မိုးကောင်းပြီးစိုက်ပျိုးသီးနှံအထွက်ကောင်းစေရန်၊ ဥစ္စာဓနပေါကြွယ်ဝစေရန်၊ ရပ်ရွာအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်စေရန် စသည်တို့အတွက် ယဇ်ပူဇော်ကာ ဆုတောင်းခြင်းများ ပြုလုပ်သည့် ပွဲတော်လည်း ဖြစ်သည်။

ရိုးရာနှစ်သစ်ကူးပွဲတော်ကို နေရာဒေသ၊ မျိုးနွယ်စုအလိုက် အခေါ်အဝေါ်၊ ပွဲတော်ကျင်းပချိန်၊ ကျင်းပပုံတို့သည် အနည်းနဲ့အများ ကွဲပြားနေသော်လည်း ပွဲတော်၏အနှစ်သာရနှင့် အထိမ်းအမှတ် လက္ခဏာမှာ အတူတူပင်ဖြစ်သည်။ ပွဲတော်ကို နှစ်စဉ် လကိုအခြေခံပြီး သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်များတွင် ကျင်းပလေ့ရှိသည်။ ချင်းရိုးရာပွဲတော်ကို ဟားခါးနှင့် ထန်တလန်မြို့နယ်များက ထအို(Tho)ဟုလည်းကောင်း၊ ဖလမ်းမြို့နယ်က ဖန်အဲရ်(Fang Er) ဟုလည်းကောင်း၊ တီးတိန်နှင့် တွန်းဇန်မြို့နယ်များက ခွာဒို(Khua Do) ဟုလည်းကောင်း အသီးသီးခေါ်ဝေါ်ခဲ့ကြကြောင်းသိရသည်။ အခမ်းအနားတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူငယ်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**





Social Pack
MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook. Instagram. Viber. LINE
1Kyat/MB
LINE
၁ ရက်
၁ ပတ်
၁ လ
*3001#
199 KS
*3002#
999 KS
*3003#
3999 KS
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၃) မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ-၉-၁၀-၂၀၁၇ရက်မှ ၉-၁၁-၂၀၁၇ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ-၁၀-၁၁-၂၀၁၇ ရက် ၁၀ နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် ၁၅၀၀၀ိ/ နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၄၅)၊ ဖြည့်တင်း/ထောက်ပံ့ဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၂၅၁၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦများဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ အပ်နှံသော အခြေခံပညာဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ အဆောက်အဦများအသစ်ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာဦးစီးဌာန (၁၅) ခု
(ခ) ကုသရေးဦးစီးဌာန (၈) ခု
(ဂ) တိုင်းရင်းဆေးပညာဦးစီးဌာန (၆) ခု

၂။ **တင်ဒါလျှောက်လွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၁၇
**အချိန်** - ၉:၃၀ နာရီမှ ၁၆:၃၀ နာရီထိ
**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၅-၁၁-၂၀၁၇/၁၆:၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၆-၁၁-၂၀၁၇/၁၀:၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူးရုံး**
**လမ်းဦးစီးဌာန**
**ချင်းပြည်နယ်၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၁၀၃၃**
**၀၇၀-၂၂၃၅၈**

**တင်ဒါကော်မတီ**

## မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စု အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Myanmar Kyauk Phyu SEZ Holding Public Co.,Ltd.) ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြည်သူများသို့တင်ပြခြင်း

မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စု အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Myanmar Kyauk Phyu SEZ Holding Public Co.,Ltd.) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ၊ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၃၀၃၈/၂၀၁၇-၂၀၁၈(ရက) (၂၅-၉-၂၀၁၇)ဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စု အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် အကျိုးပြုရန်ရည်ရွယ်ချက်ဖြင့် အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အကြောင်းအရာများကို ဆက်လက်အသိပေးကြော်ငြာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီ၏ ရုံးခန်းမှာ အခန်း (၁)၊ (၃)လွှာ၊ Cooperate Business Centre၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စု**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ သဲကွင်းမြေကွက်(၁)ကွက်နှင့် သိုလှောင်ရုံ(၁)လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီးမှ သဲကွင်းမြေကွက်(၁)ကွက်နှင့် သိုလှောင်ရုံ(၁)လုံး**

Lot(1) သဲကွင်းမြေကွက်အမှတ်(B) (အလျား ၁၅၀ပေ × အနံ ၃၀ပေ) စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
Lot(2) သိုရုံ-၁၃/၁၄(၂)လုံးတွဲ(၁)လုံး(အလျား ၁၂၀ပေ×အနံ၁၀၀ပေ×အမြင့် ၁၅ပေ) (သွပ်၊ သွပ်၊ ကွန်) နာဂလိုဏ်ဂူဝင်း၊ မရမ်းကုန်းမြို့နယ်

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၇ ရက်မှ ၁၅-၁၁-၂၀၁၇ ရက်ထိ
**အချိန်** - နံနက် ၉:၃၀နာရီမှ ၁၆:၃၀နာရီထိ
(ခ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁၆-၁၁-၂၀၁၇ရက် ၁၂:၀၀နာရီ
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၇ရက် မွန်းလွဲ ၁၃:၀၀နာရီ
(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့
(င) **Deposit ပေးသွင်းနိုင်မည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက် ပုံစံတွင်ဖော်ပြထားပြီး ဖြစ်ပါသည်။
(စ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်

၂။ အဆိုပါ သဲကွင်းမြေကွက်(၁)ကွက်နှင့် သိုလှောင်ရုံ(၁)လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း ၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ပြင်ဆင်ချက်

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (၃-၁၀-၂၀၁၇) ရက်ထုတ် သတင်းစာများ၌ လျှောက်လွှာခေါ်ယူခဲ့သည့် ရာထူးနေရာများတွင် အမှတ်စဉ်(က)ပါ ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) ရာထူး ၁၂၁ နေရာအတွက် ပညာအရည်အချင်း သတ်မှတ်ချက်တွင် ဖော်ပြထားသောဘွဲ့များအပြင် B.Comm.H, B.Sc (Food Technology), B.Sc (Biotechnology) ဘွဲ့များအားလည်းကောင်း၊ အမှတ်စဉ်(ခ)ပါ ဆေးဘက်ကျွမ်းကျင်-၂(ဆေးဝါး)(လစာနှုန်းကျပ် ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) ရာထူး ၁၈၃ နေရာအတွက် ပညာအရည်အချင်း သတ်မှတ်ချက်တွင် ဖော်ပြထားသောဘွဲ့အပြင် M.Sc(Chemistry), M.Sc(Industrial Chemistry), M.Sc(Botany) ဘွဲ့များအားလည်းကောင်း လျှောက်ထားနိုင်ပါကြောင်း ပြင်ဆင်ကြေညာအပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ် ၇၄၊ ဦးပိုင်အမှတ် ၆၂၅၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ နေအိမ်မြေကွက်အတွက် မြို့မြေနေရာချထားရေးကော်မတီ၏ ၈-၁၁-၂၀၀၆ ရက်စွဲပါစာအမှတ် ၁/၁-၁/မြို့မြေနေရာချထားရေးဖြင့် ဒေါ်နှင်းနှင်းလွင် အမည်သို့ ခွင့်ပြုချထားပေးခဲ့သည့်မြေကွက်ကို ၄-၄-၂၀၀၇ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အရ ဒေါ်နှင်းနှင်းလွင်ထံမှ ဒေါ်ကေသွယ်ဦး ၁/မကန(နိုင်)၀၄၂၅၁၇က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၏ "ဒဂုံ(မြို့သစ်)ဆိပ်ကမ်းမြို့နယ်ငါးပိ၊ငါးခြောက်၊ ငံပြာရည်နှင့် အနှံလုပ်ငန်း စီမံကိန်းဇုန်တွင်66/11kV10MVAဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ 66kV မဟာဓာတ်အားလိုင်း (၃၅) မိုင်ခန့် တည်ဆောက်ခြင်းလုပ်ငန်း"ကိုတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်း နိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက် (Instructions to Tenderers ) နှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁၆-၁၀-၂၀၁၇)ရက်နေ့မှ (၂၆-၁၀-၂၀၁၇)ရက်နေ့အထိ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၁၂)ထပ်ခွဲရုံး၊အခွန်ဌာနတွင်ဝယ်ယူနိုင်ပါကြောင်း၊ (၁၇-၁၁-၂၀၁၇)ရက်နေ့ ညနေ ၁၅:၃၀ နာရီနောက်ဆုံးထားပြန်လည်တင်သွင်းရန် ဖြစ်ပါကြောင်း၊ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်အချက် အလက်များသိရှိလိုပါက ဖော်ပြပါရုံးသို့လည်းကောင်း၊ တယ်လီဖုန်းနံပါတ်(၀၉-၂၆၅၄၀၈၅၀၃)သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့် | | | | | လျှောက်ထားသည့်ကိစ္စ |
|---|---|---|---|---|---|---|---|
| | | မြို့ | ရပ်/ကျေး | ကွင်း | ဦးပိုင် | ဧက | |
| ၁ | ဦးလေးမောင် | ပုသိမ် | ရပ်ကွက်(၁၅) | ၁၆၃ဘီ | က၃၉/၃ | ၀.၁၉ | မြေငှားဂရန်အသစ် |
| ၂ | ဦးကျော်မင်း | ပုသိမ် | ရပ်ကွက်(၁၂) | ၆၆က | အေ-၁ | ၀.၀၅၅ | မြေငှားဂရန်သက်တမ်းတိုး |
| ၃ | ဦးမြင့်သူ | ပုသိမ် | ရပ်ကွက်(၃) | ၂၈ | ၄၉-က | ၀.၀၃ | ဂရန်အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁-ခ)၊ ဦးပိုင်အမှတ် (၁၂၁)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဗိုလ်မှူးခင်မြင့် အမည်ဖြင့် (၅-၅-၂၀၀၄ မှ ၄-၅-၂၀၁၉)ရက်အထိ (၁၅)နှစ် မြေငှားဂရန်သက်တမ်းရှိ နေအိမ်မြေကွက်ကို မူလမြေဂရန်အမည်ပေါက်သူ ဗိုလ်မှူးခင်မြင့်ထံမှ ဒေါ်မေရီက ၁၈-၆-၂၀၀၈ရက်တွင်လည်းကောင်း၊ ဒေါ်မေရီထံမှ ၁၈-၆-၂၀၀၉ရက်တွင် ဒေါ်မိုးမိုးဆွေကလည်းကောင်း၊ ဒေါ်မိုးမိုးဆွေထံမှ ၈-၃-၂၀၁၂ရက်တွင် ဒေါ်ရွှယ်အောင်ကလည်းကောင်း၊ ဒေါ်ရွှယ်အောင်ထံမှ ၅-၁၂-၂၀၁၂ရက်တွင် ဒေါ်မလန်လု ၁/မကန(နိုင်)၁၀၂၉၁၂ ကလည်းကောင်း ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ၁-၈-၂၀၁၇ရက်စွဲပါ ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ်(၂၇၁/၂၀၁၇) ပြုဆိုတင်ပြလျက် ဒေါ်မလန်လုအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းအသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6145 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ဃ/၃၃၉၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/3298 Daihatsu Hijet S200P p/u ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၅/အတန(နိုင်)၀၄၅၆၆၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ်တွင်ဆက်လက်၍ အသုံးမပြုလိုတော့သော အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုသဖြင့် ချိတ်ပိတ်တင်ဒါကို ဖိတ်ခေါ်အပ်ပါသည်။ ရောင်းချမည့် ပစ္စည်းများအား အမျိုးအစား ၆ မျိုးခွဲ၍ ရောင်းချမည်ဖြစ်သည်။

၁။ ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများ
၂။ မော်တော်ယာဉ် အပိုပစ္စည်းများ (အသစ်၊ပီနံကျ)
၃။ အိမ်အသုံးအဆောင် ပစ္စည်းများ
၄။ ကားဂပ်ရှေ့ ထွက်ပစ္စည်းများ
၅။ မီးစက်နှင့် အခြားအထွေထွေ ပစ္စည်းများ
၆။ Toyota Hiace Super Custom, 1997, 165,xxx Km

(ရောင်းချမည့်မော်တော်ယာဉ်ကို အောက်ဖော်ပြပါ ကြည့်ရှုစစ်ဆေးရမည့် နေ့ရက်/အချိန် အတိုင်း- အမှတ် (ဇ) ၁၂-၃၊ ဘုန်းကြီးကျောင်းလမ်း၊ (၈) ရပ်ကွက်၊ နယ်မြေ ၁၂၊ လားရှိုးမြို့ တွင်ကြည့် ရှုနိုင်ပြီး အောက်ဖော်ပြပါ သတ်မှတ် နေ့ရက်/အချိန် အတိုင်း တင်ဒါတင်ခြင်း နှင့် ဖွင့်ခြင်းကို လားရှိုးမြို့ (သို့) ရန်ကုန်မြို့တွင်လည်း ပြုလုပ်နိုင်သည်)

**ရောင်းချမည့် ပစ္စည်းများအား ကြည့်ရှုစစ်ဆေးရန် နေ့ရက်/အချိန်-၂၀-၁၀-၂၀၁၇ နှင့် ၂၃-၁၀-၂၀၁၇**
**နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ အတွင်း။**

တင်ဒါပုံစံ နှင့် တင်ဒါစည်းကမ်းများကို ဖော်ပြပါပစ္စည်းများကြည့်ရှုစစ်ဆေးရမည့် အမှတ်-၃၂၊ ဖန်ချက်ဂန်ဦးရွှေအိုးလမ်း၊ လှိုင်သာယာစက်မှုဇုံ (၂) တွင် ပစ္စည်းများကြည့်ရှုစစ်ဆေးချိန်၌ တပါတည်းထုတ်ယူနိုင်ပါသည်။

**တင်ဒါတင်ရမည့်နေ့ရက်/အချိန် – ၂၃-၁၀-၂၀၁၇ နံနက် ၉:၀၀ နာရီမှ ညနေ ၄:၃၀ နာရီ အတွင်း။**
**တင်ဒါဖွင့်မည့်နေ့/အချိန်- ၂၄-၁၀-၂၀၁၇ နံနက် ၁၀ နာရီ။**

တင်ဒါတင်ရန် နှင့် တင်ဒါဖွင့်မည့် နေရာ လိပ်စာမှာ- 5/59 အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 011221308, 018551264, 018550820.

## ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ကြောင်း ဒေါ်ဒွေးဒွေးဝင်းနှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးပြည့်မင်းသူရ (ဘ)ဦးမြင့်ဆွေ ၉/ပမန(နိုင်)၂၁၅၆၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ မိတ္ထီလာမြို့၊ ရေဝေအုတ်ကျင်းရပ်ကွက်၊ နယ်မြေ(၁)နေ ဒေါ်ဒွေးဒွေးဝင်း (ဘ)ဦးတင်မောင် ၉/မထလ(နိုင်)၂၅၁၆၆၆နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် ဒေါ်ဒွေးဒွေးဝင်းတို့သည် ၂၆-၅-၂၀၁၂ ရက်တွင် တရားဝင်လက်ထပ်ခဲ့ကြပြီး အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြရာ ထိုနှစ်တွင်ပင် ရင်သွေးတစ်ဦးထွန်းကားခဲ့ပါသည်။ ထိုသို့နေထိုင်လာပြီးနောက် ၂၀၁၇ ခုနှစ် မေလတွင် ဦးပြည့်မင်းသူရ အစာအိမ်ဝေဒနာအပြင်းအထန်ခံစားခဲ့ရချိန်မှစ၍ ဒေါ်ဒွေးဒွေးဝင်းသည် ပြဿနာအမျိုးမျိုးရှာကာ မယားဝတ္တရားပျက်ကွက်ခဲ့ပါသည်။ ထိုသို့ နေထိုင်လာကြပြီးနောက် ၈-၁၀-၂၀၁၇ ရက်တွင် ဦးပြည့်မင်းသူရနှင့် ဒေါ်ဒွေးဒွေးဝင်းတို့ မန္တလေးမှအပြန် ပြဿနာတက်ကြပြီး ဒေါ်ဒွေးဒွေးဝင်းသည် မိတ္ထီလာမှ ၎င်း၏မိဘအိမ်သို့ ပြန်သွားခဲ့ပါသည်။ ထိုပြဿနာများနှင့်ပတ်သက်၍ မျက်နှာချင်းဆိုင်ဖြေရှင်းကြရန် ၉-၁၀-၂၀၁၇ ရက် နံနက် ၈ နာရီတွင် ကန်ဦးအုပ်ချုပ်ရေးမှူးရုံး၌ ချိန်းဆိုထားကြရာ ဒေါ်ဒွေးဒွေးဝင်းမှ မွန်းလွဲ ၂ နာရီအထိ ရောက်မလာခဲ့ရာ စိတ်ထိခိုက်မှုကြောင့် ဦးပြည့်မင်းသူရ၏ ကျန်းမာရေးပြန်လည်ဆိုးရွားလာပြီး ဆေးရုံတွင်ကုသမှုခံယူခဲ့ရပါသည်။ ထိုနေ့ညနေတွင် ဦးပြည့်မင်းသူရ၏ မိသားစုတစ်စုလုံး ဆေးရုံတွင်ရှိနေစဉ် ဒေါ်ဒွေးဒွေးဝင်း၏ အစ်ကိုနှစ်ဦး၊ အစ်မနှင့်ခဲအိုတို့က ဦးပြည့်မင်းသူရ၏ အစ်မတစ်ဦးတည်းရှိနေစဉ် အိမ်သို့ကျော်နင်း၍ ကလေးကို အတင်းလုယူသွားခဲ့ကြပါသည်။ ထိုသတင်းကို ဦးပြည့်မင်းသူရ သိရချိန်တွင် ကျန်းမာရေးအခြေအနေပိုမိုဆိုးရွားလာသဖြင့် လူကြီးမိဘများဦးဆောင်၍ ဒေါ်ဒွေးဒွေးဝင်းနှင့် ကလေးကို တောင်းတောင်းပန်ပန်ဖြင့် လိုက်လံခေါ်ငင်ရာ ပြန်လိုက်လာခဲ့ပြီး ထိုနေ့ညတွင်ပင် ဒေါ်ဒွေးဒွေးဝင်းမှ ၎င်း၏ မိဘများအိမ်သို့ ပြန်လည်ဆင်းသွားသောကြောင့် ဦးပြည့်မင်းသူရဘက်မှဆက်သွယ်ရာ အဆက်အသွယ်ဖြတ်သွားပါသည်။ လင်ယောကျ်ားမကျန်းမာစဉ် လင်ယောကျ်ားအား စွန့်ပစ်သွားသည်ဟုယူဆရပါသောကြောင့် ဦးပြည့်မင်းသူရမှလည်း လင်ခန်းမယားခန်းပြတ်စဲ၍ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဒွေးဒွေးဝင်းနှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ဖြိုးမောင်မောင် LL.B, LL.M (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၁၈၄၉**
**အမှတ် ၁၈၉၊ လမ်း ၈၀၊ ၁၉×၂၀လမ်းကြား၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၉၇၁၇၂၇၁၁၊ ၀၉-၉၇၀၁၀၉၀၁၀**

## 'မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအရည်အသွေးကို တိုးတက်စေခြင်း'

INTERMACH MYANMAR
Your Key to Better Business

MANUFACTURING Myanmar 2017

Friday - Sunday
**20-22 OCTOBER 2017**
MEP at Mindama YANGON




**Myanmar's Largest International Manufacturing Machinery, Equipment, Materials, Services and Subcontracting Event**

မြန်မာနိုင်ငံ၏ အကြီးဆုံး နိုင်ငံတကာ ကုန်ထုတ်လုပ်ရေးစက်ပစ္စည်းများ၊ ကိရိယာ၊ ကုန်ကြမ်းပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းအစိတ်အပိုင်း အပ်နှံမှုဆိုင်ရာအခမ်းအနား

Organised by
စီစဉ်သည်
UBM

Supported by
ထောက်ပံ့ပေးသည်
Ministry of Industry SMEs Development Department
MIA
Myanmar Engineering Society

Incorporating
ပူးပေါင်းဆောင်ရွက်သည်
TOOLS & HARDWARE Myanmar 2017

Co-located with
အတူတကွ ကျင်းပသည်
SUBCON MYANMAR

UBM Myanmar
Tel: +95 1512 887 (Ext: 503)
Fax: +95 1513 519
- www.intermachmyanmar.com
- www.manufacturingmyanmar.com

Please note: Open to trade professional only. Minors below the age of 16 years are NOT allowed admission.
အသက် (၁၆)နှစ်အောက်ရှိသူများကို ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

MIDA
MYANMAR INVESTORS DEVELOPMENT ASSOCIATION

## စိတ်ဝင်စားသောကုမ္ပဏီများ ကန်ထရိုက်တာများသို့ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Investors Development Association – MIDA) ၏အဖွဲ့ဝင်အများပိုင်ကုမ္ပဏီများ အကောင်အထည်ဖော်နေသော စီမံကိန်းများတွင် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ၊ မြေယာပြုပြင်ရေးလုပ်ငန်းများ၊ လမ်းတံတားဆောက်လုပ်ရေးလုပ်ငန်းများနှင့် အဆောက်အဦး ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရမည့် အခွင့်အလမ်းများစွာရှိရာ အဆိုပါ လုပ်ငန်းများကို စိတ်ဝင်စားသော ကုမ္ပဏီများ၊ ကန်ထရိုက်တာများအနေနှင့် MIDA သို့ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ : ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်၊ သမဝါယမလုပ်ငန်း ဗဟိုဌာန၊ ၅-လွှာ။**

တရားဝင်ဖိတ်ကြားမှုကို အသေးစိတ်သိရှိလိုပါက MIDA Website : www.myanmarida.com တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

MIDA ရုံး
၁၅/၁၀/၂၀၁၇ နေ့စွဲ။





### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/5880 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မြင့်ဦး ၁၀/မဒန(နိုင်)၁၂၃၂၃၈ ၏ Passport No (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းသူ ၁၀/ကထန (နိုင်)၁၃၁၆၄၈၏ Passport No (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၆၆၃၆၇၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထော်ရွှတ် ၁၀/ရမန (နိုင်) ၁၆၅၈၄၉ ၏ Passport No (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ မခင်ဌေးမြင့် ၉/ပဘန(နိုင်)၀၂၈၈၆၆နှင့် မောင်မြတ်မောင် ၁၃/တကန(နိုင်) ၀၈၂၁၇၅တို့သည် ၂၀၁၆ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယခုအခါ ကျွန်မတို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၂၅-၉-၂၀၁၇ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မခင်ဌေးမြင့် ၉/ပဘန(နိုင်)၀၂၈၈၆၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းဝင်း ၆/ရဖန(နိုင်)၁၉၆၆၂၉ ၏ Passport No (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်ဆုရှ်ဆာသီး(ခ)ဂုလ်ဂျာရိယာ (၇/ဖမန(နိုင်)၁၉၆၆၆၂) ၏ သားဖြစ်သူ မောင်ဘီနိုးကူမာရ် (၇/ဖမန(နိုင်)၁၂၂၂၂၂) သည် မိဘတို့၏ဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောကိစ္စများ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စ အဝဝအားလည်း လုံးဝ (လုံးဝ) တာဝန်မယူပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ဆုရှ်ဆာသီး(ခ)ဂုလ်ဂျာရိယာ (၇/ဖမန(နိုင်)၁၉၆၆၆၂)**

# ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို မလျှော့သောဇွဲလုံ့လဖြင့် နည်းလမ်းရှာဖွေရန်နှင့် ကြိုးပမ်းဆောင်ရွက်သွားရန် ခိုင်မာစွာဆုံးဖြတ်ထား

**ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်မှ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ Arria Formula အစည်းအဝေးတွင် မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည့် မိန့်ခွန်း (၁၃- ၁၀-၂၀၁၇ )**

**သဘာပတိကြီးခင်ဗျား**

ရှင်းလင်းပြောကြားပေးသည့်အတွက် ဒေါက်တာ ကိုဖီအာနန်အား ကျေးဇူးတင်ရှိပါတယ်။

ရခိုင်ပြည်နယ်ရဲ့လွန်စွာခက်ခဲသည့် ပြဿနာတစ်ခုအားဖြေရှင်းရန် ပြီးခဲ့သည့် ၁၂ လ ကျော်ကာလအတွင်း ဒေါက်တာကိုဖီအာနန်အနေဖြင့် မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်ပြည်နယ် ရေရှည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးနည်းလမ်းကိုရှာဖွေရန် ဒေါက်တာကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်သူများ၊ ဒေသတွင်းနှင့် ဒေသပြင်ပရှိ သက်ဆိုင်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။

ဒေါက်တာ ကိုဖီအာနန်ရဲ့ ယနေ့ရှင်းလင်းပြောကြားမှုဟာ ကိုယ်တိုင်မြင်တွေ့ရသည့် အရင်းအမြစ်ကရရှိသော သတင်းအချက်အလက်များနှင့် သေချာစွာ သုတေသနပြုထားသည့် အချက်အလက်များကိုအခြေခံ၍ ပြောကြားခြင်းဖြစ်ပါတယ်။ ၎င်း၏ရှင်းလင်းပြောကြားမှုဟာ မိမိတို့အကြိမ်ကြိမ် ကြားနေရသည့် ယထာဘူတကျမှုမရှိသည့် ရှင်းလင်းပြောကြားမှုများနှင့် လွန်စွာကွာခြားပါတယ်။

ဒေါက်တာကိုဖီအာနန်အနေဖြင့် ရခိုင်ပြည်နယ်ကိစ္စသည် မည်မျှရှုပ်ထွေးပြီး၊ စိန်ခေါ်မှုများရှိသည့်ကိစ္စ၊ နိုင်ငံတကာ၏ အာရုံစိုက်မှုဖြစ်လာရသည့် အကြောင်းအရင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အကောင်းဆုံးဖြစ်နိုင်သည့် နည်းလမ်းများအပေါ် ကောင်းစွာ သိရှိနားလည်သည်ကို ၎င်း၏ ရှင်းလင်းပြောကြားမှုက ထင်ဟပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံရင်ဆိုင်နေရသည့် စိန်ခေါ်မှုက လွန်စွာ ကြီးမားပါတယ်။ မကြာမီက ဖြစ်ပျက်ခဲ့မှုများက ဤအခြေအနေကို ပိုမိုရှုပ်ထွေးစေပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၁*



ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ရှင်းလင်းပြောကြားစဉ်

# Miss Global Myanmar 2017 အလှမယ်သရဖူဆု အလှမယ် Lang Jaw Hkawn San ဆွတ်ခူးရရှိ




**တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန်　အောက်တိုဘာ　၁၄**

Miss Global Myanmar 2017 ပြိုင်ပွဲကို ယနေ့ ည ၇နာရီက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။ Winner ဆုကို အလှမယ် Lang Jaw Hkawn San က ရရှိပြီး 1st Runner Up ဆုကို အလှမယ် ချိန့်ဝလာက လည်းကောင်း၊ 2nd Runner Up ဆုကို အလှမယ် နန်းကြယ်စင်ကလည်းကောင်း အသီးသီးရရှိသည်။

ပြိုင်ပွဲတွင် Title ဆုများကို ရွေးချယ်ချီးမြှင့်ရာတွင် Best Photogenic Award ဆုကို အလှမယ် ဧကရီက လည်းကောင်း၊ Best Talent Award ဆုကို အလှမယ် နန်းကြယ်စင် က လည်းကောင်း၊ People Choice Award ဆုကို အလှမယ် ခင်မွန်မွန်သန့်က လည်းကောင်း၊ Best Style Award ဆုကို အလှမယ် ရွှေရွှေနောင်က လည်းကောင်း၊ Best Body Beauty Award ဆုကို အလှမယ် ရတီထက် က လည်းကောင်း၊ Best Charity Award ဆုကို အလှမယ် ဝသုန်နွယ်က လည်းကောင်း အသီးသီးရရှိကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁*



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များအပေါ် ထောက်ခံကြောင်းနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားတို့၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချသည့်အခမ်းအနား ကျင်းပ

စာမျက်နှာ-၁၀

## အီရတ်တပ်ဖွဲ့၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရန် ကာကွတ်သို့ ကာ့ဒ်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ စေလွှတ်

စာမျက်နှာ-၁၄

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော်　အောက်တိုဘာ　၁၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ စစ်တောင်းမြစ်ရှိ တောင်ငူမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော်　အောက်တိုဘာ　၁၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်။ (မိုး/ဇလ)

